# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် ၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက်၊ အင်္ဂါနေ့ အတွဲ (၆၀)၊ အမှတ် (၁၉၉)


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)

# မာရဝိဇယ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ သတ္တမအကြိမ် ပင့်ဆောင်ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၉

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် မာရဝိဇယ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်ကောင်စီနယ်မြေသို့ သတ္တမအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၌ ကျင်းပသည်။




မာရဝိဇယ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်ကောင်စီနယ်မြေသို့ သတ္တမအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပစဉ်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် ပါဠိ- နယူပဒေသကျောင်း ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပါဠိ- နယူပဒေသကျောင်း ဆရာတော် အမှူးပြုသော သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နာယူကြည်ညိုကြသည်။

ဆက်လက်၍ ပထမဦးဆုံး ထွက်ခွာမည့် မာရဝိဇယထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများအား ဆရာတော်ကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻


**ပြည်သူတွေ သတင်းအဆိပ်သင့်ခြင်းမှ ကင်းဝေးပါစေ** ဆောင်းပါး စာ ၆

**COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ** စာ ၁၅

**နှစ်ကူးဆုတောင်းနှင့် ကောင်းမွန်သော အနာဂတ်** ဆောင်းပါး စာ ၁၈


**မှတ်သားဖွယ်ရာ မိုးရေချိန်များ** ၁၉-၄-၂၀၂၂

| | |
|---|---|
| ကော့သောင်းမြို့ | ဘားအံ(စိုက်ပျိုးရေး) |
| ၂ ဒသမ ၄၄ လက်မ | ၀ ဒသမ ၅၁ လက်မ |
| သထုံမြို့ | ရန်ကုန်(မြို့လယ်) |
| ၁ ဒသမ ၆၅ လက်မ | ၀ ဒသမ ၄၇ လက်မ |
| ပေါင်မြို့ | မိုးကောင်းမြို့နယ် |
| ၀ ဒသမ ၇၉ လက်မ | ၀ ဒသမ ၃၉လက်မ |
| ချောင်းဆုံမြို့ | ဟုမ္မလင်းမြို့ |
| ၀ ဒသမ ၆၃ လက်မ | ၀ ဒသမ ၃၉ လက်မ |
| ပင်လောင်းမြို့ | ရန်ကုန်(ကမ္ဘာအေး) |
| ၀ ဒသမ ၅၁ လက်မ | ၀ ဒသမ ၃၆လက်မ |

မြန်မာ့အလင်း

# ပြည်တွင်းဈေးကွက်အတွက် ပြည်တွင်းထုတ်ကုန်

မြန်မာနိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး အဓိက စီးပွားရေးအဖြစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ယင်းတို့နှင့် ဆက်စပ်နေသည့်လုပ်ငန်းများဖြင့် အသက်မွေးကြသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမှာလည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်တို့အပေါ်တွင် အခြေစိုက်ထားခြင်းဖြစ်သည့်တိုင်အောင် ဒေသတွင်း နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ခေတ်နောက်ကျကျန်နေဆဲ၊ ယှဉ်ပြိုင်နိုင်စွမ်းနည်းပါးနေဆဲလည်း ဖြစ်သည်။

ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်ကြသည့် မြေပဲ၊ နှမ်း၊ နေကြာ စသည့်သီးနှံများကို စိုက်ပျိုးနိုင်သော်လည်း ပြည်ပမှ စားသုံးဆီအမြောက်အမြားတင်သွင်းနေရခြင်းကို သာဓကတစ်ခုအဖြစ် တွေ့မြင်နိုင်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ခန့်ကနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံတွင် လူဦးရေအားဖြင့် တိုးလာသလို လူတစ်ဦးချင်း ဆီစားသုံးမှုမှာလည်း နှစ်ဆခန့် တိုးလာခဲ့သည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံသားတစ်ဦးသည် တစ်နှစ်လျှင် ဆီခြောက်ပိဿာခန့် စားသုံးနေသည့်အတွက် နှစ်စဉ်စားသုံးဆီ လိုအပ်ချက်မှာ တန်ချိန်တစ်သန်းခန့် ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုမှာ ပဲဆီတန်ချိန် သုံးသိန်းခန့်နှင့် နှမ်း၊ နေကြာနှင့် အခြားဆီထုတ်လုပ်မှုတန်ချိန် တစ်သိန်းခန့် စုစုပေါင်း တန်ချိန်လေးသိန်းခန့်ရှိသည့်အတွက် ပြည်ပမှ ဆီတန်ချိန် ခြောက်သိန်းခန့် နှစ်စဉ်တင်သွင်းနေရကြောင်း သိရသည်။ မိမိတို့တွင် ထုတ်လုပ်နိုင်သည့် အခြေခံများရှိနေသည့်တိုင်အောင် ပြည်ပမှ ဆီတင်ပို့သည့် ဈေးကွက်ဘဝ ရောက်နေရခြင်းကို အဖြေရှာပြီး အခြေအနေကို ပြောင်းလဲပစ်နိုင်ရန် ကြိုးပမ်းကြရမှာဖြစ်သည်။

ထို့အပြင် ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် စားသောက်ကုန်များနှင့် လူသုံးကုန်များကို ပြည်ပမှ တင်သွင်းနေခြင်းကြောင့် ပြည်တွင်းမှ ထုတ်လုပ်သူများ ဈေးကွက်ပျောက်ဆုံးခြင်းနှင့် ကုန်ထုတ်လုပ်မှုကို ထိခိုက်နစ်နာစေသကဲ့သို့ ပြည်တွင်းအလုပ်အကိုင်များ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ရသည့် အခြေအနေများကိုလည်း ပြုပြင်ပြောင်းလဲရေးအတွက် အားထုတ်ကြရန်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ ဈေးများ၊ ကုန်တိုက်များ၊ စတိုးဆိုင်များအပါအဝင် စားသုံးသူဈေးကွက်များတွင် အိမ်နီးချင်းနိုင်ငံအချို့မှ ထုတ်လုပ်သည့် စားသောက်ကုန်များနှင့် လူသုံးကုန်များက လွှမ်းမိုးနေရာယူထားကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ၎င်းကုန်စည်အများစုမှာ မိမိတို့ပြည်တွင်း၌ ထုတ်လုပ်နိုင်စွမ်းရှိသော ပစ္စည်းများ၊ ထုတ်လုပ်လျက်ရှိသည့်ပစ္စည်းများက အများစုဖြစ်သည်။ သို့ရာတွင် ပြည်တွင်းထုတ်ကုန်များမှာ အချို့က အရည်အသွေး ပြည်ပကိုမမီ၊ အရည်အသွေးနှင့် အရသာတို့ ပြည်ပထုတ်ကုန်ထက်သာလွန်သော်လည်း ထုပ်ပိုးမှုက ဆွဲဆောင်မှု မရှိ၊ အချို့အရည်အသွေးတူသော်လည်း ဈေးနှုန်းတွင် မယှဉ်နိုင် စသည်ဖြင့် အားနည်းချက်တို့ ရှိနေသည်။ ပြည်တွင်းထုတ်ကုန်တို့ ဈေးကွက်သုတေသနပြုလုပ်ရန်၊ အရည်အသွေးထိန်းချုပ်မှု ပြုလုပ်ရန်၊ တီထွင်ဆန်းသစ်ရန် စသည့် လိုအပ်ချက်များ ရှိနေသည်ဟု ရှုမြင်မိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ပြင်ပမှဝယ်ယူသုံးစွဲနေမှုများအား လျှော့ချရန်လိုပြီး ပြည်တွင်း၌ ထုတ်လုပ်သုံးစွဲနိုင်မှသာလျှင် တိုင်းပြည်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ တိုင်းပြည်အတွက် လက်တွေ့ကျသော ထုတ်ကုန်ကဏ္ဍမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ခေတ်မီတိုးတက်အောင် လုပ်ဆောင်ရန်လိုအပ်ကြောင်း” ပြောကြားခဲ့သလို စိုက်ပျိုးရေးထုတ်ကုန်များ အရည်အသွေးမြှင့်တင်ရန်၊ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ပစ္စည်းချင်းတူလျှင် ဈေးနှုန်းသက်သာရန်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေးပိုမိုကောင်းမွန်ရန်အတွက် လည်း ပြောကြားခဲ့ရာ ပြည်တွင်းစားသောက်ကုန်နှင့် လူသုံးကုန်များထုတ်လုပ်မှုအတွက် လိုအပ်ချက်များဖြစ်သကဲ့သို့ လက်တွေ့ကျကျအကောင်အထည်ဖော်ခြင်းဖြင့် ပြည်တွင်းထုတ်ကုန်များ ပြည်တွင်းဈေးကွက်တွင် အခိုင်အမာနေရာယူလာမည်ဟု ယုံကြည်ပါကြောင်း။ ။

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာ ကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ် ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ အား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ် (၄) မျိုး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၁၉

ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် (၄) မျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တို့တွင် ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့ မြို့ဦးသီရိမင်္ဂလာကျောင်းတိုက်ရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ Covid- 19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဂန့်ဂေါမြို့နယ်အတွင်းရှိ သံဃာတော်များအတွက် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

ဂန့်ဂေါ မေ ၁၉

ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းပွဲကို ဂန့်ဂေါမြို့ သာသနာ့ဗိမာန်တော်၌ မေ ၁၈ ရက် ညနေပိုင်းက ကျင်းပသည်။

ဆက်ကပ်လှူဒါန်းပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့ခင်းသာပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဇဋိလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်အေးတို့နှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်များက မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်း၊ မြို့နှင့် ငါးမိုင်ဝန်းကျင်ရှိဘုန်းတော်ကြီးကျောင်း ၃၆ ကျောင်းအတွက် ဆွမ်းဆန်တော် ၁၄၂ အိတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

၁၄၄

## နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

နေပြည်တော် မေ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ(၃)စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www. issuu. com/myanmarnewspaper ၊ https:// www. moi.gov.mm/mal၊ https://www.moi.gov.mm/km နှင့် https://www.moi.gov.mm/nlm တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

○ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှား သင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

## စဉ်ဆက်မပြတ် လေ့လာအကဲဖြတ်၍ အတန်းတင်ပေးသည့်စနစ်အပေါ် ပြန်လည်ဆန်းစစ်ရန်လိုအပ်

ပညာရေးစနစ်၌ တန်းစဉ်ကူးပြောင်းမှု၊ အတန်းပညာတတ်မြောက်မှု များစွာနည်းပါးသည်ကို တွေ့ရကြောင်း၊ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်မြင်မှုမှာလည်း ရာခိုင်နှုန်းများစွာ နည်းပါးကြောင်း၊ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်မြင်မှု နည်းပါးရခြင်းမှာ ယခင် နဝမတန်း သင်ခန်းစာများကို တတ်မြောက်ခဲ့မှု နည်းပါးခဲ့၍ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် စဉ်ဆက်မပြတ် လေ့လာအကဲဖြတ်၍ အတန်းတင်ပေးသည့် စနစ်အပေါ် ပြန်လည်ဆန်းစစ်ရန် လိုအပ်နိုင်ကြောင်း၊ သို့ဖြစ်၍ ပညာရေးနှင့် ပတ်သက်ပြီး အမှန်တကယ် စာတတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍမြှင့်တင်ပေးနိုင်ရန် ဆရာ ဆရာမများကို အရည်အချင်းနှင့်အညီ ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆရာဝန်များလည်း အလားတူဖြစ်ပါကြောင်း၊ ဝန်ထမ်းများကိုလည်း သင့်လျော်သည့် ခံစားခွင့်ရအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ပဲခူးမြို့၌ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲကျင်းပ

**ပဲခူး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ပဲခူးမြို့၌အသက်(၈၅နှစ်)အထက် သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို မေ ၁၇ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကန်တော့ခံဘိုးဘွား ၃၀ အား တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် ပူဇော်ကန်တော့ခဲ့ပြီး ကန်တော့ခံ ဘိုးဘွားများကိုယ်စား အဘိုးဦးသိန်းဟန်က ဆုပေးစကား ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း အသက်(၈၅ နှစ်)အထက် အဘိုး ၁၀၇၄၉ ဦးနှင့် အဘွား ၁၆၁၅၆ ဦး စုစုပေါင်း ၂၆၉၀၅ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် နေအိမ်အရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**




## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက်
### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

* *ရှေ့ဖုံးမှ*

ထို့နောက် မာရဝိဇယထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများအား ပင့်ဆောင်ရန်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြပြီး မာရဝိဇယထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်လောင်းလျာ ပင်မကျောက်တော်ကြီးမှ တန်ချိန် ၅၇၀ ရှိ ရုပ်ပွားတော်အပိုင်း(၂)၊ တန်ချိန် ၆၃၃ တန်ရှိ ရုပ်ပွားတော်အပိုင်း (၃)တို့ကို တင်ဆောင်ထားသည့် Modular Trailer များသည် မင်္ဂလာအချိန်တွင် စတင်ပင့်ဆောင်ထွက်ခွာတော်မူကြရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် ပါဠိ- နယူပဒေသ ကျောင်းဆရာတော်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ တိုင်းမှူးနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က လက်ဆယ်ဖြာ ဦးထိပ်ထား၍ ကြည်ညိုကြသည်။ (ယာပုံ)

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ ကျေးရွာချင်းဆက်မြေသားလမ်းသစ်များဖောက်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ဘားအံ ဧပြီ ၁၉**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးသည် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ဦးစောခင်မောင်မြင့်၊ ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၉ ရက် နံနက်ပိုင်းက လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက် မြေသားလမ်းသစ်များ ဖောက်လုပ်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။ *(ဝဲပုံ)*

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည်ဘားအံမြို့နယ် အုန်းတစ်ပင်ကျေးရွာအုပ်စု၊ တောင်နားကျေးရွာမှ ကမော့ကစင်ကျေးရွာသို့ ကြာအင်းတောင်နှင့် ဖွဲကပင်တောင်ကြားလမ်း ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကမော့ကစင်ကျေးရွာ ရွာတွင်းမြေသားလမ်း ဖောက်လုပ်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ဥသျှစ်ကုန်း- နောင်ခလိုင် ကျေးရွာချင်းဆက်လမ်းလေးဖာလုံကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်နှင့် ကမော့ကစင်ကျေးရွာမှ သံလွင်တံတားထိပ် (ဘားအံဘက်ခြမ်း)ကို မကလယ်ဘုန်းတော်ကြီးကျောင်းရှေ့အထိ တာပေါင်ဖို့ မြေသားလမ်းဖောက်လုပ်ပေးနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇား တိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင်ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများကို ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ရန်ကုန်မြို့အတွင်း စိမ်းလန်းသာယာရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဧပြီ ၁၉**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့အတွင်း စိမ်းလန်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးသည်။

မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၈ နာရီတွင် မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်းတွင် ရေစီးရေလာစီမံခန့်ခွဲမှုဌာနမှ ဆောင်ရွက်နေသော အောင်သိဒ္ဓိချောင်း အမှိုက်များ ဆယ်ယူနေမှုလုပ်ငန်းကို စစ်ဆေးသည်။ ထိုသို့ စစ်ဆေးရာတွင် မြို့တော်ဝန်က ရန်ကုန်မြို့ စိမ်းလန်းသာယာရေးလုပ်ငန်းများအနက် ရေစီးရေလာလုပ်ငန်းသည် အရေးကြီးကြောင်း၊ ရေစီးရေလာ ကောင်းမွန်မှသာ မိုးရာသီကာလ ရေလျှံမှုကို ကာကွယ်နိုင်ပြီး လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန်သာမက ကူးစက်ရောဂါများကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း အောင်သိဒ္ဓိချောင်းသည်လည်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အရေးကြီးကြောင်း၊ ယခုဆောင်ရွက်နေသည့် အမှိုက်ဆယ်ယူရေးလုပ်ငန်းပြီးပါက ရေစီးဆင်းမှု ပိုမိုကောင်းမွန်စေရန် ချောင်းကမ်းအား ချဲ့၍ မြေထိန်းနံရံပြုလုပ်ရန်၊ ယခု ချောင်းရေလွှဲထားသော မြောင်းအပြင် ပိတ်နေသော ချောင်းရိုးကို ပြန်တူးဖော်ရန်နှင့် ရေကြီးရေလျှံမှုကို ကာကွယ်နိုင်ရေးအတွက် ဝန်းကျင်တွင် Detention Pond ထားရှိနိုင်ရေး ရွေးချယ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။



ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ရန်ကုန်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၈ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်း သီရိရတနာဈေးအနောက်ဘက် ရိုးလေးချောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်းခွင်သို့လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း ရေပေါက်ကြည်ချောင်းရေထိန်းတံခါးသို့ လည်းကောင်း၊ သာကေတမြို့နယ် မင်းနန္ဒာလမ်း ရွာဝဏ်ရိပ်သာအတွင်း စလင်းမြစ်ထွက်ပေါက်မှ အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုကို လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းမြောင်း ဆယ်ယူနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် ကမ်းနားလမ်း ပန်းဆိုးတန်းမြစ်ထွက်ပေါက်နှင့် ရွာသစ်ချောင်း မြစ်ထွက်ပေါက်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကမ်းနားလမ်းတွင် ညဈေးတန်းရှိနေခြင်းကြောင့် အမှိုက်များ မဝင်ရောက်စေရေး ညှိနှိုင်းဆောင်ရွက်ရန်၊ မြစ်ရေတက်၍ ရေတံခါးများ ပိတ်ထားချိန် မြို့တွင်းရေလျှံပါက ရေစုပ်ပန့်ဖြင့် စုပ်ထုတ်နိုင်ရေးဆောင်ရွက်ရန်၊ ရေစီးဆင်းမှုကောင်းမွန်စေရန်အတွက် ရေလမ်းကြောင်းဖော်ပေးရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်အတွင်းရှိ ရပ်ကွက်အချို့မှ ဒေသခံပြည်သူများနှင့် ပုသိမ်မြို့ အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း မိဘမဲ့ကလေးများစောင့်ရှောက်ရေးကျောင်းသို့ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများပေးအပ်



**နေပြည်တော် ဧပြီ ၁၉**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း သွားလာမှု ကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေ လှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်နှင့် အမှတ်(၈)ရပ်ကွက်များအတွင်းရှိ အိမ်ထောင်စု ၃၀၀၀ တို့အတွက် ဆန်၊ ဆီ၊ ပဲများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ (ဓါတ်ပုံ)

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများကလည်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း မိဘမဲ့ကလေးများစောင့်ရှောက်ရေးကျောင်းသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် (၄) မျိုးနှင့် စားသောက်ဖွယ်ရာများကို ယနေ့တွင် သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူတွေ သတင်းအဆိပ်သင့်ခြင်းမှ ကင်းဝေးပါစေ

**သူရိန်သော်**

• • • • • • • • • •

သတင်းဆိုတာ မိမိနဲ့ထိစပ်ပတ်သက်နေတဲ့ နေရာဒေသက ပုံမှန်ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ ထူးခြားတဲ့ အကြောင်းအရာတွေလို့ သတင်းစာဆရာတွေက ဆိုကြပါတယ်။ ရပ်ကွက်ထဲက ရန်ပွဲကနေ ကိုယ့်မြို့ ကိုယ့်ရွာက သာရေးနာရေး၊ ထူးခြားဖြစ်စဉ်တွေကနေစလို့ ကိုယ့်နိုင်ငံအတွင်းက ထူးခြားတဲ့အကြောင်းအရာ၊ ထင်ရှားကျော်ကြားတဲ့သူတွေ၊ ဩဇာအာဏာကြီးမားသူတွေရဲ့ လှုပ်ရှားမှုအခြေအနေ၊ ကမ္ဘာကြီးပေါ်က ထူးခြားတဲ့အကြောင်းအရာတွေက သတင်းတွေဖြစ်ပါတယ်။ ဒါပေမယ့် သတင်းတွေဟာ နေရာဒေသနဲ့ လူတွေရဲ့ စိတ်ဝင်စားမှုတွေအပေါ်လိုက်ပြီး တန်ဖိုးကွာခြားကြပါတယ်။ လူစိတ်ဝင်စားပြီး လူအများစုနဲ့သက်ဆိုင်တဲ့ သတင်းမျိုးတွေက သတင်းတန်ဖိုးမြင့်မားပြီး အဲဒီသတင်းကို သိလိုတဲ့သူကလည်း အများဆုံးဖြစ်ပါတယ်။

အဲဒီလို သတင်းတန်ဖိုးရှိတဲ့ သတင်းတွေကို သတင်းထောက်တွေက အမိကထားပြီး သတင်းရယူကြတယ်။ ရေးသားဖော်ပြကြတယ်၊ ရုပ်သံအဖြစ် ထုတ်လွှင့်ကြပါတယ်။ လူ စိတ်ဝင်စားတဲ့ အကြောင်းအရာတွေကို ဖော်ပြကြတဲ့အခါ လူတွေရဲ့ ခံစားချက်၊ လူတွေရဲ့ စိတ်ဝင်စားမှုအတိမ်အနက်က မြင့်လာလေလေ အဲဒီသတင်းနဲ့ ပတ်သက်တဲ့ နောက်ဆက်တွဲသတင်းတွေလည်း ထွက်လာတတ်ပါတယ်။ အဲဒီအခါ တိကျတဲ့အချက်အလက်မဟုတ်တော့ဘဲ ခန့်မှန်းထားတာတွေ၊ ချဲ့ကားထားတာတွေနဲ့ မဟုတ်မမှန်တဲ့အကြောင်းအရာတွေ ပါလာတတ်တော့တာပါပဲ။

> **“နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်တွေကို လျစ်လျူရှုကြဖို့အတွက် အဖျက်အုပ်စုက ပြည်သူတွေ ကြည့်ရှုလို့မရအောင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနဲ့ တပ်မတော်သတင်းမှန်ပြန်ကြားရေး၊ မြန်မာ့အလင်း၊ ကြေးမုံ စတဲ့ဖေ့စ်ဘွတ်စာမျက်နှာတွေကို ဖျက်ပစ်လိုက်ကြပါတယ်။ ဒါမှသာ အစိုးရနဲ့ ပြည်သူတို့အကြား သတင်းအချက်အလက် ပြတ်တောက်စေဖို့အတွက် ဖြစ်ပါတယ်။ နိုင်ငံရဲ့ အပြောင်းအလဲတစ်ရပ်ကို ဖြတ်သန်းနေကြတဲ့ ပြည်သူတွေအဖို့ သတင်းတွေကို သိရှိကြဖို့ ကြိုးစားတဲ့အခါ လုပ်ကြံထားတဲ့သတင်းတွေက သတင်းမှန်နေရာမှာ အစားထိုးလာကြတာကိုလည်း မြင်တွေ့ရပါတယ်”**

**ဆက်တိုက်လုပ်ဆောင်လာ**

လက်ရှိမြန်မာပြည်သူတွေ အများဆုံးခံစားနေကြရတာကလည်း သတင်းမှားတွေ၊ သတင်းအတုအယောင်တွေ၊ ချဲ့ကားထားပြီး မဟုတ်မမှန်အကြောင်းအရာတွေ False Hope ထည့်ထားတဲ့ သတင်းတစ်ဝက်မှန် တစ်ဝက်မှားတွေကြောင့်ပဲ ဖြစ်ပါတယ်။ ပြည်သူကို တပ်မတော်နဲ့ သွေးကွဲအောင်၊ လက်ရှိ တာဝန်ယူဆောင်ရွက်ပေးနေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လုပ်ဆောင်ချက်တွေ၊ ရှေ့ဆက်သွားမယ့် မူဝါဒတွေ၊ ရည်မှန်းချက်တွေကို ဆက်လက်လုပ်ဆောင်ဖို့ ခက်ခဲအောင် ပြည်သူတွေကို သွေးထိုးလှုံ့ဆော်ပြီး ဝါဒအမှား၊ အတွေးအခေါ်အမှားတွေကို အဲဒီလို သတင်းအယောင်ဆောင်ထုတ်လွှင့်သူတွေက ဆက်တိုက်လုပ်ဆောင်လာကြတာကိုလည်း မြင်တွေ့နေရပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်တွေကို လျစ်လျူရှုကြဖို့အတွက် အဖျက်အုပ်စု က ပြည်သူတွေကြည့်ရှုလို့မရအောင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနဲ့ တပ်မတော်သတင်းမှန်ပြန်ကြားရေး၊ မြန်မာ့အလင်း၊ ကြေးမုံ စတဲ့ ဖေ့စ်ဘွတ်စာမျက်နှာတွေကို ဖျက်ပစ်လိုက်ကြပါတယ်။ ဒါမှသာ အစိုးရနဲ့ ပြည်သူတို့အကြား သတင်းအချက်အလက် ပြတ်တောက်စေဖို့အတွက် ဖြစ်ပါတယ်။ နိုင်ငံရဲ့ အပြောင်းအလဲတစ်ရပ်ကို ဖြတ်သန်းနေကြတဲ့ ပြည်သူတွေအဖို့ သတင်းတွေကို သိရှိကြဖို့ ကြိုးစားတဲ့အခါ လုပ်ကြံထားတဲ့ သတင်းတွေက သတင်းမှန်နေရာမှာ အစားထိုးလာကြတာကိုလည်း မြင်တွေ့ရပါတယ်။ ဥပမာပြောရရင် အချို့သတင်းဌာနတွေဟာ သွေးဆူလွယ်တဲ့ နိုင်ငံရေးသမားတွေကို တွေ့ဆုံမေးမြန်းပြီး ပြည်သူတွေ သွေးအေးမသွားအောင် လှုံ့ဆော်တယ်။ ဆန္ဒပြတဲ့နေရာတွေမှာ အဖိတ်အစဉ်အသေအဆုံးတွေကို တိကျတဲ့စုံစမ်းမှုမလုပ်ဘဲ ဖော်ပြတယ်။ သေဆုံးသွားတဲ့ ဆန္ဒပြလှုပ်ရှားသူအချို့ရဲ့ နာရေးကို သတင်းကျင့်ဝတ်နဲ့မညီတဲ့ တင်ဆက်ပုံမျိုး၊ ပြည်သူတွေကို မျက်ရည်ချူတဲ့ တင်ဆက်မှုမျိုးတွေနဲ့ တင်ဆက်လာကြတယ်။ နောက်ပိုင်း ဆန္ဒပြပွဲတွေမှာ လူဦးရေနည်းပါးလာတဲ့အခါ လူအုပ်စုအနည်းငယ်ကို ကင်မရာမြင်ကွင်းအပြည့်ထည့်ပြီး လူများသယောင် ဖန်တီးတင်ဆက်လာကြတာကိုလည်း မြင်တွေ့ရပါတယ်။

> **“သတင်းတွေကို ဖတ်ရှုတဲ့အခါ သတိထားရမယ့် အချက်များစွာရှိပါတယ်။ အထူးသဖြင့် အွန်လိုင်းပေါ်က ဝက်ဘ်ဆိုက်တွေ၊ ဖေ့စ်ဘွတ်နဲ့ တွစ်တာက အကြောင်းအရာတွေကို တွေ့ရ မြင်ရ ကြားရတဲ့အခါ အလွယ်တကူပဲ ယုံကြည်မိလိုက်ကြတာ များပါတယ်။ လက်ရှိ ပြည်သူတွေကြားမှာ သတင်းအတုတွေ၊ တစ်ဝက်တစ်ပျက် အမှန်နဲ့အမှား ရောထွေးနေတဲ့ သတင်းတွေနဲ့ လုပ်ကြံဖန်တီးထားတဲ့ သတင်းအကြောင်းအရာတွေ၊ စိတ်ကူးယဉ်မှုကို အခြေခံထားတဲ့ မျှော်လင့်ချက်ပေးတဲ့ အကြောင်းအရာတွေ၊ လူတန်းစားအမျိုးမျိုးရဲ့ ထင်ရာမြင်ရာကို တစ်ယူသန်ရေးသားထားတဲ့ အကြောင်းအရာတွေက လွှမ်းမိုးနေတာကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့နေရပါတယ်။ သတင်းအချက်အလက် မှန်မှန်ကန်ကန်ကို သိနိုင်ဖို့အတွက် သတင်းမှန်စီးဆင်းမှုကတော့ အတော်လေး အားနည်းလာတာကိုလည်း မြင်တွေ့နေရပါတယ်”**

**သတိထားရမယ့် အချက်များစွာရှိ**

သတင်းတွေကို ဖတ်ရှုတဲ့အခါ သတိထားရမယ့် အချက်များစွာရှိပါတယ်။ အထူးသဖြင့် အွန်လိုင်းပေါ်က ဝက်ဘ်ဆိုက်တွေ၊ ဖေ့စ်ဘွတ်နဲ့ တွစ်တာက အကြောင်းအရာတွေကို တွေ့ရ မြင်ရ ကြားရတဲ့အခါ အလွယ်တကူပဲ ယုံကြည်မိလိုက်ကြတာ များပါတယ်။ လက်ရှိ ပြည်သူတွေကြားမှာ သတင်းအတုတွေ၊ တစ်ဝက်တစ်ပျက် အမှန်နဲ့အမှား ရောထွေးနေတဲ့ သတင်းတွေနဲ့ လုပ်ကြံဖန်တီးထားတဲ့ သတင်းအကြောင်းအရာတွေ၊ စိတ်ကူးယဉ်မှုကို အခြေခံထားတဲ့ မျှော်လင့်ချက်ပေးတဲ့ အကြောင်းအရာတွေ၊ လူတန်းစားအမျိုးမျိုးရဲ့ ထင်ရာမြင်ရာကို တစ်ယူသန်ရေးသားထားတဲ့ အကြောင်းအရာတွေက လွှမ်းမိုးနေတာကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့နေရပါတယ်။ သတင်းအချက်အလက် မှန်မှန်ကန်ကန်ကို သိနိုင်ဖို့အတွက် သတင်းမှန်စီးဆင်းမှုကတော့ အတော်လေး အားနည်းလာတာကိုလည်း မြင်တွေ့နေရပါတယ်။

**အမှန်တရားနဲ့ ဝေးကွာသွားနိုင်**

သတင်းစာဆရာတွေကို ဝါရင့်ဆရာသမားတွေက မှာကြားတဲ့စကားရှိပါတယ်။ “ကြားတိုင်းလည်း မယုံနဲ့၊ မြင်တိုင်းလည်း မယုံနဲ့၊ သိတိုင်းလည်း မပြောနဲ့” ဆိုပြီး ဖြစ်ပါတယ်။ သတင်းစာပညာရဲ့ ကျင့်ဝတ်မှာလည်း ပါဝင်ပါတယ်။ အဲဒီလိုပဲ ပြည်သူတွေအဖို့လည်း သတင်းအကြောင်းအရာတစ်ခုကို ကြားလိုက်တိုင်း၊ မြင်လိုက်တိုင်း၊ သိလိုက်တိုင်း မယုံဖို့နဲ့ လွယ်လွယ်ကူကူပြန်လည်မမျှဝေဖို့ သတိပြုသင့်ပါတယ်။ စာရေးသူသိခဲ့ရဖူးတဲ့ အကြောင်းအရာတစ်ခုဆိုရင်ကားတစ်စီးရှေ့မှာ လူတစ်ဦး လဲကျမေ့မြောနေပါတယ်။ သတင်းသမားကို အနီးအနားကလူတွေက ကားတိုက်မှုဆိုပြီးပြောတဲ့အတွက် သတင်းသမားက သတင်းဌာနကို ကားတိုက်မှုသတင်းပေးပို့ပါတယ်။ မြင်တွေ့တဲ့မြင်ကွင်းကို ဓာတ်ပုံရိုက်ပါတယ်။ အမှန်က သူ့ကျန်းမာရေးအခြေအနေကြောင့် ကားရှေ့လဲကျသွားရတာပါ။ သတင်းသမားဟာ ထောင့်စုံအောင် မေးမြန်းမှုမရှိခဲ့တဲ့အတွက် သတင်းက အမှန်တရားနဲ့ဝေးကွာ သွားနိုင်ပါတယ်ဆိုတာကို အဲဒီ အကြောင်းအရာက သက်သေပြလိုက်တာပါပဲ။ မရည်ရွယ်ဘဲနဲ့တောင် သတင်းမှားကိုတင်ဆက်မိတာမျိုးဖြစ်နိုင်ပါတယ်။ သို့ဆိုလျှင် စနစ်တကျနဲ့ ပြည်သူကို သတင်းမှားပေးသူတွေက အစစ်အမှန်သဖွယ် မဟုတ်မမှန်သတင်းတွေကို ဘယ်လောက်တောင် ပေးခဲ့ကြပြီလဲ စဉ်းစားဆင်ခြင်စေလိုပါတယ်။

လက်ရှိ ပြည်သူတွေအကြားမှာ သတင်းအစစ်အမှန်တွေဟာ သိပ်ကို လိုအပ်နေချိန် ဖြစ်ပါတယ်။ လက်ရှိအစိုးရက ဆောင်ရွက်ပေးနေတဲ့ လမ်းပန်းဆက်သွယ်ရေး ပြန်လည်အဆင်ပြေနေတဲ့ အခြေအနေ၊ ဘုရားကျောင်းကန်တွေ ပြန်လည်ဖွင့်လှစ်ပေးနေတဲ့အခြေအနေ၊ ရပ်ရွာအေးချမ်းသာယာအောင် လုံခြုံရေးဆောင်ရွက်ချက်တွေ၊ သတိပြုဆင်ခြင်စရာတွေနဲ့ သတင်းထုတ်ပြန်ချက်တွေကို မှန်မှန်ကန်ကန် ပွင့်လင်းမြင်သာစွာဖော်ပြနေသော်လည်း ပြည်သူတွေဆီမှာတော့ သတင်းအချက်မှန်မှန်ကန်ကန်မရရှိဘဲ သတင်းစီးဆင်းမှုလမ်းကြောင်းကို အဖျက်အမှောင့်လုပ်ဆောင်သူတွေက ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေတာကို မြင်တွေ့ရပါတယ်။ အချို့ရပ်ရွာတွေမှာ MRTV သတင်းဖွင့်တဲ့အိမ်တွေကိုတောင် NLD ပါတီဝင် အချို့က ခဲနဲ့ ပေါက်တဲ့ဖြစ်စဉ်တွေကို ကြားရပါတယ်။ ပြည်သူတွေဟာ မှန်ကန်တဲ့သတင်းအချက်အလက်တွေကို ရရှိကြမှသာ မှန်မှန်ကန်ကန် စဉ်းစားဆုံးဖြတ်နိုင်ကြမှာ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘဲ တိုင်းပြည်အတွင်း ဆူပူအကြမ်းဖက်မှု၊ ဆန္ဒပြမှုတွေပဲရှိနေတယ်ဆိုတဲ့ သတင်းအမှားတွေ၊ ပုန်ကန်ရမယ်ဆိုတဲ့ အတွေးအခေါ်အမှားတွေကိုပဲ ဆက်ကာဆက်ကာ မြင်တွေ့နေရမယ်ဆိုရင် အဲဒီအပေါ် မှားမှားယွင်းယွင်းနဲ့ ဆုံးဖြတ်လုပ်ကိုင်ကြမယ်ဆိုရင် တိုင်းပြည်ရဲ့ အနာဂတ်ကတော့ မတွေးဝံ့စရာ ဖြစ်ရပါလိမ့်မယ်။

**သတင်းပေး တိုင်ကြားကြဖို့လို**

တရားမဝင်လေလှိုင်းပေါ်က ဖွဲ့စည်းပြီး လက်ရှိအစိုးရကို ပုန်ကန်၊ တိုင်းပြည်ကို သစ္စာဖောက်တဲ့သူတွေက အမျိုးသားညီညွတ်ရေးအစိုးရဆိုပြီး အမည်တပ် လှုပ်ရှားနေကြတာကိုလည်း ပြည်သူတွေသိရှိပြီး ဖြစ်မှာပါ။ CRPH လို၊ NUG လို တရားမဝင်အဖွဲ့ အစည်းတွေက နိုင်ငံတော်အစိုးရရဲ့ ဝန်ကြီးဌာနပိုင် တံဆိပ်တွေ၊ လိုဂိုတွေကို အလွဲသုံးစားလုပ်ပြီး သုံးစွဲ နေကြတာကိုလည်း တွေ့ရှိရပါတယ်။ အဲဒီလို တရားဝင်အစိုးရပုံသဏ္ဌာန်တံဆိပ်တွေ၊ အမှတ်အသားတွေ၊ လိုဂိုတွေကို မျက်နှာပြောင်ပြောင်နဲ့ ရယူသုံးစွဲပြီး အဖျက်အမှောင့်လုပ်ငန်းတွေလုပ်၊ တရားမဝင်ကြေညာချက်တွေ ထုတ်နေခြင်းနဲ့ ပြည်သူကို သတင်းအမှားတွေ ထုတ်လွှင့်နေကြတာပဲ ဖြစ်ပါတယ်။ ဒါတွေကို နိုင်ငံတော်ကလည်း ကိုင်တွယ်ဖြေရှင်းနေပြီဖြစ်သလို ပြည်သူတွေက အသိအမှတ်မပြုဘဲ ရှောင်ကြဉ်ကြဖို့၊ တွေ့ရှိရင်လည်း သတင်းပေး တိုင်ကြားကြဖို့ လိုအပ်ပါတယ်။

*စာမျက်နှာ ၇ သို့*

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မေ ၁၉**

ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးကာလများအတွင်း ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် အခြားဘာသာများအလိုက် ဘာသာရေးကျောင်းများကို ခေတ္တပိတ်ထားခဲ့ရပြီး ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ပြန်လည်ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်သည်။ ထိုသို့ ပြန်လည်ဖွင့်လှစ်ပေးခဲ့သဖြင့် ယနေ့တွင် ဗုဒ္ဓဘာသာ ဘုရား၊ စေတီ၊ ကျောင်းကန်များတွင် ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက စည်ကားသိုက်မြိုက်စွာ ကုသိုလ်ယူ ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

အလားတူ ဟိန္ဒူ၊ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာဝင်များ၏ ဘာသာအလိုက် ဘာသာရေးကျောင်းများ၊ ဝတ်ပြုကျောင်းများတွင်လည်း သက်ဆိုင်ရာဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မေ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေး ဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၄၆၆၉၂ ဦး၊ အတွင်းလူနာ ၄၂၁၆ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၆၉၃၆ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၃၆၀၀၊ စုစုပေါင်း ၁၀၅၃၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၆၅၉ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၆၇၅ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၉၃၃၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






# နမ့်စန်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေ ပေးအပ်၊ စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၉**

ရှမ်းပြည်နယ် တောင်ပိုင်း နမ့်စန်မြို့ရှိ နယ်မြေခံတပ်မတော် ဆေးရုံအတွက် ရှမ်းပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီမှ ဆေး ပဒေသာပင် အလှူငွေပေးအပ် လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်း တွင် အဆိုပါဆေးရုံ၌ ပြုလုပ်ရာ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်း၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူး ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်ဆေးရုံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အလှူငွေ ပေးအပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် ၃၄ သိန်း ပေးအပ်လှူဒါန်းရာ နယ်မြေခံ တပ်မတော်ဆေးရုံမှ တာဝန်ရှိသူ တစ်ဦးက လက်ခံယူပြီး ကျေးဇူး တင်စကား ပြန်လည်ပြောကြား သည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ကုသမှု ခံယူလျက်ရှိသော တပ်မတော်သားများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများအား လိုက်လံကြည့်ရှု အားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ် သည်။

အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နယ်မြေခံတပ်မတော် ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူ လျက်ရှိသော သံဃာတော်များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ယနေ့နံနက်ပိုင်းက အနောက် ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေ တပ်နယ်မှ ဗိုလ်မှူးချုပ် ဆန်းဌေး မောင်နှင့် အဖွဲ့ဝင်များက သွား ရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးကုသ ပေးထားမှုနှင့် ကျန်းမာရေး တိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေး စကားပြောကြားပြီး စားသောက် ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

သူတို့ရဲ့ရည်ရွယ်ချက်ဟာ နိုင်ငံတော်ရဲ့ စီးပွားရေးကို မလည်ပတ်နိုင်အောင်၊ ပြည်သူတွေရဲ့ စားဝတ်နေရေး၊ လူမှုဘဝတွေကို နိမ့်ကျအောင်၊ ပြည်သူတွေအချင်းချင်း စိတ်ဝမ်းကွဲအောင်နဲ့ အစိုးရရဲ့ ပြည်သူအတွက်၊ တိုင်းပြည်အတွက် လုပ်ငန်းဆောင်တာတွေ အားလုံးဘာမှဆက်မလုပ်နိုင်အောင် ရည်ရွယ်ချက်ရှိရှိ မှိုင်းတိုက်နေကြတာတွေဆိုတာကို ပြည်သူတွေ သတိပြုသင့်နေပါပြီ။ တရားမဝင် စာစောင်တွေ ထုတ်ကြတာမျိုးဟာ တော်လှန်ရေးခေါင်းစဉ်အောက်မှာ တိုက်ကွက်ဖော်နေကြတဲ့ နောက်ကွယ်ကလူတွေရဲ့ နောက်ဆုံးလုပ်ရပ်လည်း ဖြစ်ပါလိမ့်မယ်။ သူတို့ဟာ ပြည်သူတွေကို အမုန်းတရားတွေ ဖြစ်ပေါ်လာအောင် သွေးထိုးလှုံ့ဆော်ကြတယ်။ လူတွေသွေးအေးတာနဲ့ သူတို့ရဲ့ တော်လှန်ရေးဆိုတဲ့ အနေအထား ယိမ်းယိုင်သွားပြီဆိုတာကို ကောင်းကောင်းသိကြပါတယ်။ ဒါကြောင့် သွေးတွေ ဆူသထက်ဆူအောင် ဝါဒဖြန့်ချိရေးကို အစွမ်းကုန် အရှိန်မြှင့်ကြပါလိမ့်မယ်။ ပြည်သူများကတော့ သတင်းအမှန်နဲ့အမှား သေသေချာချာ ခွဲခြားလေ့လာပြီး လက်ရှိအခြေအနေပေါ်ကို မှန်မှန်ကန်ကန်ဆုံးဖြတ်ချိန်ဆရင်းဖြင့် ကွဲပြားသင့်လှပါပြီဟုသာ။ ။

# ပျော်ဘွယ်မြို့နယ်သမဝါယမအသင်းစု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အသစ်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို မြို့နယ် သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ယနေ့နံနက်က ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးနှင့် တိုင်းအဆင့်ဖွဲ့စည်းရေး ကော်မတီဝင်များ၊ မြို့နယ်သမဝါယမဦးစီးဌာနဦးစီး အရာရှိ ဦးကျော်ဆန်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ၊ အခြေခံသမဝါယမအသင်းများမှ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ အစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၉**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

❍ *ကျောဖုံးမှ*

### ၁-၂-၂၀၂၁ မှ ၁၅-၄-၂၀၂၁ ထိ ဖျက်ဆီးတိုက်ခိုက်ခံရမှု အခြေအနေ

| စဉ် | တိုင်း/ပြည်နယ် | ရဲစခန်းများ | ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ | ရုံး/ဌာနများ | လမ်း/တံတားများ | ဘဏ်များ | အခြား နေရာများ |
|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၁ | ၁ | ၁ | | | ၅ |
| ၂ | ကချင် | | | ၂ | ၃ | | ၃ |
| ၃ | ကယား | | | ၁ | | | ၁ |
| ၄ | ကရင် | | ၆ | | | ၁ | ၆ |
| ၅ | ချင်း | | | ၁ | | ၁ | ၁ |
| ၆ | စစ်ကိုင်း | ၁၂ | | ၁၃ | ၁၀ | ၂ | ၂၈ |
| ၇ | တနင်္သာရီ | ၁ | ၄ | ၃ | | | ၆ |
| ၈ | ပဲခူး | ၄ | | ၃ | | | ၁၁ |
| ၉ | မကွေး | ၄ | ၂ | ၃ | ၁ | | ၄ |
| ၁၀ | မန္တလေး | ၂၆ | ၅ | ၄ | | ၄ | ၁၃ |
| ၁၁ | မွန် | | ၅ | ၃ | | | ၁ |
| ၁၂ | ရခိုင် | | | | | | |
| ၁၃ | ရန်ကုန် | ၆ | ၃၇ | ၁၁ | ၂ | ၅ | ၁၀ |
| ၁၄ | ရှမ်း | ၆ | ၁ | ၄ | | | ၁၃ |
| ၁၅ | ဧရာဝတီ | ၃ | ၁ | ၃ | | | ၃ |
| | စုစုပေါင်း | ၆၃ | ၆၂ | ၅၂ | ၁၆ | ၁၃ | ၁၀၅ |

ထို့အပြင် NLD ပါတီဝင်များနှင့် ဝန်းရံထောက်ခံသူ အစွန်းရောက်များသည် အပြစ်မဲ့ ပြည်သူများအား “ငါနှင့်မတူ ငါ့ရန်သူ” ဟု သဘောထား၍ ဒလန်/ သတင်းပေးဟု စွပ်စွဲပြီး လူစုလူဝေးဖြင့် အတင်းအဓမ္မ ဖမ်းဆီးကာ ရက်စက်စွာသတ်ဖြတ်ခြင်း၊ လူ့ဂုဏ်သိက္ခာ ဆုံးရှုံးစေသည်အထိ အရှက်ရစေရန် လူမဆန်သည့် အပြုအမူများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ဧပြီလ ၁၅ ရက်နေ့အထိ အပြစ်မဲ့ပြည်သူ ၁၇ ဦး ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရပြီး ၃၀ ဦး ပြင်းထန်သည့် ဒဏ်ရာများရရှိခဲ့ပါသည်။

### ၁-၂-၂၀၂၁ ရက်မှ ၁၅-၄-၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဒလန်ဟုစွပ်စွဲ၍ သေဆုံး/ဒဏ်ရာရသူများ၏ ဖြစ်စဉ်ဦးစီးဇယား

| စဉ် | တိုင်း/ပြည်နယ် | သေဆုံး | ဒဏ်ရာရ | ဆံပင်ရိတ် | ဆေးမှင်ကြောင် | ခြောက်လှန့် | နေအိမ်ဖျက်ဆီး | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | | | | | ၁ | | |
| ၂ | ကချင် | | | | | | | |
| ၃ | ကယား | | | | | | | |
| ၄ | ကရင် | | | | | | | |
| ၅ | ချင်း | | | | | | | |
| ၆ | စစ်ကိုင်း | ၇ | ၆ | ၂ | ၁ | | ၄ | |
| ၇ | တနင်္သာရီ | ၂ | ၂ | ၁ | | | | |
| ၈ | ပဲခူး | ၁ | ၁ | | | | ၁ | |
| ၉ | မကွေး | | | | | | ၁ | |
| ၁၀ | မန္တလေး | ၁ | ၅ | | | ၁ | ၃ | |
| ၁၁ | မွန် | | | | | | | |
| ၁၂ | ရခိုင် | | | | | | | |
| ၁၃ | ရန်ကုန် | ၆ | ၁၂ | ၁ | | ၁ | ၂ | |
| ၁၄ | ရှမ်း | | | | | | | |
| ၁၅ | ဧရာဝတီ | | ၄ | | | | | |
| | စုစုပေါင်း | ၁၇ | ၃၀ | ၄ | ၁ | ၃ | ၁၁ | |

ထို့ကြောင့် ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လမ်းပိတ်အတားအဆီးများကို ဖယ်ရှားခြင်း၊ နေ့ညမပြတ် လှည့်ကင်းများ ဆောင်ရွက်ခြင်း၊ ရပ်ရွာများ၏ တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပြုနေသော ဆူပူအကြမ်းဖက်သမားများအား ဖမ်းဆီးခြင်းများအပြင် ဆူပူအကြမ်းဖက်သမား လူစုလူဝေးများကိုလည်း တားဆီးထိန်းသိမ်းလျက်ရှိပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူအကြမ်းဖက်သမား လူစုလူဝေးများကို ထိန်းသိမ်းရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ရှုန်းရင်းဆန်ခတ်မှုလက်စွဲဥပဒေ (၁၉၅၆) ခုနှစ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူစုလူဝေးအားကြီးကြပ်ထိန်းသိမ်းခြင်း လက်စွဲစာစောင် (၂၀၁၅) ခုနှစ်ပါ ပြဋ္ဌာန်းချက်များအတိုင်းသာ ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် NLD ပါတီဝင် အစွန်းရောက်များ၏ ဦးဆောင်မှုဖြင့် ဆူပူအကြမ်းဖက်သမားများက ရဲစခန်းများအား လူစုလူဝေးဖြင့်ဝင်ရောက်စီးနင်းခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်သေနတ်၊ လက်လုပ်ဗုံးများ၊ လက်နက်ခဲယမ်းအစစ်များ အသုံးပြုတိုက်ခိုက်ခြင်းများပြုလုပ်လာသဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ဆောင်မှု အတိုင်းအတာအပေါ် မူတည်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သလို အကန့်အသတ်ဖြင့် တုံ့ပြန်ပစ်ခတ်မှုများ ဆောင်ရွက်ခဲ့ရပြီး ထိုသို့ဆောင်ရွက်စဉ်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် တပ်မတော်သား ၇ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံးပြီး တပ်မတော်သား ၄၅ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၂၅၃ ဦးနှင့်အထက် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

### ၁-၂-၂၀၂၁ ရက်နေ့မှ ၁၅-၄-၂၀၂၁ ရက်နေ့အထိ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များ သေဆုံး/ဒဏ်ရာရရှိမှု အခြေအနေ

| စဉ် | တိုင်း/ ပြည်နယ် | တပ်မတော်သား | | | | ရဲတပ်ဖွဲ့ဝင် | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | သေဆုံး | ဒဏ်ရာရ | | | သေဆုံး | ဒဏ်ရာရ | | | |
| | | | ဒိုးရိုမ်ရ | မဒိုးရိုမ်ရ | ပေါင်း | | ဒိုးရိုမ်ရ | မဒိုးရိုမ်ရ | ပေါင်း | |
| ၁ | နေပြည်တော် | | | | | | ၈ | ၂၆ | ၃၄ | |
| ၂ | ကချင် | | | ၃ | ၃ | | ၆ | ၁၁ | ၁၇ | |
| ၃ | ကယား | | | | | | | ၁၈ | ၁၈ | |
| ၄ | ကရင် | | ၁ | ၁ | ၂ | | | ၃ | ၃ | |
| ၅ | ချင်း | | | | | | | | | |
| ၆ | စစ်ကိုင်း | ၁ | | ၅ | ၅ | ၇ | ၂ | ၂၂ | ၂၄ | |
| ၇ | တနင်္သာရီ | ၁ | ၁ | ၄ | ၅ | | | ၂ | ၂ | |
| ၈ | ပဲခူး | | | | | ၂ | ၁ | ၃၂ | ၃၃ | |
| ၉ | မကွေး | | | ၇ | ၇ | | ၁ | ၂၆ | ၂၇ | |
| ၁၀ | မန္တလေး | ၁ | ၁ | ၅ | ၆ | ၄ | ၇ | ၂၉ | ၃၆ | |
| ၁၁ | မွန် | | | | | ၂ | ၁ | ၇ | ၈ | |
| ၁၂ | ရခိုင် | | | | | | | | | |
| ၁၃ | ရန်ကုန် | | | ၉ | ၉ | ၂ | ၅ | ၂၄ | ၂၉ | |
| ၁၄ | ရှမ်း | ၄ | | ၆ | ၆ | | | ၇ | ၇ | |
| ၁၅ | ဧရာဝတီ | | | ၂ | ၂ | | | ၁၅ | ၁၅ | |
| | စုစုပေါင်း | ၇ | ၃ | ၄၂ | ၄၅ | ၁၇ | ၃၁ | ၂၂၂ | ၂၅၃ | |

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မိမိကိုယ်ကိုခုခံပိုင်ခွင့်အရ ဆူပူအကြမ်းဖက်သမားများ၏ ရန်ပြုတိုက်ခိုက်ခြင်းများကို တုံ့ပြန်ဆောင်ရွက်ခဲ့ရာတွင် မလွှဲမရှောင်သာ နှစ်ဖက်ထိခိုက်သေဆုံး ဒဏ်ရာရရှိမှုများရှိခဲ့သော်လည်း မီဒီယာကျင့်ဝတ်၊ ဥပဒေများနှင့် မညီညွတ်သဖြင့် နိုင်ငံတော်က တရားဥပဒေနှင့်အညီ ပိတ်သိမ်းထားခြင်းခံရသည့် တရားမဝင်မီဒီယာများက မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာဆန္ဒပြမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်စက်စွာ ကျည်စစ်ကျည်မှန်များဖြင့် ပစ်ခတ်နေကြောင်း အခြေအမြစ်မရှိသောသတင်းအမှား၊ သတင်းအတုများကို တစ်ဖက်သတ်လုပ်ကြံ စွပ်စွဲရေးသား ဖော်ပြလျက်ရှိပါသည်။






နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တုံ့ပြန်ဆောင်ရွက်ချက်များအပေါ် နိုင်ငံတကာနှင့် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားနေကြပြီး တစ်ဖက်တွင်လည်း ၎င်းတို့ရေးသားသည့် သတင်းအမှားများကို နိုင်ငံတော်အစိုးရယန္တရားပျက်ပြားလိုသည့်အဖျက်သမားများက လူမှုကွန်ရက်မှတစ်ဆင့် ပိုမိုပျံ့နှံ့အောင် လုပ်ဆောင်နေကြကြောင်း တွေ့မြင်နေရပါသည်။

အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုများကြောင့် သေဆုံးသူများ၏ စာရင်းအား လူမှုကွန်ရက်ပေါ်တွင် အခြေအမြစ်မရှိသောသတင်းအတု၊ သတင်းအမှားများကို အခြေခံ၍ စုစည်းထားသည့် ကိန်းဂဏန်းများဖြင့် ထိုင်းနိုင်ငံအခြေစိုက် တရားမဝင်အဖွဲ့ အစည်းတစ်ခုဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အမှန်တကယ်သေဆုံးသူများ စာရင်းအဖြစ် ထုတ်ပြန်လျက်ရှိပါသည်။ ၎င်းတို့၏ ထုတ်ပြန်ချက်အရ ဧပြီလ ၁၅ ရက်နေ့အထိ သေဆုံးသူ ၇၂၆ ဦးအထိ ရှိကြောင်း ဖော်ပြထားပါသည်။


*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

## လူမှုကွန်ရက်ပေါ်မှ အခြေအမြစ်မရှိသော သတင်းအမှားများ




## လူမှုကွန်ရက်ပေါ်မှ အခြေအမြစ်မရှိသော သတင်းအမှားများ




လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ မိမိဘာသာအိမ်ပေါ်မှခုန်ချရာမှ သေဆုံးခဲ့သူ ဦးဇော်မြတ်လင်း



လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ တိုက်ပေါ်မှ ပြုတ်ကျသေဆုံးသူ မလျှံ့ဇွားလီး



လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ နှလုံးရောဂါဖြင့် သေဆုံးခဲ့သူ ဒေါ်တင်နွဲ့ရီ



လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပစ်ခတ်မှုကြောင့်သေဆုံးမှုများရှိလာပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သေမှုသေခင်းဖွင့်ပြီး စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်လျက်ရှိသလို သေဆုံးသူအလောင်းများ (Dead Bodies) အား မြှုပ်နှံသင်္ဂြိုဟ်ပြီးသည်အထိ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကာ သေဆုံးသူတိုင်း၏ မှုခင်းဆိုင်ရာမှတ်တမ်းများအား စနစ်တကျထိန်းသိမ်းထားရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စနစ်တကျမှတ်တမ်းတင်ထားသော စာရင်းများအရ ဖေဖော်ဝါရီလ ၁ ရက်မှ ဧပြီလ ၁၅ ရက်အထိ သေဆုံးသူစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### ၁-၂-၂၀၂၁ မှ ၁၅-၄-၂၀၂၁ ထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆူပူဆန္ဒပြသူသေဆုံးမှုအခြေအနေ

| စဉ် | တိုင်း/ပြည်နယ် | လမ်းပိတ်ဆို့မှုများ ရှင်းလင်းသည့် ဖြစ်စဉ်များတွင် ပစ်ခတ်မှုကြောင့် သေဆုံး(ဦးရေ) | လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်ပြုသဖြင့် တုံ့ပြန်ပစ်ခတ်၍ သေဆုံး(ဦးရေ) | ဆန္ဒပြသူအချင်းချင်း ရန်ဖြစ်ခြင်း၊ အချင်းချင်း သတ်ဖြတ်ခြင်းကြောင့် သေဆုံး(ဦးရေ) | တရားခံဖမ်းဆီးစဉ် မတော်တဆမှုကြောင့် သေဆုံး(ဦးရေ) | ဆန္ဒပြသူအချင်းချင်း ပစ်ခတ်မှုကြောင့် သေဆုံး(ဦးရေ) | ဆန္ဒပြရင်း ရောဂါဖြင့် သေဆုံး(ဦးရေ) | အခြားနည်းဖြင့် သေဆုံး(ဦးရေ) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | | ၁ | | | ၁ | | |
| ၂ | ကချင် | | ၉ | | | | ၁ | |
| ၃ | ကယား | | ၁ | | | | | |
| ၄ | ကရင် | | | | | | | |
| ၅ | ချင်း | | | | | | | |
| ၆ | စစ်ကိုင်း | | ၂၂ | | | | ၁ | |
| ၇ | တနင်္သာရီ | | ၁၃ | | | | | |
| ၈ | ပဲခူး | ၂ | ၁၈ | ၁ | | | | |
| ၉ | မကွေး | ၁ | ၁၄ | | ၁ | | | |
| ၁၀ | မန္တလေး | ၃ | ၃၃ | | | ၁ | ၁ | |
| ၁၁ | မွန် | | ၂ | | | | | |
| ၁၂ | ရခိုင် | | | | | | | |
| ၁၃ | ရန်ကုန် | | ၁၀၅ | | | | ၂ | ၂ |
| ၁၄ | ရှမ်း | | ၁၅ | | | | | |
| ၁၅ | ဧရာဝတီ | ၁ | ၇ | | | | | |
| | စုစုပေါင်း | ၇ | ၂၄၀ | ၁ | ၁ | ၂ | ၅ | ၂ |

မှတ်ချက်။ (၁) ရောဂါဖြင့် သေဆုံးသူ ၅ ဦးတွင် နှလုံးရောဂါ ၄ ဦး၊ Covid ရောဂါ ၁ ဦးဖြစ်ပါသည်။
(၂)ဆန္ဒပြသူအချင်းချင်း ပစ်ခတ်မှုကြောင့်သေဆုံးသူ ၂ ဦးမှာ နေပြည်တော်မှ မြသွဲ့သွဲ့ခိုင်နှင့် မန္တလေးမှ ကြယ်စင်တို့ဖြစ်ပါသည်။
(၃) အခြားနည်းဖြင့် သေဆုံးသူ ၂ ဦးမှာ ရန်ကုန်မှ ဇော်မြတ်လင်းနှင့် လျှံ့ဇွားလီးတို့ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စုစုပေါင်းသေဆုံးသူ ၂၅၈ ဦးတွင် အတားအဆီးရှင်းလင်းစဉ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြုတိုက်ခိုက်လာမှုကြောင့် ပြန်လည်တုံ့ပြန်ရာမှ သေဆုံးသူမှာ ၂၄၇ ဦးသာရှိပြီး ကျန် ၁၁ ဦးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုကြောင့် သေဆုံးရခြင်းမဟုတ်ဘဲ အခြားအကြောင်းအရာများကြောင့် သေဆုံးရခြင်းဖြစ်ပါသည်။

လူမှုကွန်ရက်များတွင် ပျံ့နှံ့နေသော AAPP မှ ထုတ်ပြန်သည့် သေဆုံးစာရင်း ၇၂၆ ဦး စာရင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့်မဟုတ်ဘဲ မမြသွဲ့သွဲ့ခိုင်၊ မကြယ်စင်တို့ကဲ့သို့ ဆန္ဒပြသူများ အချင်းချင်းပစ်ခတ်မှုကြောင့် သေဆုံးသူများ၊ ဦးဇော်မြတ်လင်းနှင့် မလျှံ့ဇွားလီးတို့ကဲ့သို့ အခြားနည်းဖြင့် သေဆုံးသူများ၊ ဦးကိုကိုလေးနှင့် ဒေါ်တင်နွဲ့ရီတို့ ကဲ့သို့သော နှလုံးရောဂါဖြင့် သေဆုံးသူများ၊ ရာဇာအောင်ကဲ့သို့ ကိုဗစ်ရောဂါဖြင့် သေဆုံးသူများနှင့် အကြမ်းဖက်မှုဆောင်ရွက်နေသူများက အချင်းချင်းသတ်ဖြတ်မှုကြောင့် သေဆုံးသူများ ပါရှိနေသကဲ့သို့ အမှန်တကယ်သေဆုံးသည်ဟု အတည်မပြုနိုင်သော ပျောက်ဆုံးနေသူများ၊ ဒဏ်ရာရရှိမှုကြောင့် တပ်မတော်ဆေးရုံများတွင် ကုသမှုခံယူနေသူများ၊ နယ်စပ်ဒေသများ သို့ ထွက်ပြေးတိမ်းရှောင်သွားသူများ၊ စာရင်းများ ဖောင်းပွနေအောင် လိပ်စာအတု၊ နာမည်အတုများဖြင့် ဖော်ပြထားသူများ ပါရှိနေနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

| No. | Name | Sex | Age | Father's Name | Date of Incident | Deceased Date | Organization | Place of Incidents | Home Address | Township | States/ Regions |
|---|---|---|---|---|---|---|---|---|---|---|---|
| 2 | Mya Thwate Thwate Khaing | F | 19 | unknown | 9-Feb-21 | 19-Feb-21 | Civilian | NayPyi Taw | Hlaykhwintaung, Lower Paunglaung Hydro Power Project | Zeyathiri | NayPyiTaw Region |
| 28 | Kyal Sin Lin @ Kyar Shi | F | 19 | Daw Aye Aye Myint | 3 Mar 21 | 3-Mar-21 | Student | 84 Street and 30 Street | 15x16, 65 Road | Mandalay City | Mandalay Region |
| 60 | Zaw Myat Linn | M | 46 | U Sein Tun -Daw Sein Nyunt | 9 Mar 21 | 9-Mar-21 | NLD (Shwepyitha Township) | YGN Interrogation Center | 9 147 Myamizzu road, 25 waroad, Bokone Shay | Shwepyitha | Yangon Region |
| 275 | Zuali @ Malan Zwale | F | 35 | unknown | 21 Mar 21 | 21-Mar-21 | Civilian | Her fifth floor apartment, Mingalar Taung Nyunt | Fifth floor, Kan Taw Lay, 91 street | Mingala Taungnyunt | Yangon Region |
| 624 | 76 Unknown Name | | | Unknown Name | 9 Apr 21 | 9 Apr 21 | Civilian | Maggatic Road | | Bago | Bago Region |

ထို့အပြင် AAPP စာရင်းထဲတွင် ပါဝင်နေသော အချို့သောသူများမှာ အမှန်တကယ် ရှိ/မရှိ အတည်ပြုစစ်ဆေးရန် နေရပ်လိပ်စာ၊ အဖအမည်ကဲ့သို့သော ခိုင်လုံသည့်အချက်အလက်များ ပါဝင်မှုမရှိခြင်း၊ သေဆုံးရသောအကြောင်းရင်း ထည့်သွင်းဖော်ပြနိုင်ခြင်း မရှိသောသူများ အများအပြားပါဝင်နေခြင်း၊ ဧပြီလ ၉ ရက် ပဲခူးဖြစ်စဉ်တွင် မည်သည့်အချက်မှ ဖော်ပြခြင်းမရှိဘဲ သေဆုံးသူဟု အတည်မပြုနိုင်သူ ၇၆ ဦးအဖြစ် အရေအတွက်အများအပြားထည့်သွင်းဖော်ပြထားခြင်း ကဲ့သို့သောအချက်များကိုလည်း တွေ့ရှိရသဖြင့် စာရင်းများမှာ အဆမတန်ဖောင်းပွနေကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ လူမှုကွန်ရက်ပေါ်တွင် ထုတ်ပြန်နေသော AAPP အဖွဲ့၏ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သေဆုံးသူများစာရင်းသည် လူမှုကွန်ရက်များတွင် ဖော်ပြနေသော အခြေအမြစ်မရှိသည့် သတင်းတုများကိုအခြေခံ၍ မှားယွင်းစွာဖော်ပြထားသည့်အပြင် သေဆုံးသူအရေအတွက်မှာလည်း အဆမတန် ဖောင်းပွလျက်ရှိသဖြင့် အတည်ပြုနိုင်ခြင်း မရှိပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အမိကရဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များအတိုင်း အကြမ်းဖက်သမားများကိုသာ အကန့်အသတ်ဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပြီး သေဆုံးသူများနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သေမှုသေခင်းဖွင့်၍ စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

## သပိတ်ကျင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်တွင် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၂ အုပ်စု၊ မဲရုံပေါင်း ၁၀၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၁၈၉၉၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၁၁၁၅ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၇၈၈၀ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၀၅၇၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၁၈၅၅၀ | ၈၀၆၈၈ | ၃၇၈၆၂ | ၃၀၅၅၄ | ၇၆၇၈ | ၃၇၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၄၅ | ၄၂၇ | ၁၈ | ၁၈ | | |
| | စုစုပေါင်း | ၁၁၈၉၉၅ | ၈၁၁၁၅ | ၃၇၈၈၀ | ၃၀၅၇၂ | ၇၆၇၈ | ၃၇၀ |

၆။ သပိတ်ကျင်းမြို့နယ် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၂ အုပ်စုမှ မဲရုံပေါင်း ၁၀၁ ရုံ တို့တွင် မဲလက်မှတ်အရေအတွက် ၇၆၇၈ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၃၇၀ အပိုတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၁၈ စောင် ဖြစ်ပြီး မြေပြင်တွင်လည်း ၁၈ စောင် ကျန်ရှိနေသဖြင့် ကိုက်ညီမှုရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၇။ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု ကွင်း(၃၀)(၂) မဲရုံအမှတ်(၈) နှင့် အင်းနက် ကျေးရွာအုပ်စု၊ မြိုင်သာယာ မဲရုံအမှတ်(၅) တို့တွင်ဆန္ဒမဲပေးပြီး လက်ခံဖြတ်ပိုင်းများ မတွေ့သဖြင့် ဆန္ဒမဲလက်မှတ်များကိုသာ ရေတွက်စစ်ဆေးခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ကြိုတင်မဲလက်မှတ်အရေအတွက်နှင့် လက်ကျန်ဆန္ဒမဲအရေအတွက်စာရင်းများ အတိအကျမရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

၈။ သပိတ်ကျင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|
| ၁ | ဆိပ်ကမ်းရပ်ကွက် | ၂၅၅၀ | ၁၇၁၅ | ၈၃၅ | ၈၃၅ | | |
| ၂ | ကဘဲ့ရပ်ကွက် | ၂၀၅၀ | ၁၃၀၇ | ၇၄၃ | ၆၄၇ | ၉၆ | |
| ၃ | ၇ မိုင်ချမ်းသာကျေးရွာအုပ်စု | ၈၄၀၀ | ၅၄၅၅ | ၂၉၄၅ | ၂၀၀၇ | ၉၃၈ | |
| ၄ | ဝါးဖြူတောင်ကျေးရွာအုပ်စု | ၃၄၀၀ | ၂၈၃၄ | ၅၆၆ | ၃၆၆ | ၂၀၀ | |
| ၅ | ကျောက်လှည်းဘီးကျေးရွာအုပ်စု | ၁၉၀၀ | ၁၃၇၄ | ၅၂၆ | ၅၂၆ | | |
| ၆ | အုံးဖုံးကျေးရွာအုပ်စု | ၂၄၀၀၀ | ၁၆၄၉၉ | ၇၅၀၁ | ၆၂၄၉ | ၁၂၅၂ | |
| ၇ | ချောင်းကြီးကျေးရွာအုပ်စု | ၁၁၁၅၀ | ၈၁၁၆ | ၃၀၃၄ | ၂၉၀၂ | ၁၃၂ | |
| ၈ | ကျောက်ကြီးကျေးရွာအုပ်စု | ၁၆၅၀ | ၁၀၀၄ | ၆၄၆ | ၃၉၆ | ၂၅၀ | |
| ၉ | ငွေးပင်မှော်ကျေးရွာအုပ်စု | ၁၄၀၀ | ၇၃၄ | ၆၆၆ | ၆၆၆ | | |
| ၁၀ | ရေညာဦးကျေးရွာအုပ်စု | ၉၀၀ | ၆၆၀ | ၂၄၀ | ၂၄၀ | | |
| ၁၁ | တွင်းငယ်ကျေးရွာအုပ်စု | ၆၃၅၀ | ၄၈၇၆ | ၁၄၇၄ | ၁၄၂၃ | ၅၁ | |
| ၁၂ | စမွါယ်နဂိုရ်ကျေးရွာအုပ်စု | ၄၆၀၀ | ၂၉၈၈ | ၁၆၁၂ | ၁၁၁၂ | ၅၀၀ | |
| ၁၃ | ကျောက်ဖြာကျေးရွာအုပ်စု | ၁၄၀၀ | ၁၀၇၇ | ၃၂၃ | ၃၂၃ | | |
| ၁၄ | ကြာညှပ်ကျေးရွာအုပ်စု | ၁၀၂၀၀ | ၈၃၅၈ | ၁၈၄၂ | ၁၇၄၆ | ၉၆ | |
| ၁၅ | ဝါးရုံကုန်းကျေးရွာအုပ်စု | ၂၉၀၀ | ၂၁၉၁ | ၇၀၉ | ၇၀၈ | ၁ | |
| ၁၆ | လက်ပံကုန်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၃၂၉ | ၈၇၁ | ၅၇၁ | ၃၀၀ | |
| ၁၇ | မကျီးကုန်းကျေးရွာအုပ်စု | ၄၄၀၀ | ၂၉၂၈ | ၁၄၇၂ | ၁၆၃၂ | | ၁၆၀ |
| ၁၈ | ကျောက်ဖြူကျေးရွာအုပ်စု | ၂၉၀၀ | ၁၉၉၁ | ၉၀၉ | ၉၀၉ | | |
| ၁၉ | မိုင်းဒိုင်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၄၄၆ | ၇၅၄ | ၉၆၄ | | ၂၁၀ |
| ၂၀ | အင်းနက်ကျေးရွာအုပ်စု | ၅၇၅၀ | ၃၇၁၃ | ၂၀၃၇ | ၁၃၃၈ | ၆၉၉ | |
| ၂၁ | ဖုန်ကုန်းကျေးရွာအုပ်စု | ၃၆၅၀ | ၂၂၂၅ | ၁၄၂၅ | ၁၁၇၃ | ၂၅၂ | |
| ၂၂ | ကျောက်အိုက်ကျေးရွာအုပ်စု | ၁၃၅၀ | ၃၈၁ | ၉၆၉ | ၆၅၉ | ၃၁၀ | |
| ၂၃ | ပေါက်တပင်ကျေးရွာအုပ်စု | ၃၂၅၀ | ၂၃၄၈ | ၉၀၂ | ၅၅၁ | ၃၅၁ | |
| ၂၄ | အမှတ်(၁)ရပ်ကွက်၊တကောင်းမြို့ | ၃၄၅၀ | ၁၈၅၅ | ၁၅၉၅ | ၅၉၅ | ၁၀၀၀ | |
| ၂၅ | အမှတ်(၂)ရပ်ကွက်၊တကောင်းမြို့ | ၂၃၀၀ | ၁၅၁၀ | ၇၉၀ | ၆၉၀ | ၁၀၀ | |
| ၂၆ | အမှတ်(၃)ရပ်ကွက်၊တကောင်းမြို့ | ၁၈၀၀ | ၁၂၅၀ | ၅၅၀ | ၅၅၀ | | |
| ၂၇ | ဆယ်ဇင်းကုန်းကျေးရွာအုပ်စု | ၂၄၅၀ | ၅၂၄ | ၁၉၂၆ | ၇၇၆ | ၁၁၅၀ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၁၈၅၅၀ | ၈၀၆၈၈ | ၃၇၈၆၂ | ၃၀၅၅၄ | ၇၆၇၈ | ၃၇၀ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၄၅ | ၄၂၇ | ၁၈ | ၁၈ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၁၈၉၉၅ | ၈၁၁၁၅ | ၃၇၈၈၀ | ၃၀၅၇၂ | ၇၆၇၈ | ၃၇၀ |

## ငါန်းဇွန်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၉။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၄ အုပ်စု၊ မဲရုံပေါင်း ၁၄၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၂၇၈၅၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၅၂၆၅၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၂၅၈၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၅၁၁၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၁၈၂၀၀ | ၈၅၀၆၇ | ၃၃၁၃၃ | ၂၄၇၆၅ | ၈၃၆၈ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၉၈ | ၁၉၈ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၉၄၅၂ | | ၉၄၅၂ | ၁၀၃၅၂ | | ၉၀၀ |
| | စုစုပေါင်း | ၁၂၇၈၅၀ | ၈၅၂၆၅ | ၄၂၅၈၅ | ၃၅၁၁၇ | ၈၃၆၈ | ၉၀၀ |

၁၀။ ငါန်းဇွန်မြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၄ အုပ်စု၊ မဲရုံပေါင်း ၁၄၂ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၈၃၆၈ ပျောက်ဆုံးနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၉၄၅၂ ဖြစ်သော်လည်း မြေပြင်တွင် ၁၀၃၅၂ ကျန်ရှိနေသဖြင့် မဲလက်မှတ် ၉၀၀ ပိုနေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၁၁။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ငါန်းဇွန်မြို့နယ်၊ မကြီးကြပ်ကျေးရွာအုပ်စု မဲရုံအမှတ် (၃)တွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်များကို ပြန်လည်အပ်နှံထားခြင်းမရှိပါ။ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအချို့သည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်များကို ပြန်လည်အပ်နှံထားရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၂။ ငါန်းဇွန်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | အမှတ်(၁)ရပ်ကွက် | ၂ | ၃၂၀၀ | ၂၀၅၄ | ၁၁၄၆ | ၇၅၅ | ၃၉၁ | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၁ | ၈၅၀ | ၅၃၇ | ၃၁၃ | ၁၁၃ | ၂၀၀ | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁ | ၁၄၀၀ | ၁၀၂၄ | ၃၇၆ | ၂၇၆ | ၁၀၀ | |
| ၄ | အမှတ်(၄)ရပ်ကွက် | ၁ | ၁၇၅၀ | ၁၂၄၂ | ၅၀၈ | ၄၅၈ | ၅၀ | |
| ၅ | သောင်ပြင်ကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၉၂၉ | ၄၂၁ | ၃၂၁ | ၁၀၀ | |
| ၆ | အနောက်တောကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၆၆၇ | ၅၈၃ | ၂၇၃ | ၃၁၀ | |
| ၇ | ဂျိုကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၆၇ | ၂၃၃ | ၁၈၅ | ၄၈ | |
| ၈ | ပန်းကျေးရွာအုပ်စု | ၆ | ၃၅၀၀ | ၂၆၂၃ | ၈၇၇ | ၅၇၇ | ၃၀၀ | |
| ၉ | တောင်လယ်တောကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၉၆၈ | ၅၈၂ | ၄၈၂ | ၁၀၀ | |
| ၁၀ | ထွန်းသာကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၇၃ | ၂၇၇ | ၂၇၇ | | |
| ၁၁ | တမာပင်ကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၂၀၅၅ | ၆၉၅ | ၅၉၅ | ၁၀၀ | |
| ၁၂ | ရွာသစ်ကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၂၂၄၈ | ၅၀၂ | ၄၀၂ | ၁၀၀ | |
| ၁၃ | ကျောက်တလုံးကျေးရွာအုပ်စု | ၆ | ၄၁၅၀ | ၂၈၄၈ | ၁၃၀၂ | ၁၃၀၂ | | |
| ၁၄ | ခြသေ့်လက်ကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၅၇၄ | ၈၇၆ | ၇၇၆ | ၁၀၀ | |
| ၁၅ | သနပ်စစ်ကျေးရွာအုပ်စု | ၆ | ၅၂၀၀ | ၂၉၃၆ | ၂၂၆၄ | ၄၆၄ | ၁၈၀၀ | |
| ၁၆ | စီတောင်းကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၁၆၅ | ၄၃၅ | ၂၃၅ | ၂၀၀ | |
| ၁၇ | မြို့သာကျေးရွာအုပ်စု | ၇ | ၇၆၀၀ | ၅၉၀၇ | ၁၆၉၃ | ၁၂၉၃ | ၄၀၀ | |
| ၁၈ | ဂွန်းကန်ကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၃၉၂ | ၁၀၀၈ | ၃၅၈ | ၆၅၀ | |
| ၁၉ | ရွှေတောင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၄၉ | ၂၅၁ | ၂၅၁ | | |
| ၂၀ | သရက်ကန်ကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၁၈၀၅ | ၉၉၅ | ၉၉၅ | | |
| ၂၁ | ပျင်းလှတောကျေးရွာအုပ်စု | ၅ | ၂၄၅၀ | ၁၆၃၅ | ၈၁၅ | ၇၁၁ | ၁၀၄ | |
| ၂၂ | ကျွဲဇိမ်ကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၅၆၇ | ၅၃၃ | ၄၈၃ | ၅၀ | |
| ၂၃ | ပေါက်စိမ်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၁၀ | ၃၄၀ | ၁၄၀ | ၂၀၀ | |
| ၂၄ | မင်းနေကုန်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၂၆ | ၁၇၄ | ၁၇၄ | | |
| ၂၅ | သံဘိုကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၂၉၇ | ၆၀၃ | ၆၀၃ | | |
| ၂၆ | ဖြူတွင်းကုန်းကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၆၆ | ၁၃၄ | ၁၃၄ | | |
| ၂၇ | ကောင်းဇင်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၁၃ | ၂၈၇ | ၂၈၇ | | |
| ၂၈ | သံကုန်းကျေးရွာအုပ်စု | ၅ | ၃၄၀၀ | ၂၇၇၂ | ၆၂၈ | ၆၂၈ | | |
| ၂၉ | ငါးလွှန့်ကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၆၁ | ၃၃၉ | ၃၃၉ | | |
| ၃၀ | ဆပ်ပျာကျင်းကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၄၂၄ | ၅၇၆ | ၂၆၆ | ၃၁၀ | |

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ



သပိတ်ကျင်းမြို့၌ မဲစာရင်းများအားစစ်ဆေးခြင်း မှတ်တမ်းဓာတ်ပုံ။



ငါန်းဇွန်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် ပျောက် ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၃၁ | မဂျီကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၇၁၇ | ၅၃၃ | ၅၃၃ | | |
| ၃၂ | ရေလယ်သောင်ကျေးရွာအုပ်စု | ၇ | ၃၅၅၀ | ၂၅၄၁ | ၁၀၀၉ | ၆၅၉ | ၃၅၀ | |
| ၃၃ | ကုလားကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၂၄၅၆ | ၄၉၄ | ၄၉၄ | | |
| ၃၄ | ဆင်တပ်ကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၅၁၀ | ၆၄၀ | ၆၄၀ | | |
| ၃၅ | ရွာဘိုကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၁၉၆ | ၂၅၄ | ၂၅၄ | | |
| ၃၆ | ဆင်ဖြူကုန်းကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၀၃၂ | ၅၁၈ | ၄၁၈ | ၁၀၀ | |
| ၃၇ | လက်ပံသာကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၅၁ | ၁၉၉ | ၁၉၉ | | |
| ၃၈ | ရေဇင်းကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၂၂၇၀ | ၅၃၀ | ၅၃၀ | | |
| ၃၉ | သကျင်ကျေးရွာအုပ်စု | ၃ | ၄၂၅၀ | ၃၁၅၀ | ၁၁၀၀ | ၉၅၀ | ၁၅၀ | |
| ၄၀ | လက်ပကျင်းကျေးရွာအုပ်စု | ၄ | ၃၉၅၀ | ၃၀၄၂ | ၉၀၈ | ၆၅၈ | ၂၅၀ | |
| ၄၁ | မကြီးကြပ်ကျေးရွာအုပ်စု | ၃ | ၃၄၀၀ | ၁၉၆၄ | ၁၄၃၆ | ၅၇၆ | ၈၆၀ | |
| ၄၂ | နတ်ကြီးကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၆၆၇ | ၇၃၃ | ၆၃၃ | ၁၀၀ | |
| ၄၃ | မရိုးကုန်းကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၇၉၅ | ၄၀၅ | ၃၅၅ | ၅၀ | |
| ၄၄ | မိုးတောင်ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၇၅၇ | ၇၉၃ | ၇၄၃ | ၅၀ | |
| ၄၅ | သရက်ချိုပင်ကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၂၉၅ | ၄၀၅ | ၃၀၅ | ၁၀၀ | |
| ၄၆ | ကုန်းလည်ကျေးရွာအုပ်စု | ၅ | ၃၀၅၀ | ၂၂၅၁ | ၇၉၉ | ၅၁၁ | ၂၈၈ | |
| ၄၇ | ငါန်းမြာကျေးရွာအုပ်စု | ၆ | ၅၈၀၀ | ၃၈၁၁ | ၁၉၈၉ | ၁၅၃၂ | ၄၅၇ | |
| ၄၈ | အိုင်သာကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၄၂၈ | ၆၂၂ | ၆၂၂ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၄၂ | ၁၁၈၂၀၀ | ၈၅၀၆၇ | ၃၃၁၃၃ | ၂၄၇၆၅ | ၈၃၆၈ | |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၉၈ | ၁၉၈ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၉၄၅၂ | | ၉၄၅၂ | ၁၀၃၅၂ | | ၉၀၀ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၄၂ | ၁၂၇၈၅၀ | ၈၅၂၆၅ | ၄၂၅၈၅ | ၃၅၁၁၇ | ၈၃၆၈ | ၉၀၀ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြို့နယ်အချို့၌ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လေသေနတ်၊ တူမီးသေနတ်၊ လက်လုပ်သေနတ်များကို အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် ဧပြီ ၁၉**

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အချို့၌ ဧပြီ ၁၈ ရက်က လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လေသေနတ်၊ တူမီးသေနတ်၊ လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှ တစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့အပ်နှံရာတွင် ဧပြီ ၁၈ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ အုပ်ချုပ်ရေးမှူးများက ကျေးရွာလုံခြုံရေးအတွက် ကိုင်ဆောင်ခဲ့သည့် တူမီးသေနတ် ၁၀၃ လက်နှင့် လေသေနတ်တစ်လက် ကိုလည်းကောင်း၊ နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် နေပူကုန်းကျေးရွာအုပ်စုမှ လက်လုပ်သေနတ် သုံးလက်ကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်မှ လာရောက်အပ်နှံသော ဒူးလေးတစ်လက်နှင့် မြားတံတစ်ချောင်း တို့ကိုလည်းကောင်း၊ အလားတူ ဧပြီ ၁၉ ရက် နံနက် ၉ နာရီ ၅၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါ မြို့နယ် ကျောမြို့(၂)ရပ်ကွက်မှ တူမီးသေနတ် ခြောက်လက်ကိုလည်းကောင်း အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

အဆိုပါ လေသေနတ်၊ တူမီးသေနတ်နှင့် လက်လုပ်သေနတ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရရှိကာ စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုနယ်မြေအတွင်းသို့ သွားရောက်မည့် လူငယ်သုံးဦးကို ထိန်းသိမ်း

**နေပြည်တော် ဧပြီ ၁၉**

အကြမ်းဖက်ဆန္ဒပြရာတွင်ပါဝင်သော လူငယ်များအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုနှင့် ချိတ်ဆက်၍ အကြမ်းဖက်ဖောက်ခွဲရေး သင်တန်းတက်ရောက်ရန် သွားရောက်မည် ဖြစ်ကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ နယ်မြေများအလိုက် လုံခြုံရေးလုပ်ငန်းများ အထူးကြပ်မတ် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် ဖယ်ခုံမြို့ ကုန်းဆုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ ရန်ကုန်-လွိုင်ကော် ပြေးဆွဲလျက်ရှိသည့် မျိုးဆက်သစ်မှန်လုံယာဉ် ယာဉ်အမှတ်၊ YGN/ 4Q--- ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ ရန်ကင်းမြို့နေသူ သုံးဦးဖြစ်သည့် စွမ်းထက်လှိုင်သော် (၂၀)နှစ်(ဘ)ဦးကျင်ထွေး၊ ဘုန်းမြတ်ဝင်း (၂၁)နှစ် (ဘ)ဦးရဲဝင်းနှင့် မျိုးနန္ဒ (ခ) ကျော်စည်သူ (၂၃)နှစ် (ဘ)ဦးမျိုးကျော်တို့ကို တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ၎င်းတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း နယ်မြေများအတွင်းသို့ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် သွားရောက်ကြမည့်သူများဖြစ်ကြောင်း သိရှိရသဖြင့် အချိန်မီ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ **(ယာပုံ)**



အဆိုပါ ဖမ်းဆီးထိန်းသိမ်းထားသူများကို သက်ဆိုင်ရာရဲစခန်း၌ တရားဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အဆင့် (၄) နေရာမှ ဝက်စ်ဟမ်းအသင်းနှင့် ရမှတ်ကွာဟမှု ငါးမှတ်အထိ ရှိနေသည်။ စပါး အသင်းသည် မကြာမီ အကောင်အထည်ပေါ်လာဖွယ်ရှိနေသည်ဟု သတင်းကြီးနေသော ဥရောပစူပါလိဂ်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် သဘောတူညီထားသည့် အသင်းကြီးခြောက်သင်းထဲမှ တစ်သင်းအပါအဝင် ဖြစ်သည်။ သို့သော်လည်း နည်းပြမော်ရင်ဟို ထုတ်ပယ်ခြင်းမှာ အဆိုပါအကြောင်းအရာနှင့် ဆက်နွှယ်မှု မရှိကြောင်း သိရသည်။

မော်ရင်ဟိုသည် စပါးအသင်းတွင် ပြိုင်ပွဲအရပ်ရပ် ၈၆ ပွဲ တာဝန်ယူကိုင်တွယ်ထားပြီး ၄၄ ပွဲနိုင်၊ ၁၉ ပွဲ သရေနှင့် ၂၃ ပွဲ ရှုံးနိမ့်ထားကြောင်း သိရသည်။

**အောင်ဇော်**

## အစ္စရေးနိုင်ငံတွင် အပြင်ထွက်သည့်အခါ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန်မလိုတော့


အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့တွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ထားခြင်းမရှိဘဲ သွားလာနေကြသူများကို တွေ့ရစဉ်။

**ဂျေရုဆလင် မေ ၁၉**

အစ္စရေးနိုင်ငံတွင် ပြည်သူများ အပြင်ထွက်သည့်အခါ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် မလိုအပ်တော့ဟု အစိုးရက ပြောကြားခဲ့သည်။ အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းမှာလည်း ကျဆင်းနေသည်။ ကျွမ်းကျင်သူများ၏ အကြံပြုချက်အပေါ်မူတည်ပြီး ပြင်ပသို့ ထွက်သည့်အခါ ပြည်သူများ မဖြစ်မနေ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန်အမိန့်ကို အစိုးရက မေ ၁၈ ရက်တွင် ဖယ်ရှားပေးခဲ့သည်။

အစ္စရေးနိုင်ငံတွင် ယခုအချိန်ထိ ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပြီးသူ ၄ ဒသမ ၉၇ သန်းရှိသည်ဟု သိရသည်။ တိုင်းပြည်လူဦးရေ၏ ၅၃ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။အစ္စရေးနိုင်ငံတွင် ဇန်နဝါရီလအတွင်းက ကိုဗစ် -၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၁၀၀၀၀ ကျော်ရှိခဲ့သည်။ သို့သော်လည်း မကြာသေးမီအချိန်အတွင်း ကူးစက်မှုမှာ ၁၀၀ အောက်လျော့ကျခဲ့သည်။

မေ ၁၈ ရက်က ဂျေရုဆလင်ရှိလမ်းမများထက်တွင် ပြည်သူများ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားခြင်းမရှိဘဲ သွားလာနေကြသည်ကို တွေ့မြင်နေရသည်။ ကျွမ်းကျင်သူများ၏ အကြံပြုချက်အပေါ် အခြေခံပြီး ပါးစပ်၊ နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရမည့်အမိန့်ကို ဖယ်ရှားပေးလိုက်သည့်အတွက် လုံခြုံစိတ်ချရသည်ဟု ခံစားရကြောင်း အသက် ၂၀ ဝန်းကျင် အမျိုးသားတစ်ဦးက ပြောသည်။ အသက် ၇၀ ဝန်းကျင် အမျိုးသား တစ်ဦးကမူ ၎င်းအနေဖြင့် ပါးစပ်၊ နှာခေါင်းစည်း မတပ်ဆင်ကြတော့သည့်အတွက် စိုးရိမ်ပူပန်မှုမရှိတော့ဟု ပြောသည်။

အကြောင်းမှာ ၎င်းအနေဖြင့် ကာကွယ်ဆေး ထိုးပြီးသည့်အတွက်ကြောင့် ဖြစ်သည်။ သို့သော်လည်း အများသုံး သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဈေးဆိုင်များတွင် ဝယ်ယူကြသူများသည် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ကြဆဲဖြစ်သည်။ ပြည်သူများအနေဖြင့် ဆိုင်အတွင်းတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန် လိုအပ်နေဆဲဖြစ်သည်။ အပြင်ထွက်သည့်အခါ ပါးစပ်၊ နှာခေါင်းစည်းယူသွားကြရန် အစိုးရက ပြည်သူများကို တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## ဗြိတိန်တွင် ကိုဗစ် -၁၉ နောက်ထပ် ကူးစက်ခံရသူ ၁၈၈၂ ဦးတိုးလာ

**လန်ဒန် မေ ၁၉**

ဗြိတိန်နိုင်ငံတွင် နောက်ထပ် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၈၈၂ ဦးတိုးလာသည့်အတွက် ကိုဗစ် -၁၉ စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၄၃၈၇၈၂၀ အထိရှိလာပြီဟု မေ ၁၈ ရက်တွင် ထုတ်ပြန်သည့် အစိုးရသတင်းအချက်အလက်များအရ သိရသည်။

ကိုဗစ် -၁၉ နှင့် ဆက်စပ်ပြီး နောက်ထပ်သေဆုံးသူ ၁၀ ဦး တိုးလာခဲ့သည်။ ဗြိတိန်နိုင်ငံတွင် ပထမအကျော့ ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပြီးသူ အရေအတွက်မှာ ၃၂ ဒသမ ၈ သန်းရှိသည်ဟု နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ ထိုစဉ် ဗြိတိန်နိုင်ငံရှိ ခရီးသွားလုပ်ငန်းရှင်များက တိုင်းပြည်အတွင်း အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ဖယ်ရှားပေးပြီး စီးပွားရေးပြန်လည် စတင်ခွင့်ပေးရန် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ထံ အိတ်ဖွင့်ပေးစာတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါစာကို မေ ၁၈ ရက်တွင် တယ်လီဂရပ်ဖ်၌ ဖော်ပြခဲ့သည်။ အင်္ဂလန်တွင် နောက်ထပ် အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ဖယ်ရှားပေးခဲ့သည်။ အလှုပြင်ဆိုင်၊ ဆံပင် အလှပြင်ဆိုင်နှင့် အခြားသော ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း မေ ၁၉ ရက်မှ စတင်ကာ ဖွင့်လှစ်ခွင့်ပေးခဲ့သည်။

စားသောက်ဆိုင်များနှင့် အရက်ဆိုင်များတွင် အစားအစာနှင့် အရက်ရောင်းချမှုကို ဆိုင်အပြင်တွင်သာ ဝန်ဆောင်မှုပေးရမည်ဖြစ်သည်။ အားကစားခန်းမများ၊ တိရစ္ဆာန်ရုံများ၊ စာကြည့်တိုက်များနှင့် ပန်းခြံများကို ဖွင့်လှစ်ခွင့်ပေးထားသည်ဟု သိရသည်။

**ဆင်ဟွာ**


ဂျပန်ဝန်ကြီးချုပ်နှင့် ဖိုက်ဇာစီအီးအို အဲဘတ်ဘော်ရယ်လာ။

## ဂျပန်နိုင်ငံတွင် စက်တင်ဘာလအတွင်း ကိုဗစ် - ၁၉ ကာကွယ်ဆေး အလုံအလောက်ရရှိနိုင်ဖွယ်ရှိ

**တိုကျို မေ ၁၉**

ဂျပန်နိုင်ငံသည် စက်တင်ဘာလအတွင်း အမေရိကန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဖိုက်ဇာကုမ္ပဏီထံမှ ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံအလောက် ရရှိနိုင်ဖွယ်ရှိသည်ဟု ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲက အချက်ပြပြောဆိုခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ပြုလုပ်သည့် ဂျပန်ဝန်ကြီးချုပ်၏ ဝါရှင်တန်ခရီးစဉ်အတွင်း နောက်ထပ် ကိုဗစ် -၁၉ ကာကွယ်ဆေးများရရှိရန်အတွက် ဖိုက်ဇာကုမ္ပဏီမှ စီအီးအိုဖြစ်သူ အဲဘတ်ဘော်ရယ်လာထံ တောင်းဆိုခဲ့သည်။ စက်တင်ဘာလအတွင်း ဂျပန်နိုင်ငံရှိ ကာကွယ်ဆေးထိုးနှံခွင့်ရှိသူများကို ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် လုံလောက်သည့် ကာကွယ်ဆေးများရရှိရန် တောင်းဆိုခဲ့သည်ဟု မေ ၁၉ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

၎င်း၏တောင်းဆိုချက်နှင့် ပတ်သက်ပြီး ဖိုက်ဇာကုမ္ပဏီမှ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု ဖိုက်ဇာ စီအီးအိုက ပြောကြားခဲ့သည်ဟု သိရသည်။ အိုဆာကာခရိုင်တွင် အရေးပေါ်အခြေအနေ ကြေညာရန် အလားအလာရှိမှုနှင့် ပတ်သက်၍လည်း ဆူဂါက သတင်းထောက်များကို ပြောကြားခဲ့သည်။ အိုဆာကာတွင် ကိုဗစ် -၁၉ ကူးစက်မှုမှာ လျင်မြန်စွာပျံ့နှံ့နေသည်။ လက်ရှိအခြေအနေများတွင် ကိုဗစ်-၁၉ ကူးစက်မှုများကို ကိုင်တွယ်ဖြေရှင်းလျက်ရှိပြီး ဆေးရုံခုတင်များ လုံလောက်စေရေးအတွက်လည်း အိုဆာကာရှိ အစိုးရက အတတ်နိုင်ဆုံးလုပ်ဆောင်နေသည်ဟု ၎င်းက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၂၅ သန်းကျော်ရှိပြီဖြစ်

**နယူးဒေလီ မေ ၁၉**

အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ စုစုပေါင်း ၂၅ သန်းကျော်ရှိသွားပြီဖြစ်သည်။ မေ ၁၈ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၂၆၃၈၁၀ တိုးလာပြီးနောက် စုစုပေါင်းကူးစက်ခံရသူ ၂၅၀၆၁၉၁၉ ဦးရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

အိန္ဒိယတွင် နေ့စဉ်ကူးစက်မှုနှုန်း ၂၅၀၀၀၀ အထက်တွင် ရှိနေသည်မှာ သုံးရက်ဆက်တိုက် ရှိနေပြီဖြစ်သည်။ ထို့ပြင် မေ ၁၈ ရက် နံနက်ပိုင်းက သေဆုံးသူ ၄၁၀၆ ဦး တိုးလာခဲ့သည်။ အိန္ဒိယနိုင်ငံတွင် လက်ရှိရောဂါခံစားနေရသူ ၃၄၉၃၂၉ ဦးရှိပြီး ဆေးရုံမှ ဆင်းသွားရသူ အရေအတွက်မှာ ၂၁၉၅၃၈၂၁ ဦးရှိသည်။

အိန္ဒိယအစိုးရက အပြည့်အဝအသွားအလာပိတ်ဆို့ကန့်သတ်မှု ပြုလုပ်ထားသော်လည်း နေ့စဉ်ကူးစက်မှုများမှာ ဆက်လက်မြင့်မားနေဆဲ ဖြစ်သည်။ ရောဂါကူးစက်မှုများကြောင့် စာမေးပွဲများကိုလည်း ရွှေ့ဆိုင်းထားသည်ဟု သိရသည်။ **ဆင်ဟွာ**


အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ စစ်ဆေးရန် တို့ဖတ်နမူနာရယူနေသည်ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကာလနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်မှု

လင်းဟန်သစ်

ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုကို တားဆီးထိန်းချုပ်ရန် လူနေမှုဘဝ ပုံစံသစ်တစ်မျိုးဖြင့် ကျင့်သုံးနေထိုင်လာတဲ့နည်းတူ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ သူတို့နိုင်ငံရဲ့ ပညာရေးစနစ်တွေကို လက်ရှိအခြေအနေနဲ့ ကိုက်ညီအောင် ပြောင်းလဲကျင့်သုံးလာခဲ့ကြပါတယ်။ ယခင်က စာသင်ခန်းထဲမှာ ပညာသင်ကြားနိုင်တဲ့ ပုံစံမျိုးမှသည် အခုတော့ အဝေးမှ သင်ယူခြင်း၊ သင်ကြားခြင်းတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒါကလည်း ပြောင်းလဲဖြစ်ပေါ်လာတဲ့ ခေတ်စနစ်ကို လိုက်လျောညီထွေ ပြောင်းလဲကျင့်သုံးရခြင်းပဲ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုများပြားနေတဲ့အချိန်မှာ ပညာရေးကိုလည်း နောက်ချန်မနေခဲ့ချင်တာကြောင့် ကမ္ဘာ့နိုင်ငံ အများစုက အဝေးမှ သင်ကြားခြင်း၊ သင်ယူခြင်းပုံစံကို လိုက်နာကျင့်သုံးခဲ့ရပါတယ်။ ဒါကလည်း နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ စနစ်တစ်ခုနဲ့တစ်ခု ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများတဲ့ နိုင်ငံနဲ့ နည်းတဲ့နိုင်ငံ ဒီလိုမျိုးစံတွေအပေါ်မှာလည်း လိုက်နာချိန်ဆလုပ်ကိုင်ကြရပါတယ်။

### စာသင်ခန်းထဲ ပြန်လည်ဝင်ရောက်

အခုဆိုရင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုဟာ ကမ္ဘာ့နိုင်ငံအချို့မှာ အတော်လေးကျဆင်းလာသလို တချို့ကမ္ဘာ့နိုင်ငံတွေမှာလည်း အတော်လေး ကူးစက်မှုများနေတာကို တွေ့ရပါတယ်။ အခုဆိုရင် ဘရာဇီးနဲ့ အိန္ဒိယနိုင်ငံတွေအပြင် တချို့အာဆီယံနိုင်ငံတွေဆိုရင် ကိုဗစ်-၁၉ ကူးစက်မှုတွေ မြင့်လာတာကို တွေ့ရပါတယ်။ သို့သော်လည်း အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အတော်လေးကျဆင်းလာတာကြောင့် အဲဒီနိုင်ငံမှာရှိတဲ့ ကျောင်းသားအချို့ဟာ အခုဆိုရင် စာသင်ခန်းတွေထဲ ပြန်လည်ဝင်ရောက်နေကြပြီ ဖြစ်ပါတယ်။



အမေရိကန်ကျောင်းသားလေးများ ကျောင်းများပြန်လည်ဖွင့်လှစ်ရန် လက်ကိုင်ပိုစတာများကိုင်ပြီး လှည့်လည်ဆန္ဒဖော်ထုတ်နေစဉ်။

အထူးသဖြင့် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား ကျောင်းသားတချို့ဟာ အရင်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်နေတာကြောင့် အဝေးမှ သင်ကြားသင်ယူမှုတွေ ပြုလုပ်ခဲ့ရာက အခုဆိုရင် စာသင်ခန်းတွေထဲ ပြန်လည်ဝင်ရောက်လာကြပြီဖြစ်ပါတယ်။

### ပညာရေးမညီမျှမှုကို ပိုမိုဖြစ်ပေါ်စေနိုင်

သို့သော်လည်း ဒီလိုကျောင်းတွေပြန်ဖွင့်ပြီး ကျောင်းသားတွေ စာသင်ခန်းထဲ ပြန်လည်ရောက်ရှိလာခြင်းက ကိုဗစ်-၁၉ ကြောင့် မညီမျှမှုတွေ ဖြစ်နေတဲ့ ရှိရင်းစွဲပညာရေးအပေါ် ပညာရေးမညီမျှမှုတွေ ပိုမိုဖြစ်ပေါ်စေနိုင်တယ်ဆိုပြီး ကျွမ်းကျင်သူတွေက အတော်လေး စိုးရိမ်နေကြပါတယ်။

ပညာရေးအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ သက်ရောက်မှုဟာ တစ်မျိုးတစ်မည် ဖြစ်စေပါတယ်။ ကျောင်းသားတွေအနေနဲ့ စာသင်ခန်းနဲ့ ဝေးလေလေ သူတို့ရဲ့ ပညာရေးအောင်မြင်မှုအပေါ် သက်ရောက်မှုက ကြီးမားလေလေပဲဖြစ်ပါတယ်။ သို့သော်လည်း အရာအားလုံးကတော့ အဲဒီလိုမျိုး ဖြစ်နေတာမဟုတ်ပါဘူး။

### အလျင်အမြန်ပြောင်းလဲခဲ့ရ

လွန်ခဲ့တဲ့ နွေဦးရာသီကတည်းက ကျောင်းသားတွေဟာ လူကိုယ်တိုင် စာသင်ခန်းအတွင်း ပညာသင်ကြား၊ သင်ယူမှုဖြစ်စဉ်ကနေ အွန်လိုင်းပညာသင်ယူခြင်းဖြစ်စဉ်အပေါ် အလျင်အမြန်ပြောင်းလဲခဲ့ရပါတယ်လို့ ပရင်စတန်သုံးသပ်ချက် စာစောင်ရဲ့ စာတည်းမှူးချုပ် ရောဘတ်ဖရာနက်ခ်က ပြောကြားလိုက်ပါတယ်။ ကျောင်းသားအားလုံးနဲ့ ကျောင်းအားလုံးကတော့ အဲဒီလိုမျိုး အလုံးစုံအကုန်ပြောင်းလဲနိုင်မှ ပြောင်းလဲနိုင်မှာဖြစ်တယ်လို့ သူက ပြောပါတယ်။

ကယ်လီဖိုးနီးယားပညာရေးဆိုင်ရာ မူဝါဒခွဲခြမ်းစိတ်ဖြာလေ့လာရေးအဖွဲ့က ကိုဗစ်-၁၉ ကပ်ရောဂါဟာ လက်ရှိ ပညာရေးမညီမျှမှုကို ပိုမိုဆိုးရွားစေတယ်လို့ သုံးသပ်တင်ပြထားပါတယ်။

### ကွာဟချက်ကိုကျဉ်းမြောင်းစေမယ့် အဖြေတစ်ခုမဟုတ်

ကျောင်းသားအနည်းစုနဲ့ ဝင်ငွေနည်းမိသားစုက လာတဲ့ ကျောင်းသားတွေဟာ ပုဂ္ဂလိကကျူရှင်တွေ သိပ်မယူနိုင်သလို ချမ်းသာတဲ့ ကျောင်းသားအသိုင်းအဝိုင်းတွေ သုံးနေတဲ့ မြန်နှုန်းမြင့်အင်တာနက်ကိုလည်း မသုံးနိုင်ပါဘူး။ ထို့အတူ တခြားဝန်ဆောင်မှုတွေကိုလည်း မရယူနိုင်ခဲ့ပါဘူး။

ကမ္ဘာတစ်ဝန်းမှာ ဖြစ်နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ အဲဒီကွာဟချက်ကို မိုးနဲ့မြေပမာ ပိုပြီးကြီးမားစေပါတယ်။ ကျောင်းတွေကို အလျင်အမြန်ဖွင့်လှစ်ခြင်းက ဒီကွာဟချက်ကို ကျဉ်းမြောင်းစေမယ့် အဖြေတစ်ခုတော့ မဟုတ်ပေဘူးလို့ ကယ်လီဖိုးနီးယားပညာရေးအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဟီသာ ဟော့ခ်က ထောက်ပြပြောကြားလိုက်ပါတယ်။

### နှစ်သိမ့်အားပေးကူညီဖို့လို

ကျောင်းတွေကို သူတို့ပြန်လာဖို့ဆိုရင် ကျောင်းသားတွေကို နှစ်သိမ့်အားပေးကူညီပေးဖို့လိုသလို သူတို့ရဲ့ ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်နေတဲ့ စိတ်ပိုင်းဆိုင်ရာအခြေအနေကိုလည်း ပြန်လည်ကောင်းအောင် နှစ်သိမ့်ဖေးမပေးဖို့လိုတယ်လို့ သူက ပြောကြားလိုက်ပါတယ်။

သို့သော်လည်း မိဘများနဲ့ နိုင်ငံရေးသမားတွေကတော့ ဒါတွေကို သိပ်သဘောတူချင်ပုံ မရပါဘူး။ သူတို့ကတော့ ကျောင်းတွေကို အမြန်ပြန်လည်ဖွင့်လှစ်ဖို့ကိုပဲ အားစိုက်နေတာတွေ့ရပါတယ်။

အခုချိန်ဟာ ပြတင်းပေါက်အပြင်ဘက်ကို ရှက်လွှင့်ဖို့ အချိန်ပဲ၊ စာသင်ခန်းတွေ ပြန်ဖွင့်ဖို့အချိန်ပဲလို့ ကယ်လီဖိုးနီးယား မြို့တော်ဝန် လန်ဒန်ဘရီးဒ်က ပြောပါတယ်။ မိမိတို့အနေနဲ့ ဝိဝါဒကွဲနေရမယ့်အချိန်မဟုတ်ဘူး။ အကောင်အထည်ဖော် ဆောင်ရွက်ရမယ့်အချိန်ပဲလို့ သူကဆက်ပြောပါတယ်။

### ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ဖို့လို

တချို့ ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆန်းနဲ့ သမ္မတ ဂျိုးဘိုင်ဒင်တို့လို ဒီမိုကရက်တစ်ခေါင်းဆောင်တွေကတော့ ကျောင်းတွေပြန်လည်ဖွင့်လှစ်ဖို့ကို အလိုရှိနေကြပါတယ်။ ဆရာဝန်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ကျန်းမာရေးကျွမ်းကျင်သူတွေကတော့ မူလတန်းကျောင်းလေးတွေ ပြန်လည်ဖွင့်လှစ်ပေးဖို့ သဘောတူကြသော်လည်း သူတို့ထဲက ထက်ဝက်ကျော်လောက်က ငါးတန်းအဆင့်ကျောင်းတွေကို ပိတ်ထားဖို့ သဘောတူကြပါတယ်။

သို့သော်လည်း ကျောင်းတံခါးတွေ မဖွင့်ခင် ကိုဗစ်-၁၉ ဘယ်လောက် လျော့နည်းကူးစက်နိုင်တယ်ဆိုတဲ့ ကူးစက်နှုန်းအပေါ်မှာလည်း ထည့်သွင်းစဉ်းစားရမယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ပြောကြားလိုက်ပါတယ်။

### လုံလောက်တဲ့အချိန်မရသေး

ဆန်ဖရန်စစ္စကို ကျောင်းဘုတ်အဖွဲ့ကတော့ အကွာအဝေးသတ်မှတ်ချက်ကို စဉ်းစားခဲ့သလို ဆောင်းဦးရာသီ မတိုင်မီ ကျောင်းသားတွေ အကုန်ကျောင်းပြန်တက်ဖို့ကိုလည်း သဘောတူခဲ့ကြပါတယ်။ သို့သော်လည်း ဆရာတွေက ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ခြင်းက အလျင်စလိုဖြစ်နေကြောင်းနဲ့ အစီအစဉ်ညံ့ဖျင်းကြောင်း ကျောင်းသားတွေကို အောင်မြင်အောင် ကူညီပေးနိုင်ဖို့ လိုအပ်တဲ့ အရင်းအမြစ်တွေ စုစည်းဖို့ လုံလောက်တဲ့အချိန်မရသေးဘူးလို့ ပြောပါတယ်။

### အဘက်ဘက်က ပြည့်စုံတဲ့ထောက်ပံ့မှု လုပ်ဆောင်ရမယ်

ကျောင်းတွေကို ဘယ်အချိန်ပြန်ဖွင့်ရမလဲ။ ဘယ်လိုမျိုး ပြန်လည်ဖွင့်လှစ်ရမလဲဆိုတာတွေကိုလည်း ဦးစားပေးစဉ်းစားသင့်တယ်လို့ ဟီသာကပြောပါတယ်။

အဘက်ဘက်ကပြည့်စုံတဲ့ ဝန်ဆောင်မှုမျိုးနဲ့ သာမက လိုအပ်တဲ့ ထောက်ပံ့မှုမျိုးကိုလည်း စဉ်းစားဖို့လိုသလို ကျောင်းသားတွေကိုလည်း အားပေးနိုင်ဖို့လိုတယ်လို့ သူက ဆက်ပြောလိုက်ပါတယ်။ ဒါတွေမလုပ်ဘဲ အရင်လိုပုံစံမျိုးနဲ့တော့ ကျောင်းတွေ ပြန်မဖွင့်သင့်ဘူးလို့ သူက သုံးသပ်ပြောကြားလိုက်ပါတယ်။ ။

ကိုးကား - အင်န်အိတ်ချ်ကေ

**“ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုဟာ ကမ္ဘာ့နိုင်ငံအချို့မှာ အတော်လေးကျဆင်းလာသလို တချို့ကမ္ဘာ့နိုင်ငံတွေမှာလည်း အတော်လေး ကူးစက်မှုများနေတာကို တွေ့ရပါတယ်။ အခုဆိုရင် ဘရာဇီးနဲ့ အိန္ဒိယနိုင်ငံတွေအပြင် တချို့အာဆီယံနိုင်ငံတွေဆိုရင် ကိုဗစ်-၁၉ ကူးစက်မှုတွေ မြင့်လာတာကို တွေ့ရပါတယ်။ သို့သော်လည်း အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အတော်လေးကျဆင်းလာတာကြောင့် အဲဒီနိုင်ငံမှာရှိတဲ့ ကျောင်းသားအချို့ဟာ အခုဆိုရင် စာသင်ခန်းတွေထဲ ပြန်လည်ဝင်ရောက်နေကြပြီ”**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

## COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂၆၄၄ ဦးရှိ

### (၁၉–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၈–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၅၉,၈၈၃) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၆၄၄) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၀၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID– 19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ် ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၁၉-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၄၀၆၇၅၃ | ၂၄၉၆၁၂၄၂ | ၅၈၁၀၆၈ |
| ၂။ | အိန္ဒိယ | ၁၅၀၆၁၉၁၉ | ၁၂၉၅၃၈၂၁ | ၁၇၈၇၉၃ |
| ၃။ | ဘရာဇီး | ၁၃၉၄၃၀၇၁ | ၁၂၃၉၁၅၉၉ | ၃၇၃၄၄၂ |
| ၄။ | ပြင်သစ် | ၅၂၈၉၅၂၆ | ၄၁၁၅၉၄၄ | ၁၀၀၇၃၃ |
| ၅။ | ရုရှား | ၄၇၁၀၆၉၀ | ၄၃၃၃၅၉၈ | ၁၀၅၉၂၈ |
| ၆။ | ဗြိတိန် | ၄၃၈၇၈၂၀ | ၄၁၅၀၅၆၈ | ၁၂၇၂၇၀ |
| ၇။ | တူရကီ | ၄၂၆၈၄၄၇ | ၃၆၈၇၅၉၀ | ၃၅၉၂၆ |
| ၈။ | အီတလီ | ၃၈၇၀၁၃၁ | ၃၂၄၈၅၉၃ | ၁၁၆၉၂၇ |
| ၉။ | စပိန် | ၃၄၀၇၂၈၃ | ၃၁၂၉၂၃၄ | ၇၆၉၈၁ |
| ၁၀။ | ဂျာမနီ | ၃၁၅၁၀၃၀ | ၂၇၈၇၂၀၀ | ၈၀၅၉၁ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၉ – ၄ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၀၉၃၀၀ | ၁၄၆၁၄၁၄ | ၄၃၅၆၇ |
| ဖိလစ်ပိုင် | ၉၄၅၇၄၅ | ၇၈၈၃၂၂ | ၁၆၀၄၈ |
| မလေးရှား | ၃၇၇၁၃၂ | ၃၅၅၂၂၄ | ၁၃၈၆ |
| မြန်မာ | ၁၄၂၆၄၄ | ၁၃၁၉၀၃ | ၃၂၀၆ |
| စင်ကာပူ | ၆၀၈၅၁ | ၆၀၄၈၅ | ၃၀ |
| ထိုင်း | ၄၃၇၄၂ | ၂၈၇၈၇ | ၁၀၄ |
| ကမ္ဘောဒီးယား | ၇၀၁၃ | ၂၅၂၄ | ၄၅ |
| ဗီယက်နမ် | ၂၇၉၁ | ၂၄၇၅ | ၃၅ |
| ဘရူနိုင်း | ၂၂၁ | ၂၀၆ | ၃ |
| လာအို | ၅၈ | ၄၉ | ၀ |

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင်စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
စာတိုက်သေတ္တာအမှတ်(၁၄၄)၊
ဖုန်းနံပါတ်၀၆၇–၈၁၀၃၃၄၇၊ ၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ၉-၄-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*ယမန်နေ့မှအဆက်*

၇၂။ **ရဲရဲတောက်ဂျာနယ် အယ်ဒီတာချုပ် အမတ်ဒိန်**က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူ၍ နိုင်ငံတော်၏ အာဏာသုံးရပ်ကို လွှဲပြောင်းပေးသူသည် ယာယီသမ္မတကြီး ဦးမြင့်ဆွေဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၁(ခ)အရ သမ္မတကြီးဦးမြင့်ဆွေသည် နောက်တစ်ကြိမ် ရွေးကောက်ပွဲအပြီး အရွေးချယ်ခံသမ္မတကို လွှဲပေးသည်အထိ သက်တမ်းရှိနေသည်ဟု သိရကြောင်း၊ ယနေ့ မိမိတို့နိုင်ငံ၏ အရေးပေါ်ကာလသည် မည်သည့်အတွက်ကြောင့် နိုင်ငံတော်အာဏာကို ထိန်းသိမ်းရသလဲဆိုသည့် အကြောင်းကို ရှင်းပြနေရကြောင်း၊ ၁၉၅၈ ခုနှစ် ဦးနုက ဦးနေဝင်းကို လွှဲသည့်အချိန်တွင် ဦးနုက နိုင်ငံတော်သည် အရေးပေါ်ကာလဖြစ်လာပြီဖြစ်ကြောင်း၊ ဖဆပလနှစ်ခြမ်းကွဲခြင်း၊ ခါးပိုက်ဆောင်တပ်များ၏ တပ်လှုပ်ရှားမှုများဖြစ်လာကြောင်း၊ သွေးထွက်သံယိုမှုများ ဖြစ်တော့မည်ဖြစ်ကြောင်း၊ ယင်းအခြေအနေတွင် ဦးနေဝင်းသာ ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဦးနေဝင်းကို အာဏာလွှဲသည်ဟု လွှတ်တော်ထဲ၌ တစ်ခါတည်းပြောပြီးလွှဲကြောင်း၊ ယခု မိမိတို့သမ္မတကြီးသည် မည်သည့်အတွက်ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာသုံးရပ်ကို လွှဲရသည်ဆိုသည့်အကြောင်း သမ္မတကြီးကိုယ်တိုင် ပြောခဲ့ခြင်းမရှိပါကြောင်း၊ လွှဲပြောင်းစအချိန်က အချက်အလက်ခိုင်ခိုင်မာမာနှင့် ပြောရန်ခက်ခဲကြောင်း၊ သို့သော် ယနေ့အချိန်တွင် သမ္မတကြီးပြောရန် အချိန်ရောက်ပြီဟု မိမိထင်မြင်မိကြောင်း၊ မည်သည့်အတွက်ကြောင့် အာဏာထိန်းရခြင်းဖြစ်သည်ဟုသာ ပြောနေရပြီး မည်သည့်အတွက်ကြောင့် အရေးပေါ်ကာလဖြစ်ပြီး နိုင်ငံတော်အာဏာကို လွှဲရသလဲဆိုသည့် အဖြေတစ်ခုကို သမ္မတကြီးကိုယ်တိုင် လူထုကိုပြောပြလျှင် ယခု ထက်ပိုရှင်းသွားမည်ဟု မိမိနားလည်ပါကြောင်း၊ ထို့ကြောင့် သမ္မတကြီးမှ လူထုကို ရှင်းပြသည့်မိန့်ခွန်းမျိုး မိမိတို့နားထောင်စရာအကြောင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

### ကျယ်ကျယ်ပြန့်ပြန့် ထပ်မံဖော်ပြပေးမည်

၇၃။ **ဗိုလ်ချုပ်ဇော်မင်းထွန်း** က အကြံပြုချက်အတွက် ကျေးဇူးတင်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူသည့် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူပြီး နိုင်ငံတော်တာဝန် လွှဲပြောင်းရယူရသည့်အကြောင်းနှင့် ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ တင်ပြခဲ့ခြင်းရှိကြောင်း၊ နိုင်ငံတော်၏ ယာယီသမ္မတ ဦးမြင့်ဆွေမှ ယင်းကိစ္စနှင့်ပတ်သက်၍ တရားဥပဒေအရ ဆုံးဖြတ်သည့်အရာများကို ပြောကြားခဲ့သည်များရှိကြောင်း၊ မိမိတို့လည်း ဖော်ပြခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံလိုအပ်လာမည်ဆိုလျှင်လည်း ကျယ်ကျယ်ပြန့်ပြန့် ထပ်မံဖော်ပြပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။



ဆန္ဒပြဆူပူအကြမ်းဖက်သူများအသုံးပြုသည့် လက်နက်ဆက်စပ်ပစ္စည်းများ။

၇၄။ **နေပြည်တော် အွန်လိုင်းသတင်းအေဂျင်စီမှ အယ်ဒီတာ ဦးမင်းမောင်**က ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရွေးချယ်မှုအပိုင်းတွင် လက်ရှိ ဘွဲ့ရပညာတတ် ကျောင်းသားများ မြန်မာနိုင်ငံ၌ များစွာရှိပါကြောင်း၊ ယခင်အစိုးရလက်ထက်တွင်လည်း လုပ်ငန်းများ ရှားပါးခဲ့ပါကြောင်း၊ ယခုအစိုးရလက်ထက်တွင်လည်း လုပ်ငန်းများရှားပါးခဲ့မည်ဆိုလျှင် မိမိတို့၏ လူ့အရင်းအမြစ်ဖြစ်သည့် ပညာတတ်များသည် နိုင်ငံတကာကို သွားရောက်ပြီး မိမိတို့၏အနှစ်သာရဖြစ်သည့် လူငယ်များ၏ ရပိုင်ခွင့်အခွင့်အရေးများ၊ နိုင်ငံတိုးတက်စေသည့် အခွင့်အရေးအားလုံးသည် နိုင်ငံတကာတွင် ကျွန်ခံနေရသည်ကို တွေ့ရကြောင်း၊ ယင်းကိစ္စများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့် မည်သို့စီမံဆောင်ရွက်မှုများရှိသည်ကို ပြည်သူလူထုနှင့် မျိုးဆက်သစ် ပညာတတ်လူငယ်များသိရှိရန်အတွက် ရှင်းပြပေးစေလိုကြောင်း၊ ပြည်တွင်းပြဿနာများ၊ နယ်စပ်ဒေသများ၊ ရှမ်းမြောက်ဒေသတို့တွင် စစ်ဖြစ်နေခြင်းများကို ယခုလက်ရှိ ကြုံတွေ့နေရကြောင်း၊ အေးချမ်းစွာနေလိုသည့် ပြည်သူလူထုများသည် စစ်ဘေးရှောင်နေရပါကြောင်း၊ ထိုသို့စစ်ဘေးရှောင်နေရသည့် ပြည်သူများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့် မည်သို့ကူညီဆောင်ရွက်မှုများရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

### အလုပ်အကိုင်ရရှိရေးဆောင်ရွက်သွားမည်

၇၅။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ရာထူးဝန်အဖွဲ့အနေနှင့် ယခင် ကိုဗစ်-၁၉ ကာလ ရွေးချယ်ရေးဆိုင်ရာလုပ်ငန်းများတွင် ဆောင်ရွက်ရန်ကျန်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန ၁၇ ခုမှ ပြန်တမ်းဝင်အဆင့် လစ်လပ်နေရာ ၄၇၂ နေရာ၊ လက်ထောက်ဆရာဝန်ရာထူး ၂၅ နေရာ၊ လစ်လပ် ၄၇၂ နေရာ အတွက် ခေါ်ယူခြင်း၊ ရေးဖြေစာမေးပွဲများ ဆောင်ရွက်လျက်ရှိသည်ဟု သိရကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လစ်လပ်ဆရာဝန် ၈၄၀ နေရာကို ၆၀၂ ဦးအနက်မှ ရွေးချယ်ပေးရမည့်ကိစ္စများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ကြီးဌာနအသီးသီးမှ လစ်လပ်လျက်ရှိသည့် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ထားရာထူး လစာနှုန်းထား ၂၇၅၀၀၀၊ ၂၉၅၀၀၀ တို့ကို ရွေးချယ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ရွေးချယ်ရေးလုပ်ငန်းစဉ်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ အဆိုပြုပေးပို့လာသည့် ပြန်တမ်းဝင်အရာရှိအဆင့် လစ်လပ်ရာထူးများကို စစ်ဆေးပေးခြင်း၊ အဖွဲ့အစည်းမှ သဘောတူ၊ အတည်ပြုရယူပေးမှသာ ဆောင်ရွက်ခြင်းများ၊ နိုင်ငံပိုင်သတင်းစာများမှခေါ်ယူခြင်း၊ ရေးဖြေစာမေးပွဲစစ်ဆေးပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရကြောင်း၊ ရွေးချယ်ရေးလုပ်ငန်းများတွင် အဆင့်မြှင့် တင်ရန်ရှိပြီး ရွေးချယ်ရေးလုပ်ငန်းများကို အိုင်တီနည်းပညာအခြေခံပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရကြောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်မည့် သင်တန်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် လစ်လပ်သည့်ရာထူးများနှင့် ပတ်သက်၍ ခေါ်နေသည်များကို သတင်းစာထဲတွင် အားလုံးတွေ့နိုင်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်ရရှိရေးနှင့် ပတ်သက်၍ အနည်းငယ်ကွာဟမှုရှိနိုင်ကြောင်း၊ ဝန်ကြီးဌာနများအတွက် ခေါ်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အဓိကလုပ်ငန်းသည် အစိုးရဝန်ကြီးဌာနများ၏ လုပ်ငန်းခန့်အပ်နိုင်မှုကိုသာ လုပ်ခြင်းဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံး၏ ပြည်သူ၊ ပြည်သားများ အလုပ်အကိုင်ရရှိရေးဆိုသည့်အရာသည် အလုပ်အကိုင်အခွင့်အလမ်းများ ပေါလာရန်နှင့် ပိုပြီးဆိုင်လိမ့်မည်ဖြစ်ကြောင်း၊ အစိုးရဝန်ကြီးဌာနများတွင် အလုပ်အကိုင်အခွင့်အလမ်းပေါခြင်းထက် အမှန်တကယ် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ပုဂ္ဂလိကလုပ်ငန်းများ၊ လုပ်ငန်းခွဲများတွင် အလုပ်အကိုင်တိုးလာရန် အရေးကြီးကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ လူ့စွမ်းအားအရင်းအမြစ်များ၊ ပညာရေး၊ သယံဇာတအရင်းအမြစ်များနှင့် ဆက်စပ်နေသည်များလည်း တွေ့နိုင်ကြောင်း၊ မည်သို့ပင်ဆိုစေကာမူ လှိုင်သာယာကိစ္စမျိုးတွင် အထည်ချုပ်စက်ရုံများ မီးရှို့ခံရသည့်ဖြစ်စဉ်မျိုး ဖြစ်ကတည်းက မြန်မာနိုင်ငံတွင် စိတ်ချရသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုတာသည် အတော် ခက်ခက်ခဲခဲ ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်နှင့်ပတ်သက်၍ စိတ်ချစွာ လုပ်ကိုင်နိုင်ရန် ခက်ခက်ခဲခဲ ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့် အခြေခံကျသည့် ပညာရေး၊ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ၊ အခြေခံကျသည့် စိုက်ပျိုးမွေးမြူရေးမှ အလုပ်အကိုင်ရရှိရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ဘေးရှောင်များနှင့် ပတ်သက်၍ပြောရမည်ဆိုပါက တပ်မတော်၏ မူဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မူဝါဒသည် အမြဲရည်ရွယ်ချက်ထားရှိကြောင်း၊ IDP များအနေဖြင့် မိမိ၏ရပ်ရွာများတွင် ပြန်လည်နေထိုင်ပြီး လူမှုစီးပွားဘဝကို ပြန်လည်ထူထောင်နိုင်ရမည် ဆိုသည့် ရည်ရွယ်ချက်မျိုး အမြဲရှိကြောင်း၊

*စာမျက်နှာ ၁၇ သို့*

**“ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ အဆိုပြုပေးပို့လာသည့် ပြန်တမ်းဝင်အရာရှိအဆင့် လစ်လပ်ရာထူး များကို စစ်ဆေးပေးခြင်း၊ အဖွဲ့အစည်းမှ သဘောတူ၊ အတည်ပြုရယူ ပေးမှသာ ဆောင်ရွက်ခြင်းများ၊ နိုင်ငံပိုင်သတင်းစာများမှ ခေါ်ယူခြင်း၊ ရေးဖြေစာမေးပွဲစစ်ဆေးပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ရွေးချယ်ရေးလုပ်ငန်းများတွင် အဆင့်မြှင့်တင်ရန်ရှိပြီး ရွေးချယ်ရေးလုပ်ငန်းများကို အိုင်တီနည်းပညာအခြေခံပြီး အဆင့်မြှင့် တင် ဆောင်ရွက်ပေးလျက်ရှိ”**

*စာမျက်နှာ ၁၆ မှ*

IDP များ မိမိရပ်ရွာကို ပြန်လာနိုင်ရန်အတွက် မိုင်းရှင်းလင်း ရေးလုပ်ငန်းများဆောင်ရွက်ပေးနေကြောင်း၊ ၎င်းနှင့်ပတ်သက်၍ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို မိမိပထမအပိုင်းပြောသည့်အထဲတွင်ပါပြီး ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟု ပြောလိုပါကြောင်း ရှင်းလင်းဖြေကြားသည်။

၇၆။ **Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က တိပိဋက စာမေးပွဲများ၊ ပထမပြန်စာမေးပွဲများကို မည်သည့်ရက်တွင် ကျင်းပသွားရန်ရှိသည်ကို သိလိုကြောင်း၊ ဆရာ၊ ဆရာမများကို ကြီးသူဖြစ်စေ၊ ငယ်သူဖြစ်စေ အားလုံးကို ဂါရဝထားပြီး ရိုသေလေးစားပါကြောင်း၊ သို့သော်ဆရာ၊ ဆရာမမွမ်းမံသင်တန်းများတွင် တက်ရောက်ခြင်းမရှိဘဲ တက်ရောက်စာရင်းပေးထားသည်ကို မည်သို့ကိုင်တွယ်သည်ကို သိလိုပါကြောင်း၊ အခြားဌာနများတွင်လည်း တစ်ဖက်တွင် CDM စာရင်းသွင်းထားပြီး တစ်ဖက်တွင်လည်း လူစားနှင့် လစာလာထုတ်နေခြင်းများကို မည်သို့ဆောင်ရွက်နေသည်ကို သိလိုကြောင်း မေးမြန်းသည်။

### စိစစ်ဆောင်ရွက်သွားမည်

၇၇။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က သာသနာရေးနှင့်ပတ်သက်သည့် စာမေးပွဲကိစ္စများကို သေချာမသိသေးပါသဖြင့် သာသနာရေးကို မေးမြန်းပြီး ပြန်လည် ဖြေကြားပေးမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများနှင့်ပတ်သက်၍ သတင်းထောက်ကြီးပြောသလို ကိစ္စရပ်များရှိကောင်းရှိနိုင်မည်ဖြစ်ကြောင်း၊ သတိထားရမည်မှာ ဝန်ထမ်းလောကတွင်လည်း CDM နှင့်ပတ်သက်၍ တချို့ကိစ္စများမှာ ကြားသိရသည့် သတင်းများအတိုင်း မှန်ကန်သော်လည်း တချို့ကိစ္စများမှာ သတင်းမှားများဖြစ်နေကြောင်း၊ တချို့ကိစ္စရပ်များသည် ပြောင်းပြန်အကျိုးသက်ရောက်မှုဖြစ်နေကြောင်း၊ CDM လုပ်ဆောင်မှုများအတွက် အဓိကလှုံ့ဆော်သူများ၏အမည်များကို တိုင်ကြားနိုင်ရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပေးထားရာ မသမာသူများက ယခုလက်ရှိပုံမှန် ရုံးတက်နေသူများ၏ အမည်စာရင်းကို CDM လုပ်နေသူများက ဖုန်းနှင့်လှမ်းတိုင်ကြားသည့် အဖြစ်အပျက်မျိုးရှိပါကြောင်း၊ သတင်းထောက်ကြီးအနေနှင့် ယခုလို အကြံပြုတင်ပြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သည်များကို စိစစ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၇၈။ **Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကျုံဒိုးကျေးရွာ၌ Social Punishment လုပ်ခံရသည့် ကွမ်းယာဆိုင်တစ်ဆိုင်ကို တပ်မတော်သားများက ပြန်လည်တည်ဆောက်ပေးသည့်အပြင် ထောက်ပံ့ကြေးငွေလည်း ပေးသည်ဆိုသည့် ဝမ်းသာစရာသတင်းကို ကြားသိရပါကြောင်း၊ ဝန်ကြီးပြသသွားသည့် slide show တွင် ကိုကရင်ဆိုသည့် လူသည် မြန်မာနိုင်ငံတွင် ဆူပူအကြမ်းဖက်သူများကြောင့် ပထမဆုံး လူ့အခွင့်အရေး ချိုးဖောက်စော်ကားခံရသည့် လှိုင်မြို့နယ်နေသူဖြစ်ကြောင်း၊ အလားတူ ထိုသို့ခံရသူများလည်း လှိုင်မြို့နယ်၊ သာကေတမြို့နယ်၊ လှိုင်သာယာမြို့နယ်များ၌ များစွာရှိနေကြောင်း၊ မော်လမြိုင်ဖြစ်စဉ်တွင် ကူညီထောက်ပံ့ပေးသကဲ့သို့ ၎င်းတို့ကို ကူညီထောက်ပံ့မှုများပြုလုပ်ရန် အစီ အစဉ်ရှိ/မရှိ သိလိုပါကြောင်း၊ ၎င်းတို့သည် ဘုန်းတော်ကြီးကျောင်းများတွင် ခိုလှုံနေကြရသည်ကို သတင်းကြားသိရပါကြောင်း၊ အဆိုပါကိစ္စရပ်နှင့် ပတ်သက်ပြီး ဖြေကြားပေးပါရန် မေးမြန်းသည်။

၇၉။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က လူမှုရေးနှင့် ပတ်သက်ပြီး ချိုးဖောက်ခံရမှုများ၊ တရားဥပဒေနှင့် ပတ်သက်ပြီး နစ်နာခဲ့ရသူများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ပြီး တရားဥပဒေဘောင်အတွင်းက ပေးအပ်နိုင်သည့် ဆောင်ရွက်ချက်များ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၈၀။ **Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က ဆူပူအကြမ်းဖက်မှုများကို အာရုံစိုက်နေသည့်အချိန်၌ တစ်ဖက်တွင်လည်း နစကအစိုးရတက်လာပြီးသည့် အချိန်တွင် ဆုံးရှုံးမှုများအတွက် မျှော်လင့်နေသည့် တောင်သူလယ်သမားများ ရှိနေပါကြောင်း၊ လယ်ယာမြေနှင့် မြေလွတ်မြေလပ်မြေရိုင်းဥပဒေကို သမ္မတကြီး ဦးသိန်းစိန်လက်ထက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပြဋ္ဌာန်းချက်တွင် မြေလွတ်မြေလပ်မြေရိုင်းများကို လုပ်ငန်းရှင်များရော ဒေသခံများပါ လျှောက်ယူခွင့်ရှိကြောင်း၊ သို့သော် ရန်ကုန်၊ မန္တလေးကဲ့သို့သောနေရာများတွင် လုပ်ငန်းရှင်ကြီးများက ပြင်ဦးလွင်ကဲ့သို့သောနေရာမျိုးရှိ ရွာနီး ချုပ်စပ်ကမြေများကိုပင် နဂိုမူလလုပ်ကိုင်သူရှိပါလျက်နှင့် မြေလွတ်မြေရိုင်းနှင့် လျှောက်ထားရယူသွားသည့် နစ်နာမှုမျိုးများရှိနေပါကြောင်း၊ ပြင်ဦးလွင်သည် အဓိကအများဆုံးနေရာဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

### တရားဝင် တိုင်ကြားစာပေးပို့ရန်လို

၈၁။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဤကိစ္စသည် အလွန်ရှုပ်ထွေးသောကိစ္စဖြစ်ကြောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းအရလည်း ရှုပ်ထွေးကြောင်း၊ တပ်မတော်အနေဖြင့် မြေကေပေါင်းများစွာ စွန့်လွှတ်ခဲ့မှုများရှိပါကြောင်း၊ ထိုမြေကေများအနက် အချို့သည် မူလပိုင်ရှင်လက်ထဲသို့ ယခုထိ မရောက်သေးသည်များလည်း ရှိပါကြောင်း၊ တချို့ကိစ္စများမှာ လုပ်ထုံးလုပ်နည်းအရ ကြာ၍သော်လည်းကောင်း၊ တချို့မြေများသည် မူလပိုင်ရှင် ရှာ၍မရခြင်းကြောင့် သော်လည်းကောင်း၊ မူလပိုင်ရှင်လက်ထဲသို့ မရောက်သေးခြင်းဖြစ်ကြောင်း၊ ယခုမိမိပြောသွားသည်မှာ မိမိတို့လက်တွေ့ကြုံရသည့် ကိစ္စဖြစ်ပြီး သတင်းထောက်ကြီးပြောခဲ့သည့် လုပ်ငန်းရှင်များ၊ မူလလက်ငုတ်လက်ရင်းလူများက ဖယ်ပေးရသည်ဆိုသည့် ကိစ္စနှင့်ပတ်သက်ပြီး မိမိအကြံပြုလိုသည်မှာ မြေယာနှင့် ပတ်သက်ပြီး ယခင်ကတည်းကတိုင် အဖွဲ့အစည်းများရှိပြီးဖြစ်ကြောင်း၊ ထိုအဖွဲ့အစည်းများကို တရားဝင်အကြောင်းကြားစာ၊ တရားဝင်တိုင်ကြားစာပေးပို့ရန် လိုအပ်သည်ဟု ပြောလိုကြောင်း၊ သို့မှသာ တရားဝင်ဖြေရှင်း၍ရမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၈၂။ **Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က ရန်ကုန်တိုင်းဒေသကြီးတွင် ယခင် NLD အစိုးရလက်ထက်တုန်းက YB ကုမ္ပဏီသည် အတော်သတင်းကြီးခဲ့ကြောင်း၊ ယင်းကုမ္ပဏီသည် အစိုးရနှင့်ပတ်သက်ပြီး မြေကွက်ပေါင်းများစွာကို ယူခဲ့သည်ဆိုသည်ကိုလည်း မီဒီယာကြီးများတွင် ဖော်ပြမှုများရှိခဲ့ကြောင်း၊ ယင်းကုမ္ပဏီက မြေများရယူသည့်အပေါ်တွင် မြေကွက်ဖော်စဉ်က အသိမ်းခံခဲ့ရသည့် လယ်သမားများက လုပ်ငန်းဖော်ဆောင်ခြင်းမရှိသဖြင့် လွတ်လပ်နေသည့် နေရာများတွင် လယ်သမားများက ပြန်လည်နေထိုင်ပါကြောင်း၊ နေထိုင်ပြီးသည့်အခါ မိမိတို့၏ ပိုင်ဆိုင်ခွင့်အနေဖြင့် ဂရန်လျှောက်ထားကြကြောင်း၊ ထိုသို့ လျှောက်ထားသည့် လယ်သမား၏ မြေကွက်ကို YB ကုမ္ပဏီက ဝင်ပြီး ဂရန်လျှောက်ထားကြောင်း၊ ယင်းကုမ္ပဏီကို ဂရန်ချပေးပြီး လယ်သမားများကို ဂရန်ချမပေးခဲ့ကြောင်း၊ ထိုပြဿနာများအတွက် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ပြန်လည်စိစစ်ဆောင်ရွက်ပေးရန် ရှိ/မရှိ သိလိုကြောင်း၊ တစ်ဆက်တည်းတွင် တပ်မတော်သား မိသားစုဝင်တစ်ဦးဖြစ်သည့် ဒေါ်သင်းသင်းရီ၏ကိစ္စကို ပြောလိုကြောင်း၊ ၎င်းသည် တပ်မတော်သား မိသားစုဝင်တစ်ဦးဖြစ်ပြီး တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်ကြောင်း၊ ၎င်း၏ ခြံကွက်သည်လည်း တပ်မတော်အစိုးရလက်ထက်တွင် လေးမြို့နယ်စီမံချက်နှင့် ဒေါ်သင်းသင်းရီ၏ မိခင်အမည်ဖြင့် ဂရန်ချထားပေးခဲ့သည့် မြေကွက်ဖြစ်ပါကြောင်း၊ ရပ်ကွက်ပိုင် ပန်းခြံနှင့် ၎င်း၏ ခြံကိုရောပြီး ရာဇာမင်းက ၎င်းတို့အကွက်ပါဆိုပြီး ယူသွားသဖြင့် ဒေါ်သင်းသင်းရီသည် ခြေသလုံးအိမ်တိုင်ဘဝ ရောက်ခဲ့ရပါကြောင်း၊ တပ်မတော်သား မိသားစုဝင်ဖြစ်သော ဒေါ်သင်းသင်းရီသည် ယခုအချိန်တွင် ခြေသလုံးအိမ်တိုင်ဘဝဖြင့် လှည့်လည်ပြီး သူငယ်ချင်းအပေါင်းအသင်းအိမ်များတွင် အဝတ်လျှော်၊ ထမင်းချက်ပေးနေရသည့်ဘဝကို ဆရာတော် ဦးပါမောက္ခက မကြည့်ရက်သဖြင့် ၎င်း၏ အခမဲ့ဆေးခန်း၌ အလုပ်ပေးပြီး စောင့်ရှောက်ထားရပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး အစိုးရနှစ်ဆက်တိုင်တိုင် တင်ပြခဲ့သော်လည်း ယခုအထိပြေလည်မှု မရသေးပါကြောင်း၊ ဒေါ်သင်းသင်းရီကလည်း ဇွဲကြီးစွာနှင့် ဥပဒေစိုးမိုးရေး၊ တရားမျှတမှုရရှိရေးအတွက် ယနေ့အချိန်အထိ ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုလည်း တင်ပြထားကြောင်း၊ ဤကိစ္စများအတွက် မည်သို့ဆောင်ရွက်ပေးရန်အစီအစဉ်ရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

> **“ဝန်ထမ်းလောကတွင်လည်း CDM နှင့်ပတ်သက်၍ တချို့ကိစ္စများမှာ ကြားသိရသည့် သတင်းများအတိုင်း မှန်ကန်သော်လည်း တချို့ကိစ္စများမှာ သတင်းမှားများဖြစ်နေကြောင်း၊ တချို့ကိစ္စရပ်များသည် ပြောင်းပြန် အကျိုးသက်ရောက်မှုဖြစ်နေကြောင်း၊ CDM လုပ်ဆောင်မှုများအတွက် အဓိကလှုံ့ဆော်သူများ၏အမည်များကို တိုင်ကြားနိုင်ရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပေးထားရာ မသမာသူများက ယခုလက်ရှိပုံမှန် ရုံးတက်နေသူများ၏ အမည်စာရင်းကို CDM လုပ်နေသူများက ဖုန်းနှင့် လှမ်းတိုင်ကြားသည့် အဖြစ်အပျက်မျိုးရှိ”**

၈၃။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က နစ်နာသူရှိလျှင် နစ်နာသူက တိုင်ကြားပေးရန်၊ စာရေးပြီးသားရှိပါက မိမိကိုပေးလိုက်ပါရန်နှင့် မိမိမှတစ်ဆင့် သက်ဆိုင်ရာကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ YB ကိစ္စနှင့်ပတ်သက်ပြီးလည်း တိုင်ကြားပါက တရားဥပဒေအရ ဖြစ်စေရမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၈၄။ **Myanmar Nation သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က မြန်မာနိုင်ငံ၌ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားသော်လည်း ဗုဒ္ဓဘာသာကို အထူးကိုးကွယ်သည့် နိုင်ငံဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာမှာ ပရိယတ္တိစာသင်သားများ၊ သံဃာတော်များ စာသင်နေကြကြောင်း၊ ယခုနိုင်ငံရေး၊ စီးပွားရေး အခြေအနေတွင် သံဃာတော်များက တော်တော်လေး အခက်အခဲများရှိကြောင်း၊ ထို့ကြောင့် သာသနာတော်ကြီး ဆက်လက်တည်တံ့ရေးနှင့် ပြန့်ပွားရေးအတွက် စာသင်နေကြသည့် စာသင်သားများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်နေစဉ်ကာလမှစပြီး သံဃာတော်များ စာသင်နိုင်ရန် ထောက်ပံ့ကြေးများ လစဉ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

၈၅။ **ဗိုလ်ချုပ် ဇော်မင်းထွန်း** က သံဃာတော်များနှင့်ပတ်သက်ပြီး တပ်မတော်အနေနှင့် ဆွမ်းဆန်စိမ်း၊ ဆီ၊ ဆား၊ ပဲ စသည့် အမယ်လေးမျိုးတို့ကို လှူဒါန်းခြင်းများ လစဉ်နီးပါး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာဒကာစီမံချက်ဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ သံဃာတော်များ စာသင်ရန် ထောက်ပံ့ရေးအတွက် ယခုသတင်းစာရှင်းလင်းပွဲတွင် ရရှိသည့်အချက်အလက်များအရ သာသနာရေးဝန်ကြီးဌာနကို မိမိပြောပြီး ၎င်းတို့ကလည်း လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

### တပ်မတော်သားများဘဝ မြှင့်တင်ပေးရန်

၈၆။ **Myanmar Nation သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က မြန်မာနိုင်ငံ၌ ရှေးယခင်တပ်မတော်ထက် ယခုတပ်မတော်က များစွာအဆင့်မြင့်မားလာသည်မှာ ထင်သာမြင်သာရှိကြောင်း၊ လက်နက်ပစ္စည်းများ၊ စက်ယန္တရားများ၊ ရေငုပ်သင်္ဘောများ၊ ခေတ်မီလက်နက်ပစ္စည်းများနှင့် တပ်မတော်က များစွာတိုးတက်လာသည်ကို တွေ့ရကြောင်း၊ ဗိုလ်ချုပ်ပြောသွားသည့်အထဲတွင် တပ်မတော်မှ ပြည်သူသို့ လှူဒါန်းမှုများကို ဝမ်းသာစွာဖြင့်တွေ့ရကြောင်း၊ ထိုအခြေအနေများထဲမှ တစ်ဖက်တွင်တွေ့ရသည်မှာ တပ်မတော်သားများ ဘဝကမူ မြင့်မားလာခြင်းမျိုးမရှိကြောင်း၊ လူမှုကွန်ရက်များတွင် တွေ့နေရသည်မှာ ပိုဆိုးကြောင်း၊ တပ်မတော်ချစ်သူများအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရကြောင်း၊ အဘယ်ကြောင့်ဆိုသော် ခြင်းကြားကြီးများလွယ်၍ စစ်တိုက်ထွက်နေရခြင်းများ၊ ရာသီဥတုဒဏ် မကာကွယ်နိုင်သည့် ယူနီဖောင်းများရှိနေခြင်း၊ လမ်းပန်းအခက်အခဲများကို ဖြတ်ကျော်ရန် ဖိနပ်ကောင်းတစ်ရန်ပင်မရှိခြင်းများကို ဗိုလ်ချုပ်တို့က ပိုပြီးသိမြင်လိမ့်မည်ဖြစ်ကြောင်း၊ အများပြည်သူ၏အမြင်တွင် တပ်မတော်ဆိုသည်မှာ အခွင့်ထူးခံလူတန်းစားများဟူ၍ ပြောကြကြောင်း၊ သို့သော် လူ့အခွင့်အရေး အဆုံးရှုံးဆုံး အဖွဲ့အစည်းကိုပြပါဆိုလျှင် တပ်မတော်ကိုသာ ပြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်မီလက်နက်များကို ပံ့ပိုးနေသကဲ့သို့ တပ်မတော်သားများ၏ဘဝကို တိုးတက်မြင့်မားလာအောင် စားဝတ်နေရေး၊ လစာ၊ ခေတ်မီအသုံးအဆောင်ပစ္စည်းများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်မှစတင်ပြီး လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း၊ ပြီးခဲ့သည့်အစိုးရလက်ထက်တွင် တပ်မတော်ဘတ်ဂျက်များလည်း လျှော့ချခံရမှုများလည်းရှိရာ တပ်မတော်သားများ၏ဘဝ မည်မျှခက်ခဲကြမ်းတမ်းသည်ကို ဗိုလ်ချုပ်တို့ ပိုသိသည့်အတွက် တပ်မတော်သားများဘဝ မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

၈၇။ **ဗိုလ်ချုပ်ဇော်မင်းထွန်း** က လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့နေတာများရှိကြောင်း၊ တပ်မတော်အနေနှင့် ခေတ်မီလက်နက်ပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီအောင် ယူနီဖောင်းများကအစ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် ပြည့်စုံမှု များတော့ မရှိသေးကြောင်း၊ ၎င်းတို့နှင့်ပတ်သက်ပြီး ပြည့်စုံအောင် နိုင်ငံတကာခေတ်မီတပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်နိုင်အောင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောခဲ့သည့်အတိုင်း နိုင်ငံတော်က အားထားရသည့်၊ ပြည်သူက အားကိုးရသည့် တပ်မတော်တစ်ရပ်ဖြစ်လာအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နှစ်ကူးဆုတောင်းနှင့် ကောင်းမွန်သော အနာဂတ်

ထက်မင်း

❖ **ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ မိမိတို့၏ အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးနိုင်မည်ဟူ၍ ပြောကြားခဲ့သည့် အားပေးစကားများက နိုင်ငံတော်အစိုးရ၏ စေတနာ၊ မိဘနှင့်တူသော၊ သားသမီးနှင့်တူသော တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် မိသားစု စိတ်ဓာတ်တို့ ပေါ်လွင်ထင်ရှားနေ**

❖ **တိုင်းပြည်တိုးတက်ဖြစ်ထွန်းရေးတွင် ငြိမ်းချမ်းရေး၏ အဓိကကျပုံကိုလည်း ထည့်သွင်းပြောကြားခဲ့ပြီး ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် လုပ်ဆောင်မည့်ပုံစံကို ပွင့်ပွင့်လင်းလင်းပြောကြားထားသည်ကလည်း နိုင်ငံသားတစ်ဦးအနေဖြင့် အားရကျေနပ်ဖွယ်ဖြစ်**

တစ်နှစ်ကူးလို့ နှစ်ဦးကို ရောက်ခဲ့ပြန်ပါပြီ။

နှစ်သစ်ကူးတိုင်း လူသားတို့ မပျက်မကွက် ဆောင်ရွက်ကြသည်များတွင် နှစ်ကူးဆုတောင်းခြင်း၊ နှုတ်ခွန်းဆက်သခြင်းတို့သည်လည်း အပါအဝင်ဖြစ်၏ ။ ကျား/မ မရွေး ၊ ကြီး/ငယ် မဟူ၊ ဆင်းရဲသူ/ချမ်းသာသူမရွေး၊ လူတန်းစားမခြား၊ အလွှာစုံတို့၏ ဆုတောင်းစကားများကို ခြုံငုံကြည့်ပါက “ပျော်ရွှင်ပါစေ၊ ရွှင်လန်းချမ်းမြေ့ပါစေ၊ ကောင်းကျိုးလိုရာဆန္ဒများ ပြည့်စုံပါစေ၊ နှစ်သစ်မှာ အရာအားလုံး အဆင်ပြေချောမွေ့ပါစေ၊ များလူခပ်သိမ်း အေးချမ်းသာယာရှိကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ” စသည့် အေးချမ်းခြင်းကို တောင့်တသော၊ ပျော်ရွှင်ခြင်းကို နှစ်ခြိုက်သော၊ အဆင်ပြေမှုကို လိုလားသော စကားများ ဖြစ်ပါ၏။

### နှစ်ကူးနှုတ်ခွန်းဆက်ဆုတောင်း

ယခုနှစ် မြန်မာနှစ်သစ်ကူးအခါသမယ၌ ဆုမွန်ကောင်း ပို့သခြင်း၊ နှုတ်ခွန်းဆက်စကားများ ပြောကြားခြင်း ပြုကြသူများတွင် နိုင်ငံတော်အကြီးအကဲဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည်လည်း အပါအဝင် ဖြစ်ပါသည်။ ကောင်းကျိုးကို ဦးတည်၍ ဆုတောင်းကြသူများထဲတွင် နိုင်ငံတော်အကြီးအကဲ၏ ဆုတောင်းသည် လက်ရှိပကတိအခြေအနေကို ထင်ဟပ်ပြီး ဖြစ်နိုင်သည့် ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းပေးနိုင်သည့် လက်တွေ့ကျလှသော နှစ်ကူးနှုတ်ခွန်းဆက်ဆုတောင်း တစ်ခုအဖြစ် ခံစားမိပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိဖြတ်သန်းနေသော အခြေအနေသည် ပုံမှန်ကာလမဟုတ်ကြောင်းကို အားလုံးသိရှိပြီးဖြစ်ပါသည်။ ပေါ်ပေါက်လာရသည့် အကြောင်းရင်းကို ဤနေရာတွင် အကျယ်မချဲ့လိုတော့ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာပြီး တပ်မတော်မှ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေချိန်၊ ပုံမှန်မဟုတ်သော အခြေအနေတစ်ခုကို ကာလကန့်သတ်ချက်တစ်ခုအတွင်း ဖြတ်သန်းနေရချိန် ဖြစ်ပါသည်။

### လောကကို သာယာချမ်းမြေ့စွာ ဖြတ်သန်းလို

ပုံမှန်ကာလဖြစ်စေ ၊ ပုံမှန်မဟုတ်သော ကာလတွင်ဖြစ်စေ လူသားဟူသည်က အေးချမ်းမှုကိုမြတ်နိုးသည်၊ တိုးတက်မှုကို မျှော်လင့်သည်၊ အဆင်ပြေမှုများဖြင့် လောကကို သာယာချမ်းမြေ့စွာ ဖြတ်သန်းလိုကြသည်သာဖြစ်ပါ၏။ အထူးသဖြင့် မိမိတို့ မြန်မာလူမျိုးများသည် တင်းတိမ်ရောင့်ရဲတတ်သည့်စိတ်၊ အေးချမ်းတည်ငြိမ်မှုကို နှစ်ခြိုက်သည့်စိတ်၊ ပျော်ရွှင်ချမ်းမြေ့မှုကို အချိန်တိုင်း ၊ နေရာတိုင်းတွင် ရှာဖွေနေထိုင်လိုသည့်စိတ်ရှိကြသူများ ဖြစ်ပါသည်။

လူ့ဘဝတွင် စား၊ ဝတ်၊ နေရေးသည် အဓိကကျသည့် အခြေခံလိုအပ်ချက်ဟု ဆိုပါသည်။ သို့သော် ပြောင်းလဲတိုးတက်လာပြီဖြစ်သည့် မျက်မှောက်ခေတ်တွင်မူ စား၊ ဝတ်၊ နေရေး အဆင်ပြေချောမွေ့နေရုံနှင့်မပြီးတော့ပါ။ လူမှုဘဝလုံခြုံမှု၊ လူတန်းစေ့ နေထိုင်နိုင်မှု၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားမှုတို့သည်လည်း လိုအပ်လာပြီ ဖြစ်ပါသည်။ အနှစ်ချုပ်ကြည့်ပါက တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတို့သည် လူ့အသိုင်းအဝိုင်းတွင် မဖြစ်မနေလိုအပ်လာသည့်သဘော ဖြစ်ပါ၏။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လို

နိုင်ငံတော်အကြီးအကဲက ၎င်းတို့ နိုင်ငံတော်၏ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မြန်မာတိုင်းရင်းသား ပြည်သူများ လိုလားတောင့်တသည့် တည်ငြိမ်အေးချမ်းရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှစ်သစ်ဆုတောင်းတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

ထို့အပြင် လက်ရှိအခြေအနေပေါ်တွင် ဖြစ်ပျက်နေမှုများအား မျက်ကွယ်မပြုဘဲ ညင်သာသည့် အသွင်ကူးပြောင်းမှုကို လုပ်ဆောင်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမြင်ကျယ်မှု ၊ ဉာဏ်ပညာရှိမှုတို့ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းကိုလည်း အလေးအနက်ပြု တိုက်တွန်းထားပါသည်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် တိုင်းပြည်၏ စီးပွားရေးကို ပြန်လည်တည်ဆောက်ရာ၌လည်း စီးပွားရေးအခြေခံအဆောက်အအုံများ ခိုင်မာရေးအတွက် အရေးကြီးသည့် စီးပွားရေး အင်စတီကျူးရှင်းများကို အားပေးခြင်း ၊ သေချာသော ကုန်ထုတ်လုပ်မှုများကို အားပေးခြင်းတို့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း အသိပေးထားပါသည်။

နိုင်ငံ့လူဦးရေ ၁၅ သန်းကျော်အတွက် COVID-19 ကာကွယ်ဆေးများကို ဦးစားပေးအဆင့်(၃)ဆင့်၊ အုပ်စု(၅)စု ခွဲ၍ ဆောင်ရွက်သွားမည့်အစီအစဉ်ကိုလည်းကောင်း၊ လက်ရှိတွင် ကာကွယ်ဆေး ၃ သန်းခွဲ ရောက်ရှိနေပြီး ၂၈ သန်း ထပ်မံရောက်ရှိကာ ပြည်သူများအတွက် ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်၊ ကုသနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အလေးထား လုပ်ဆောင်နေမှုများကို လည်းကောင်း ပြောကြားခဲ့ပါသည်။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ မိမိတို့၏ အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးနိုင်မည်ဟူ၍ ပြောကြားခဲ့သည့် အားပေးစကားများက နိုင်ငံတော်အစိုးရ၏ စေတနာ၊ မိဘနှင့်တူသော၊ သားသမီးနှင့်တူသော တိုင်းရင်းသား ပြည်သူများအပေါ် ထားရှိသည့် မိသားစု စိတ်ဓာတ်တို့ ပေါ်လွင်ထင်ရှားနေပါသည်။

### တိုးတက်သော နိုင်ငံတော်ကို ထူထောင်နိုင်

ကျန်းမာသော၊ ကြံ့ခိုင်သော ပြည်သူများ ဖြစ်ရန်လိုပါသည်။ ကာယစွမ်းအား၊ ဉာဏစွမ်းအားကို အပြည့်အဝ အသုံးချနိုင်ရန်လည်း အရေးကြီးပါသည်။ ကျန်းမာသော မျိုးဆက်ဖြင့်သာ တိုးတက်သော နိုင်ငံတော်ကို ထူထောင်နိုင်မည်ဖြစ်ပါ၏။

တိုင်းပြည်တိုးတက်ဖြစ်ထွန်းရေးတွင် ငြိမ်းချမ်းရေး၏ အဓိကကျပုံကိုလည်း ထည့်သွင်းပြောကြားခဲ့ပြီး ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် လုပ်ဆောင်မည့်ပုံစံကို ပွင့်ပွင့်လင်းလင်း ပြောကြားထားသည်ကလည်း နိုင်ငံသားတစ်ဦးအနေဖြင့် အားရကျေနပ်ဖွယ် ဖြစ်ပါသည်။

### လက်ရှိအခြေအနေကို လက်တွေ့ကျကျရှုမြင်သုံးသပ်

ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်ဆုတောင်းကို ထပ်ဆင့်ဂုဏ်ဖော်ရေးသားနေခြင်းသည် “ရှင်ဘုရင့်ပုဆိုးပိုးချည်းပဲ” ဟူသည့် အတွေးဖြင့် ဘုန်းတော်ဖွဲ့နေခြင်း မဟုတ်ပါ။ နိုင်ငံတော်အကြီးအကဲ၏ နှုတ်ခွန်းဆက်ဆုတောင်းသည် တိုင်းရင်းသားပြည်သူများကို ပွင့်လင်းရင်းနှီးနွေးထွေးစွာ မိသားစုစိတ်ဓာတ်ဖြင့် နိုင်ငံ၏ လက်ရှိအခြေအနေကို လက်တွေ့ကျကျရှုမြင်သုံးသပ်ပြီး လုပ်နိုင်သည့်အခင်းအကျင်းနှင့် ဖြစ်နိုင်သည့်အခြေအနေတို့ကို ရှင်းရှင်းလင်းလင်း ပြောကြားထားခြင်းဖြစ်ပါသည်။ ယင်းသို့သော မင်္ဂလာစကားကို မကြားလိုက်ရသူ၊ မဖတ်လိုက်ရသူ၊ မသိသေးသောသူ၊ သတိမထားမိသောသူ၊ ကြားလိုက်မြင်လိုက်သော်လည်း အမှတ်တမဲ့ဖြစ်နေသေးသော သူတို့ မှတ်မှတ်ထင်ထင်၊ သတိမူစေလိုသည့် မေတ္တာစိတ်အရင်းခံဖြင့် ရေးသားရခြင်း ဖြစ်ပါသည်။

### ပြည်သူများအနေဖြင့် အပြုသဘော ရှုမြင်စေချင်

ပြည်သူတို့ လိုလားသော ဆန္ဒနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မည်ဟု ကတိပြုထားသည့် တပ်မတော်အစိုးရ၏ လုပ်ဆောင်မှုများကို မိမိတို့ ပြည်သူများအနေဖြင့် အပြုသဘော ရှုမြင်စေချင်ပါသည်။ တဒင်္ဂစိတ်ခံစားမှုအတွေးများ ၊ အဖျက်အမှောင့်ပယောဂကြောင့် ဖြစ်ပေါ်လာသည့် သံသယများကို ဘေးဖယ်ကာ ပကတိဖြစ်စဉ်များ၊ လက်တွေ့မျက်မြင်ဘဝများကို နှလုံးသွင်းပြီး ဆင်ခြင်သုံးသပ်ကြစေလိုပါသည်။

နိုင်ငံတော်အစိုးရ၏ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားတိုးတက်မြင့်မားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်က ပါဝင်ပါ ၊ ပူးပေါင်းနိုင်က ပူးပေါင်းပါ၊ ကူညီနိုင်က ကူညီပါ၊ ပံ့ပိုးနိုင်က ပံ့ပိုးပါ၊ ထိုသို့ မဆောင်ရွက်နိုင်ပါကလည်း နားလည်မှုရှိရှိ အချိန်ကာလတစ်ခုအထိ အပြုသဘောဖြင့် စောင့်ကြည့်ကြပါဟု တိုက်တွန်းလိုပါသည်။

### ပဋိပက္ခများ ရပ်တန့်ဖို့ အချိန်တန်

အစိုးရနှင့်ပြည်သူအချို့အကြား၊ နိုင်ငံ့ဝန်ထမ်းအချို့အကြား သွေးခွဲသပ်လျှိုမှုများကြောင့် ဖြစ်ပွားပေါ်ပေါက်ခဲ့ရသည့် ပဋိပက္ခများ ရပ်တန့်ဖို့ အချိန်တန်ပါပြီ။ တိုင်းပြည်လည်း နာ၊ လူထုလည်း နာဘယ်အရာမှ၊ ဘယ်ဘက်မှာမှ ကောင်းကျိုးမဖြစ်၊ ဆိုးညစ်သံသရာကြီးထဲက လွတ်မြောက်ဖို့ အချိန်တန်ပါပြီ။

ဤဆောင်းပါးကို နိုင်ငံတော်အကြီးအကဲက နှစ်သစ်ဆုတောင်း နိဂုံးပိုင်းတွင် ပြောကြားခဲ့သည့် စိတ်နှလုံးချမ်းမြေ့ဖွယ်၊ ကြည်နူးဝမ်းမြောက်ဖွယ်၊ အားတက်ရွှင်လန်းဖွယ်ဖြစ်စေသော အောက်ပါစကားများကို ထပ်မံဖော်ပြခြင်းဖြင့် အဆုံးသတ်လိုပါသည်–

> “ ယခုလို ၁၃၈၄ ခုနှစ် ကျက်သရေမင်္ဂလာရှိတဲ့ နှစ်သစ်ဦးအချိန်ကာလ အခါသမယမှာ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရသည့် နှစ်ဟောင်းတွေမှ အားနည်းချက်များကို ပြုပြင် ၊ အားသာချက်များကို ဆင်ခြင်သုံးသပ်မြှင့်တင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ပေးဆပ်သယ်ပိုးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ကျန်းမာရွှင်လန်းစွာဖြင့် ကျွန်တော်တို့နှင့်အတူ ပြည်ထောင်စုအကျိုးကို လက်တွဲဆောင်ရွက်ကြပါစို့လို့ ဆန္ဒမွန်ပြု နှစ်သစ်ဦးအမှာစကားပါးလိုက်ပါသည်။ အားလုံး ကျန်းမာရွှင်လန်းကြပါစေခင်ဗျာ”

နှစ်ကူးဆုမွန်ကောင်းများနှင့်အတူ ကောင်းမွန်သော မြန်မာ့အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်ကြပါစေကြောင်း။ ။

## အသိပေး ကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိ နေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

(၁၄-၄-၂၀၂၁)

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄) အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ် စာစောင်စာရင်းတွင် မိုလိုတော့ဗ် စာစောင် မပါဝင်ပါ။

အဆိုပါ မိုလိုတော့ဗ်စာစောင်မှာ တရားမဝင် ထုတ်ဝေဖြန့်ချိနေသော စာစောင်သာဖြစ်ပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

(၁၂-၄-၂၀၂၁)

## ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/ ၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website: https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ယနေ့စျေးကွက်ပေါက်စျေးများ

၁၉ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်စျေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်စျေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | | လက်လီစျေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်စျေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်စျေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ခံစားမှုစုံလင် ဒေးစွန်ပါခရီးစဉ်

*လရောင်ဝေ*

ပဲခူးရိုးမတောင်တန်းတောင်စွယ်တွေဟာ စိမ်းစိုညို့မှိုင်းပြီး မြူခိုးတွေတဝေဝေနဲ့ လွမ်းမောစရာကောင်းနေပါတယ်။ ကြည့်လိုက်တိုင်း ညို့ညို့စိမ်းနေတဲ့တောင်တန်းတွေဟာ အနိမ့်အမြင့်အတက်အဆင်း အမို့အမောက်တွေနဲ့ ရစ်ဖွဲ့ယှက်သိုင်းနေသလိုပါပဲ။ ရန်ကုန်-မန္တလေးကားလမ်းဟောင်းအတိုင်းလာရင် ပဲခူးမြို့နယ် ဝမ်းဘဲအင်းရွာအနီးမှာ ဒီလိုမြင်ကွင်းတွေ မြင်တွေ့ခံစားရမှာဖြစ်သလို မြန်မာနိုင်ငံရဲ့ခရီးသွားခရီးစဉ်တစ်ခုဖြစ်လာတဲ့ ဒေးစွန်ပါတောင်နဲ့ ဒေးစွန်ပါစေတီတော်ကို သွားရောက်ဖူးမြော်လေ့လာနိုင်မှာ ဖြစ်ပါတယ်။

## စိတ်အပန်းပြေစရာ

ဒေးစွန်ပါတောင်ဟာ ဝမ်းဘဲအင်းကျေးရွာရဲ့ အနောက်ဘက်သုံးမိုင်ခန့် အကွာမှာတည်ရှိပြီး အဲဒီတောင်ပေါ်မှာ ဒေးစွန်ပါစေတီတော်တည်ရှိနေတာ ဖြစ်ပါတယ်။ ပဲခူးရိုးမတောင်စွယ်တောင်တန်းတွေအနက် ဒေးစွန်ပါတောင်တန်းဟာ လောကီခရီးလမ်းနဲ့ ဂမ္ဘီရစိတ်ဝင်စားသူတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာသိုက်သဖွယ်ဖြစ်သလို ရန်ကုန်မြို့နဲ့ နေ့ချင်းပြန်ခရီးအဖြစ် ဘုရားလည်းဖူးရင်း အပန်းဖြေခရီးထွက်လိုသူတွေအတွက် အဆင်ပြေ၊ စိတ်ချမ်းမြေ့စရာကောင်းတဲ့ နေရာတစ်ခုလည်းဖြစ်လို့ ကုသိုလ်လည်းရ စိတ်အပန်းပြေစရာလည်း ဖြစ်ပါတယ်။

ရန်ကုန်-မန္တလေး ကားလမ်းဟောင်းကနေပြီး ဝမ်းဘဲအင်းကျေးရွာအရောက်မှာ တောင်ခြေအထိ ကားနဲ့ သွားရောက်လို့ရတာမို့ ခရီးလမ်းပန်းလည်း အဆင်ပြေပါတယ်။ တောင်ခြေမုခ်ဦးဝကနေပြီး ဒေးစွန်ပါတောင်ပေါ်အထိ လှေကားထစ်တွေအတိုင်း အတက်အဆင်းတွေနဲ့ တက်ရောက်ရတာဖြစ်လို့ မွန်ပြည်နယ်က တန်ခိုးကြီး ကျိုက်ထီးရိုးစေတီတော်ကို တက်ရောက်ဖူးမြော်ရတဲ့ အတွေ့အကြုံခံစားမှုမျိုး ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။



ဒေးစွန်ပါတောင်နဲ့ ဒေးစွန်ပါစေတီတော်ဟာ ပဲခူးရိုးမအစပ် တောင်ပေါ်မှာ တည်ရှိနေတာမို့ တောပန်း၊ တောင်ပန်းတွေနဲ့အတူ တောတောင်သဘာဝ အလေ့ကျပွင့်တဲ့ပန်းတွေရဲ့ ရနံ့တွေဟာ လေအဝှေ့မှာ ဆွတ်ပျံ့ဖွယ်ရာ ထုံသင်းနေပါတယ်။ ပတ်ဝန်းကျင်တစ်ခွင်မှာလည်း တောရိပ်၊ တောင်ရိပ်တွေနဲ့ အံ့ဆိုင်းအေးချမ်း တိတ်ဆိတ်နေတာမို့ ငြိမ်သက်ပြီးစိတ်ချမ်းမြေ့မှုကို ဖြစ်ပေါ်စေပါတယ်။

ဒေးစွန်ပါစေတီတော်အတက်လမ်း ကွက်လပ်နဲ့ တောင်တန်းနံဘေး တစ်နေရာမှာ ရေချိုတွင်း တစ်တွင်း ရှိပါတယ်။ ရေကောင်းရေသန့်ဖြစ်ပြီး ဘယ်လောက်ခပ်ခပ် ကုန်ခန်းသွားတယ်လို့ မရှိကြောင်း သိရပါတယ်။ တောင်ခြေကနေပြီး အတက်အဆင်းစောင်းတန်းငယ် ၂၇ ခန်းခန့်ရှိနေပေမယ့် အဆင်းအတက်အမြင့်ကို တက်သွားရတဲ့ တောင်တန်းတွေများပါတယ်။ တချို့နေရာတွေ အတော်များများမှာ လက်ရန်းတွေ တပ်ဆင်ထားတာမို့ လှေကားထစ်အတိုင်း တက်ရတာ အဆင်ပြေစေပါတယ်။

## အေးမြလန်းဆန်းမှု ဖြစ်ပေါ်စေ

တောင်တန်းတွေတစ်လျှောက် တက်ရောက်လာတဲ့သူတွေအတွက်သစ်သားထိုင်ခုံအရှည်တွေကို စနစ်တကျထားရှိပေးထားတာမို့ ဘုရားဖူးပြည်သူတွေ အပန်းဖြေနားနေဖို့ အဆင့်သင့်ရှိနေတာဖြစ်ပါတယ်။ ဒ့ါအပြင် ထိုင်ခုံသီးခြားချထားပေးမှုတွေလည်းရှိတာမို့ ပြည်သူတွေ အေးအေးလူလူနားနေအမောဖြေနိုင်ပါတယ်။ ဒီလိုထိုင်ခုံတွေမှာ အနားယူအမောဖြေတဲ့ အချိန်မှာ တောတောင်တွေကို ဖြတ်သန်းတိုက်ခတ်လာတဲ့ သန့်ရှင်းလတ်ဆတ်တဲ့ လေနုအေးကို ရှူရှိုက်ခွင့်လည်းရရှိတာမို့ ရင်ထဲအထိ အေးမြလန်းဆန်းမှု ဖြစ်ပေါ်စေပါတယ်။

ဒေးစွန်ပါစေတီတော်ပေါ် ရောက်ခါနီး ပေ ၇၀ ခန့်အလိုမှာတော့ အတက်လမ်းဟာ အနည်းငယ်မတ်စောက်နေတာမို့ အဆင့်သုံးဆင့်နဲ့ တည်ဆောက်ပေးထားတာတွေ့ရပါတယ်။ အတက်လမ်းအဆင့်တစ်ဖြတ်တိုင်းမှာ လှေကားထစ်တွေအတိုင်းအားပြုတက်ရောက်နိုင်ဖို့အတွက် ဘေးတစ်ဖက်တစ်ချက်စီမှာ လက်ကိုင်တန်းတွေ တပ်ဆင်ပေးထားတာမို့ အသက်အရွယ်ကြီးတဲ့ ဘုရားဖူးတွေအတွက် အဆင်ပြေစေပါတယ်။ အတက်အနည်းငယ်မတ်စောက်သလိုရှိပေမယ့် လူငယ်တွေအတွက်တော့ အပန်းမကြီးပါဘူး။ အသက်ကြီးတဲ့ ဘုရားဖူးတွေအတွက်တော့ အဲဒီအတက်လမ်းအဖြတ်တိုင်းမှာ နားပြီးတက်ရောက်နိုင်ဖို့ ထိုင်ခုံရှည်တွေကို လုံလုံလောက်လောက် ထားရှိပေးထားပါတယ်။


အတက်လမ်းတစ်လျှောက်မှာ အထမ်းသမားတွေကိုလည်း တွေ့ရတာမို့ ဒီအထမ်းသမားတွေဟာ ဘုရားရင်ပြင်တော်အထိ သယ်ပို့နေတာ ဘုရားစောင်းတန်းတစ်လျှောက် ဖွင့်ထားတဲ့ဆိုင်တွေကို ပစ္စည်းတွေ သယ်ပို့တာတွေဖြစ်ကြောင်း မေးမြန်းကြည့်လို့ သိရပါတယ်။ ဒေးစွန်ပါစေတီတော်ရင်ပြင်ပေါ်ရောက်တဲ့အခါ ဘုရားဖူးဦးရေ လူ ၁၀၀ ကျော်လာရောက်ဖူးမြော်နိုင်တဲ့ အကျယ်အဝန်းရှိကြောင်း သတိပြုမိပါတယ်။

## လိုဏ်ဂူငယ်တစ်ခုစီရှိ

ရင်ပြင်တော်ပေါ်မှာ အာရုံခံတန်ဆောင်း၊ ဘုရားဝတ်ပြုဖူးမြော်ရာနေရာ၊ ဗားမဲ့ဂူသို့ သွားရောက်နိုင်တဲ့နေရာ၊ တံခွန်တိုင်နဲ့ကျောင်းဆောင်တွေ၊ သမိုင်းဝင်ဆံတော်ရှင် ဒေးစွန်ပါစေတီအတွက် ဘက်စုံအလှူဌာနစတဲ့နေရာတွေ ရှိပါတယ်။ ရွှေရောင်ဝင်းပနေတဲ့ ကြည်ညိုစရာဖူးမြော်လိုစိတ် ဖြစ်ပေါ်စေတဲ့ ဒေးစွန်ပါစေတီကို စိတ်တိုင်းကျ ပူဇော်ဖူးမြော်နိုင်ပါတယ်။ ဒေးစွန်ပါစေတီတော်ရဲ့ အရန်စေတီတော်တိုင်းမှာ လိုဏ်ဂူငယ်တစ်ခုစီရှိပြီး ဗုဒ္ဓဆင်းတုတစ်ဆူစီ ပူဇော်ခံထားတာလည်း တွေ့ရပါတယ်။

ဒေးစွန်ပါစေတီရင်ပြင်ပေါ်က ပတ်ဝန်းကျင်တစ်ခွင်ကို လှမ်းမျှော်ကြည့်လိုက်ရင်တော့ တောင်ခိုးတွေ၊ မြူတွေရစ်သိုင်းလွှမ်းခြုံထားတဲ့ စိမ်းညို့ညို့ ပဲခူးရိုးမတောင်တန်းတွေကို လွမ်းမောဖွယ်ရာ တွေ့မြင်ရပါတယ်။ ကြည့်လိုက်တိုင်း မှိုင်းမှုန်ရီဝေ စိမ်းစိုနေတဲ့ တောတောင်သဘာဝအလှဟာ ကိုယ်တွေ့မြင်ပြီး လက်တွေ့ခံစားရတဲ့ စိတ်ခံစားမှုဟာ မွန်းကျပ်မှုစိတ်ဖိစီးမှုတွေကို လျော့ကျလွင့်စဉ်စေပြီး ပကတိအေးချမ်းလွတ်လပ်တဲ့စိတ်ကို ဖြစ်ပေါ်စေပါတယ်။

*စာမျက်နှာ ၂၁ သို့*



**“ဒေးစွန်ပါတောင်နဲ့ ဒေးစွန်ပါစေတီတော်ဟာ ပဲခူးရိုးမအစပ် တောင်ပေါ်မှာ တည်ရှိနေတာမို့ တောပန်း၊ တောင်ပန်းတွေနဲ့အတူ တောတောင်သဘာဝ အလေ့ကျပွင့်တဲ့ပန်းတွေရဲ့ ရနံ့တွေဟာ လေအဝှေ့မှာ ဆွတ်ပျံ့ဖွယ်ရာ ထုံသင်းနေပါတယ်။ ပတ်ဝန်းကျင်တစ်ခွင်မှာလည်း တောရိပ်၊ တောင်ရိပ်တွေနဲ့ အံ့ဆိုင်းအေးချမ်း တိတ်ဆိတ်နေတာမို့ ငြိမ်သက်ပြီးစိတ်ချမ်းမြေ့မှုကို ဖြစ်ပေါ်စေ”**

## ငါးသိုင်းချောင်းမြို့၌ (၇၅) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**ငါးသိုင်းချောင်း မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် (၇၅) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြန်မာနှစ်ဆန်းတစ်ရက်နေ့ မေ ၁၇ ရက်က ကျင်းပရာ ဒေသခံပြည်သူများ စုပေါင်း၍ ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ပစ္စည်းများကို ဆွမ်းလောင်းမဏ္ဍပ်ခုနစ်ခု ဖွင့်လှစ်လောင်းလှူကြသည်။

ငါးသိုင်းချောင်းမြို့ ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းတိုက် စုစုပေါင်း ၆၂ ကျောင်းမှ သံဃာတော်အပါး ၄၀၀ ခန့် မြို့တွင်းရှိ ဆွမ်းဆန်စိမ်းလောင်း မဏ္ဍပ်များသို့ လှည့်လည်ကြွချီ အလှူခံယူကြောင်း သိရသည်။

**စိုးမင်းဦး(ငါးသိုင်းချောင်း)**

## ကသာ-အင်းတော် ကားလမ်းပိုင်း တိုးချဲ့ပြုပြင်

**စစ်ကိုင်း မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်နှင့် အင်းတော်မြို့နယ်သို့ ဆက်သွယ်ထားသော ၁၈ မိုင်အရှည်ရှိ ကားလမ်းပိုင်းကို ကသာနှင့် နားရခေါင်ကျေးရွာအတွင်းကျန်ရှိနေသော အရှည်နှစ်မိုင်ရှိလမ်းပိုင်းကို ယခင်က အကျယ် ၃ ဒသမ ၆၆ မီတာရှိခဲ့ရာမှ ယခုအခါလမ်းပိုင်းအကျယ် ၅ ဒသမ ၅ မီတာ တိုးချဲ့ခဲ့ပြီး တင်ဒါအောင်မြင်သောကုမ္ပဏီက ကတ္တရာခင်းခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက် လုပ်ကိုင်နေရာ ယခုအခါ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် ၄၅၄ ဒသမ ၄ သန်း ကုန်ကျမည်ဖြစ်ရာ အဆိုပါကုန်ကျငွေကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကုန်ကျခံမည်ဖြစ်ပြီး မိုးမကျမီ အမြန်ဆုံးပြီးစီးစေရန် ဆောင်ရွက်နေကြကြောင်း အင်းတော်မြို့နယ် လမ်းဦးစီးဌာနမှ သိရသည်။

**လူအောင်(ကသာ)**

*စာမျက်နှာ ၂၀ မှ*

ဒေးစွန်ပါတောင်စေတီရဲ့ လက်ဝဲဘက်မှာတော့ ရွှေစွန်ပါ၊ မြစွန်ပါနဲ့ တောင်တက်လမ်းက ရင်ကွဲဇရပ်ကို တွေ့မြင်ရသလို မျှော်တော်ယောင်စေတီ ရင်ပြင်တော်နဲ့ တစ်ဆက်တည်းမှာရှိတဲ့ သိုက်နန်းကြီးအပြင် နွားဖော့တောင်ကလည်း လူတွေစိတ်ဝင်စားတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ဒေးစွန်ပါစေတီ ရင်ပြင်ပတ်ချာလည် အရှေ့၊ အနောက်၊ တောင်၊ မြောက်မှာတော့ လှေကားထစ်လေးများနဲ့ လမ်းတွေ တည်ဆောက်ထားပါတယ်။ ဒေးစွန်ပါစေတီရဲ့အနီးမှာတော့ လမ်းလေးတွေရှိပြီး အဲဒီတောလမ်း၊ မြောင်လမ်းလေးတွေကနေတစ်ဆင့် တောင်စောင်းမှာရှိတဲ့ စေတီငယ်တွေ၊ ရသေ့၊ ရဟန်းတွေ သီတင်းသုံးနေရာတွေကို သွားလာနိုင်ကြပါတယ်။

ဒေးစွန်ပါစေတီအနီးမှာ နတ်ရေကန်လည်း ရှိတာမို့ အဲဒီကန်အနီးမှာ လူတွေရေချိုးတာ၊ ရေသုံးတာမျိုး မပြုလုပ်နိုင်အောင် ဆိုင်းဘုတ်နဲ့ တားမြစ်ထားပါတယ်။ အန္တရာယ်ကင်း၊ ဘေးကင်းဖို့အတွက်နဲ့ ကျန်းမာရေးအတွက် အကျိုးပြုတဲ့ ရေကန်အဖြစ် သတ်မှတ်ထားတာဖြစ်ပါတယ်။ ဒေးစွန်ပါစေတီမှာ နှစ်စဉ်နှစ်တိုင်း နက္ခတ်စုံတဲ့ တန်ဆောင်မုန်းလပြည့်ညတိုင်းမှာ ဆေးပေါင်းခပွဲ ကျင်းပလေ့ရှိပါတယ်။ လောကီရေးရာ ထွက်ရပ်ပေါက်ကျင့်ကြံသူတွေ၊ နက္ခတ်ဆရာတွေနဲ့ ယုံကြည်သူတွေ၊ ဘုရားဖူးတွေ အများအပြား လာရောက်ကြတဲ့ပွဲပါပဲ။

ဒေးစွန်ပါစေတီရဲ့ ဘုရားစောင်းတန်းတစ်လျှောက်မှာတော့ ဒေသထွက်ဆေးမြစ်တွေ ရောင်းတဲ့ဆိုင်၊ တောတောင်ကရရှိတဲ့ ဆေးဝါးတွေ ရောင်းချတဲ့ဆိုင်၊ ပန်းဆိုင်၊ ထမင်းဆိုင်၊ အအေးဆိုင်နဲ့ စာအုပ်ဆိုင်တွေလည်း ရှိတာမို့ ဒေသထွက်လက်ဆောင်တွေ ဝယ်ယူလို့လည်းရရှိနိုင်ပါတယ်။ ပဲခူးရိုးမတောတောင်တွေအတွင်းက ရရှိတဲ့ရှားပါးဆေးမြစ်၊ ဆေးရွက်တွေနဲ့ ပျားရည်တွေလည်း ဝယ်ယူရရှိနိုင်တာမို့ အပြန်လက်ဆောင်အတွက် အဆင်ပြေပါတယ်။

### ပါရမီထူးသူတွေ တွေ့ရှိဖူးမြော်နိုင်

ဒေးစွန်ပါစေတီရဲ့အနီးမှာ စေတီတွေလည်း ရှိတာမို့ ရောက်တုန်းရောက်ခိုက် သွားရောက်ဖူးမြော်လို့ ရပါတယ်။ ဒေးစွန်ပါစေတီရဲ့ အနောက်တစ်ကြောမှာ ကျိုက်စွန်ပါစေတီ၊ ကျောက်ထီးကျောက်ဖျာ၊ ရွှေစေတီ၊ ဂမုန်းရှင် ဂမုန်းတောင်၊ လှိုင်းခတ် စေတီ၊ ကမ္ဘာ့ရောင်ခြည်စေတီတွေကို ဖူးမြော်နိုင်မှာ ဖြစ်ပါတယ်။ ဒေးစွန်ပါစေတီတော် အစစ်ဟာ နိက္ခမ်ရွှေစင်ပကတိနဲ့ ထုလုပ်ထားတဲ့ ကိုးတောင်ပြည့်စေတီတစ်ဆူဖြစ်ပြီး စေတီတော်နဲ့ အတူ တစ်ပင်လုံးနက်မှောင်နေတဲ့ ကင်ပလင်းနတ်ပင်တစ်ပင်၊ ထူးခြားတဲ့ရေကန်တစ်ကန်နဲ့ လူသူတော်တစ်ပါးကို ပါရမီထူးသူတွေ တွေ့ရှိဖူးမြော်နိုင်ကြတယ်လို့လည်း ဆိုကြပါတယ်။

ဒေးစွန်ပါတောင်ပေါ်မှာ တည်ထားတဲ့ ဒေးစွန်ပါစေတီကို တက်ရောက်ဖူးမြော်ရာမှာ လမ်းခရီးတစ်လျှောက် ဒေးစွန်ပါ၊ ကျိုက်စွန်ပါ၊ ဒေးလားစွန်ပါ၊ မြစွန်ပါ၊ ရွှေစွန်ပါဆိုတဲ့ စေတီတွေတည်ရှိပြီး ဖူးမြော်နိုင်ပါတယ်။ ဒီအမည်တွေဟာ တစ်ချိန်က မွန်ဘုရင်နဲ့မွန်လူမျိုးတွေ နေထိုင်ခဲ့ကြလို့ မွန်နာမည်တွေဖြစ်နေတာဖြစ်ပါတယ်။ လမ်းခရီးမှာ ယောဂီတွေ၊ သီလရှင်တွေ၊ ရသေ့တွေ၊ အလှူခံနေရာတွေဟာ ကျိုက်ထီးရိုးစေတီ တက်ရောက် ဖူးမြော်တဲ့ လမ်းခရီးလိုပါပဲ။

ဒေးစွန်ပါတောင်အနီးမှာ ရွှေစွန်ပါစေတီ၊ ကျိုက်စွန်ပါစေတီ၊ မြစွန်ပါစေတီ၊ ကျောက်ဖျာစေတီ၊ ကျောက်ထီးစေတီ၊ လေးကျွန်းမာန်စေတီ၊ မျှော်တော်ယောင်စေတီ၊ အောင်စကြာစေတီ၊ ဗုဒ္ဓစကြာစေတီ၊ လောကစကြာစေတီ၊ မာသိဒ္ဓိရှင်စေတီ၊ အောင်သိဒ္ဓိစေတီ၊ ဂမုန်းတောင်စေတီ၊ ရသေ့တောင်စေတီ၊ အင်ကြင်းတောင်စေတီ၊ မဟာဗောဓိစေတီ၊ ဘော်ကြိုစေတီ၊ ရွှေစာရံစေတီ၊ မဏိကေသာဆံတော်ရှင်စေတီတော် တည်ရှိတာမို့ လှည့်လည်ဖူးမြော်လို့လည်း ရပါတယ်။

### ခံစားမှုစုံလင်

ဒေးစွန်ပါစေတီဘုရားပွဲကတော့ တပို့တွဲလပြည့်နေ့တိုင်း စည်ကားစွာကျင်းပတာမို့ ဘုရားပွဲနဲ့ တိုက်ဆိုင်ပြီးပဲဖြစ်ဖြစ် ဒီအပြင်နေ့ကြီး ရက်ကြီးတွေနဲ့ တိုက်ဆိုင်လို့ပဲဖြစ်ဖြစ် သွားရောက်လေ့လာဖူးမြော်နိုင်သလို ဒေးစွန်ပါတောင်ခရီးစဉ်ကလည်း ပြည်တွင်းပြည်ပ ခရီးသွားတွေအတွက် ထူးခြားတဲ့ စိတ်ခံစားမှုနဲ့ အတွေ့အကြုံအသစ်တွေရရှိနိုင်ပြီး ခံစားမှုစုံလင်တဲ့၊ အပန်းဖြေနိုင်တဲ့ ခရီးစဉ်အဖြစ် တည်ရှိနေပါတယ်။ ။

## ဈေးကွက်အလားအလာ ကောင်းမွန်သောကြောင့် ခရမ်းသီး အလုံးကြီးမျိုးများ တိုးချဲ့စိုက်ပျိုးလာကြ


**ရန်ကုန် မေ ၁၉**

ဈေးကွက်အလားအလာ ကောင်းမွန်သောကြောင့် ခရမ်းသီး အလုံးကြီးမျိုးများကို တိုးချဲ့စိုက်ပျိုးလာကြကြောင်း ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင် စိုက်ပျိုးရေးဇုန်ရှိ ခြံစိုက်ပျိုးသူများထံမှ သိရသည်။

“ကျွန်တော့်ခြံက ဒန့်သလွန်နဲ့ ချဉ်ပေါင် အဓိကစိုက်ပျိုးပါတယ်။ ခရမ်းသီးကိုတော့ ပင်ရေ ၁၅၀၀ တိုးချဲ့စိုက်ပျိုးထားပါတယ်။ ခရမ်းသီးအကြီးမျိုး (မီးဖုတ်စားတဲ့ ခရမ်းသီးမျိုး) ဖြစ်ပါတယ်။ မက်ဆီကန်မျိုး (မက္ကဆီကို နိုင်ငံက လာတဲ့မျိုး)ပါ။ နောက်ပြီး သူက ပုံမှန်မိရိုးဖလာ ခရမ်းမျိုးတွေနဲ့ မတူဘဲ ဈေးကွက်လည်း ပိုရှိတယ်။ ကျွန်တော်တို့ မြန်မာတွေကတော့ ရုံဖန်ရုံခါ မီးဖုတ်စားတယ်ပေါ့နော်။ ဥရောပနိုင်ငံတွေမှာဆိုရင်တော့ ဒီခရမ်းသီးမျိုးကို အဓိကဟင်းလျာအတွဲအစပ်တွေထဲမှာ ပါဝင်ပါတယ်။ ပါးပါးလေးလှီးပြီး ကြော်စားတာတို့၊ ဘာတို့ လုပ်စားကြတယ်။ အနောက်တိုင်းမှာ တော်တော်လေး စားသုံးနေကြတယ်။ ဒါကြောင့် ဈေးကွက်အရ အကျိုးရှိပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ Natural Valley Farm မှ စီမံအုပ်ချုပ်သူ ဦးခင်မောင်စိုးက ပြောသည်။

ပေါ်ဦး ပေါ်ဖျားကာလများတွင် ခရမ်းသီးအကြီးမျိုး သုံးတင်းဝင် အိတ်တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀ ဝန်းကျင်ရရှိပြီး အထွက်နှုန်းများပြားသည့် ကာလများ၌ သုံးတင်းဝင် အိတ်တစ်အိတ်ကို ငွေကျပ် ၁၅၀၀၀ ဝန်းကျင်ရရှိကြောင်း သိရသည်။

“အပင်မြေပေါ်ရောက်ပြီး ရက် ၆၀ အကြာ၊ နှစ်လသားလောက်ဆိုရင် အသီးခူးဆွတ်ပြီး ဈေးကွက်တင်ပို့လို့ရပါပြီ။ အဓိကဈေးကွက် အနေနဲ့ကတော့ ဒဂုံကုန်စိမ်းလက်ကားဒိုင်ကြီးနဲ့ ချိတ်ဆက်ရောင်းချပါတယ်။ ပွဲစားတွေက ခြံအရောက် လာဝယ်ယူကြပါတယ်။ ကိုယ်တိုင်လည်း ထောက်ကြန့်ဈေးကို ကားနဲ့တင်ပို့ ဒိုင်သွင်းရောင်းချပါတယ်။ အပင် စတင်စိုက်ပျိုးတဲ့ ဩဂုတ်လကနေ နောက်နှစ်အထိ တစ်နှစ်ပတ်လည်အတွင်း တစ်ပင်ကို ခရမ်းသီးအလုံးရေ ၁၅၀ ဝန်းကျင် ထွက်ရှိပါတယ်။ ပြန်ရောင်းတဲ့အခါကျတော့ လက်လီဈေးနှုန်းက တစ်လုံးကို ငွေကျပ် ၃၀၀ ကနေ ငွေကျပ် ၅၀၀ လောက်နဲ့ ရောင်းကြတယ်။ လက်ကားရောင်းချရာမှာတော့ သုံးတင်းဝင် အိတ်နဲ့ ထည့်ရောင်းတယ်” ဟု ဦးခင်မောင်စိုးက ဆက်လက်ပြောသည်။



အဆိုပါ ခရမ်းသီးမျိုးကို စိုက်ပျိုးရာတွင် ရေပေးဝေမှုစနစ် နိုင်နင်းပြီး ရာသီဥတုအခြေအနေ ကောင်းမွန်ပါက မည်သည့်လတွင်မဆို စိုက်ပျိုးနိုင်ကာ ပုံမှန်အားဖြင့် ဩဂုတ်လတွင် ပျိုးထောင်၍ စက်တင်ဘာလတွင် စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၉**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်သည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ နေဇော်အောင် (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ ဟန်သီသီဇော် (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ စောမတ်ဟဲလ်ထူး (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | မင်းကြီးညိုရပ်ကွက်၊ တောင်ငူမြို့။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ မင်းခန့်ကျော် (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ ဆွေမာအောင် (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ ဇာနည်ထွန်း (လ/ထ ဆရာဝန်) | အင်းတော် ပြည်သူ့ဆေးရုံ | အင်းတော်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ ရဲမာန်မျိုးဝင်းထွန်း (လ/ထ ဆရာဝန်) | ရေတာရှည် ပြည်သူ့ဆေးရုံ | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ ပြည့်စုံထွန်း (လ/ထ ဆရာဝန်) | ရေတာရှည် ပြည်သူ့ဆေးရုံ | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ နေလင်းဇော် (လ/ထ ဆရာဝန်) | စစ်တွေ ပြည်သူ့ဆေးရုံ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ အိအိခိုင် (လ/ထ ဆရာဝန်) | စစ်တွေ ပြည်သူ့ဆေးရုံ | ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၁ | ဒေါက်တာ နွယ်နွယ်ဝင်း (လ/ထ ဆရာဝန်) | လွိုင်လင် ပြည်သူ့ဆေးရုံ | လွိုင်လင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။ | ၅၀၅-က |  |
| ၁၂ | ဒေါက်တာ ဖြိုးဂျန်အောင် (လ/ထ ဆရာဝန်) | အင်းတော် ပြည်သူ့ဆေးရုံ | ထီးချိုင့်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၃ | ဒေါက်တာ စန်းအောင်လင်း (လ/ထ ဆရာဝန်) | ကျိုက်လတ် ပြည်သူ့ဆေးရုံ | ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၄ | ဒေါက်တာ အောင်ကိုကို (လ/ထ ဆရာဝန်) | စစ်တွေပြည်သူ့ဆေးရုံကြီး | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။ | ၅၀၅-က |  |
| ၁၅ | ဒေါက်တာ ချစ်တိုင်းအောင် (လ/ထ ဆရာဝန်) | လှိုင်းဘုန်းကျေးရွာ၊ တိုက်နယ်ဆေးရုံ | မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၆ | ဒေါက်တာ ဖြိုးဝေဇင် (လ/ထ ဆရာဝန်) | မြဝတီ ပြည်သူ့ဆေးရုံ | မြဝတီမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၇ | ဒေါက်တာ အာကာသစ်ထွန်း (လ/ထ ဆရာဝန်) | မိုးကုတ် ပြည်သူ့ဆေးရုံ | မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၈ | ဒေါက်တာ ယုမောင် (လ/ထ ဆရာဝန်) | မိုးကုတ် ပြည်သူ့ဆေးရုံ | မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၉ | ဒေါက်တာ ကျော်သူရ (အထူးကု) | ကျပ်ပြင်တိုက်နယ် ဆေးရုံ | မိုးကုတ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂၀ | ဒေါက်တာ သဲဝါလင်း (လ/ထ ဆရာဝန်) | မော်လမြိုင်ပြည်သူ့ ဆေးရုံကြီး | မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ဖြိုးဝေဇင်(လ/ထဆရာဝန်)သည် "ခေတ်မှီ" အထူးကုဆေးခန်း၌လည်းကောင်း၊ မိုးကုတ် ပြည်သူ့ဆေးရုံမှ ဒေါက်တာ အာကာသစ်ထွန်း (လ/ထ ဆရာဝန်)သည် "သမားတော်" ဆေးခန်း၌လည်းကောင်း၊ မိုးကုတ်ပြည်သူ့ဆေးရုံမှ ဒေါက်တာ ယုမောင် (လ/ထ ဆရာဝန်) သည် "စွမ်းအားသစ်"ဆေးခန်း၌ လည်းကောင်း၊ မိုးကုတ်ပြည်သူ့ဆေးရုံမှ ဒေါက်တာ ကျော်သူရ(လ/ထဆရာဝန်)သည် ပုဂ္ဂလိကဆေးခန်း၌လည်းကောင်း၊ မော်လမြိုင်ပြည်သူ့ဆေးရုံမှ ဒေါက်တာ သဲဝါလင်း (လ/ထ ဆရာဝန်)သည် "အဓိပတိ" ဆေးခန်း၌ လည်းကောင်း တာဝန်ကျရာဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။




ဒေါက်တာ ဖြိုးဝေဇင် (လက်ထောက်ဆရာဝန်၊ မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီး) ဆေးကုသနေသည့် "ခေတ်မှီ"အထူးကုဆေးရုံ မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ဖြိုးဝေဇင်

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှ



ဒေါက်တာ အာကာသစ်ထွန်း(လက်ထောက်ဆရာဝန်၊ မိုးကုတ်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် "သမားတော်"ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ အာကာသစ်ထွန်း



ဒေါက်တာ ယုမောင် (မိုးကုတ်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် "စွမ်းအားသစ်"ဆေးခန်း မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ယုမောင်




ဒေါက်တာ ကျော်သူရ (မိုးကုတ်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် ဆေးခန်း အမည်မရှိမှတ်တမ်းဓာတ်ပုံ




ဒေါက်တာ ကျော်သူရ




ဒေါက်တာ သဲဝါလင်း(လက်ထောက်ဆရာဝန်၊ မော်လမြိုင်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် "အဓိပတိ"အထွေထွေရောဂါ ကုဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ သဲဝါလင်း

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့သွားရောက်၍ အခကြေးငွေရယူဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

❖ ခေတ်သစ်နယ်ချဲ့ အလိုကျ ရူးရူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေ ကြွေလွင့်ကြရမယ်။ မကောင်းမှု ရှောင်ကာ ကောင်းမှု ဆောင်နိုင်ကြပါစေ။ စိတ်ဖြူ နှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။

# ပဲခူးမြို့ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် သေဆုံးသူအရေအတွက်နှင့် ပတ်သက်၍ လူမှုကွန်ရက်ပေါ်၌ စာရင်းမှားများ ပျံ့နှံ့လျက်ရှိ

**နေပြည်တော် မေ ၁၉**

ဧပြီလ ၉ ရက်တွင် ဖြစ်ပွားခဲ့သော ပဲခူးမြို့ပေါ်ရပ်ကွက်များအတွင်း အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းစဉ် ဆူပူအကြမ်းဖက်သူများက ရန်ပြုတိုက်ခိုက်ခဲ့ခြင်း ဖြစ်စဉ်များနှင့် ပတ်သက်၍ ၁၀-၄-၂၀၂၁ ရက်ထုတ် နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖြစ်စဉ်သတင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ယင်းဖြစ်စဉ်များတွင် ပဲခူးမြို့ပေါ်ရပ်ကွက်အချို့တွင် ဆူပူအကြမ်းဖက်သူများက လက်လုပ်သေနတ်များ၊ ကျည်စစ်ကျည်မှန်များ၊ လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများ၊ လေးနှင့်မြားများ၊ လေးခွများ၊ ဂျင်ဂလိများ၊ လက်လုပ်ဒိုင်းများ အစရှိသော တရားမဝင် အကြမ်းဖက်လက်နက်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်ပြုတိုက်ခိုက်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းများအတိုင်း ထိန်းသိမ်းဆောင်ရွက်ခဲ့ရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုများအား ထိန်းသိမ်းဆောင်ရွက်ရာတွင် ပစ်ခတ်မှုကြောင့် သေဆုံးမှုများရှိလာပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သေမှုသေခင်းဖွင့်ပြီး စနစ်တကျ မှတ်တမ်းတင် ဆောင်ရွက်လျက်ရှိသလို သေဆုံးသူအလောင်းများ (Dead Bodies) အား မြှုပ်နှံသင်္ဂြိုဟ်ပြီးသည်အထိ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကာ သေဆုံးသူတိုင်း၏ မှုခင်းဆိုင်ရာ မှတ်တမ်းများအား စနစ်တကျထိန်းသိမ်းထားရှိပါသည်။

ဧပြီလ ၉ ရက်၊ ပဲခူးမြို့တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စနစ်တကျမှတ်တမ်းတင်ထားသော စာရင်းများအရ ဆူပူအကြမ်းဖက်သူများဘက်မှ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အမျိုးသားလေးဦး သေဆုံးခဲ့ကာ အကြမ်းဖက်သူ အမျိုးသား ၃၆ ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။ ဆူပူအကြမ်းဖက်သူများ၏ အကြမ်းဖက်လက်နက်များ၊ ကျည်စစ်ကျည်မှန်များဖြင့် တိုက်ခိုက်မှုကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

သို့ရာတွင် ပဲခူးဖြစ်စဉ်များနှင့်ပတ်သက်၍ သေဆုံးသူအရေအတွက်အား လူမှုကွန်ရက်ပေါ်တွင် အခြေအမြစ်မရှိသော သတင်းတု၊ သတင်းအမှားများ ရေးသားခဲ့သဖြင့် သေဆုံးသူအရေအတွက်များ အဆမတန် ဖောင်းပွနေပြီး ထိုသတင်းများကို အခြေခံ၍ ထိုင်းနိုင်ငံအခြေစိုက် တရားမဝင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က ပဲခူးဖြစ်စဉ်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဆန္ဒပြသူသေဆုံးသည့် အရေအတွက်အား ၈၂ ဦးအထိ ဖော်ပြခဲ့ပါသည်။ AAPP မှ ဖော်ပြထားသောစာရင်းတွင် ၇၆ ဦးမှာ အမည်အပါအဝင် မည်သည့်ကိုယ်ရေးအချက်အလက်မှ မပါဝင်ဘဲ အရေအတွက်ကိုသာ ဖော်ပြထားကြောင်းတွေ့ရှိရသဖြင့် သေဆုံးသည်ဟု အတည်မပြုနိုင်သော သူများသာဖြစ်ကြောင်း တွေ့ရှိရပါသည်။

စိစစ်ချက်များအရလည်း အမှန်တကယ် သေဆုံးသူမှာလေးဦးသာ ဖြစ်သဖြင့် လူမှုကွန်ရက်များတွင် ဖော်ပြနေသည့် အခြေအမြစ်မရှိသော သတင်းအမှားများအား အတည်မပြုနိုင်ကြောင်း တွေ့ရပါသည်။

အမှန်တကယ် သေဆုံးမှုများရှိပါက ဥပဒေအရ သက်ဆိုင်ရာသို့ အလောင်းအပ်နှံပြီး သေမှုသေခင်းဖွင့်ကာ သေဆုံးသည့် အကြောင်းအရာကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ရမည် ဖြစ်သည့်အတွက် AAPP မှ ထုတ်ပြန်သော အဆိုပါသေဆုံးမှု အရေအတွက်သည် အခြေအမြစ်မရှိသော စွပ်စွဲချက်သာ ဖြစ်ပါသည်။

အခြားဆူပူအကြမ်းဖက်မှုဖြစ်စဉ်များ၌ ဖြစ်ပွားခဲ့သည့် သေဆုံးမှု ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ပစ်ခတ်မှုကြောင့်မဟုတ်ဘဲ ဆူပူအကြမ်းဖက်သူများ အချင်းချင်း ပစ်ခတ်မှုကြောင့် သေဆုံးခြင်းနှင့် အခြားနည်းလမ်းဖြစ်သည့် ဆူပူအကြမ်းဖက်သူများက အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ သတ်ဖြတ်ခြင်းများလည်း ရှိခဲ့ပါသည်။ သို့ဖြစ်၍ ပဲခူးဖြစ်စဉ်တွင်လည်း အလားတူ အခြေအနေမျိုးများရှိနိုင်ပြီး ဆူပူအကြမ်းဖက်သူများက ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များ ပေါ်ပေါက်ခြင်းမရှိစေရန် ကွယ်ဝှက်ထားသည့် အခြေအနေများရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များအတိုင်း အကြမ်းဖက်သမားများကိုသာ အကန့်အသတ်ဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပြီး သေဆုံးသူများနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သေမှုသေခင်းဖွင့်၍ စနစ်တကျ မှတ်တမ်းတင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

# မြို့တော်ရန်ကုန်မှ နိုင်ငံတစ်ဝန်းသို့ ရေထွက်ကုန်ပစ္စည်းဖြန့်ချိရာ ရွှေပိတောက်ငါးဈေးကြီး

## အောင်သပြေ၊ ဓာတ်ပုံ - ဇွဲမာန်

တပေါင်းလကုန်၍ တန်ခူးလဆန်းသို့ ချင်းနင်းဝင်ရောက်လာသော်လည်း မိုးရိပ်တို့လွင့်ပျောက်လျက် တန်ခူးနွေ၏အပူရှိန်သည် နံနက် နေထွက်သည်နှင့် ရန်ကုန်မြို့ပေါ်တွင် ဖြာကျလျက်ရှိသည်။ နံနက် ၈ နာရီခန့် တရိပ်ရိပ်တက်လာသော အပူလှိုင်းကြား၌ စီးပွားရေးမြို့တော်၏ ဂုဏ်အင်္ဂါနှင့်အညီ လူအများ လှုပ်လှုပ်ရှားရှား သွားလာလျက်ရှိသည်။ အထူးသဖြင့် ဟင်းသီးဟင်းရွက်ဖြန့်ချိရာ သီရိမင်္ဂလာဈေး၊ တည်းကုန်းဈေးနှင့် ရေထွက်ကုန်ဖြန့်ချိရာ စံပြငါးဈေး၊ ရွှေပိတောက်ငါးဈေးတို့မှာ ရောင်းသူ ဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။ အရောင်းအဝယ် အစည်ကားဆုံးဈေးမှာ ရေထွက်ပစ္စည်းများ အဓိကဖြန့်ဖြူးနေသည့် ရွှေပိတောက်ငါးဈေးကြီးဖြစ်သည်။

တစ်ချိန်က ဈေးရုံသာရှိပြီး အရောင်းအဝယ်မရှိဘဲ စံပြငါးဈေးတွင်သာ စည်ကားခဲ့ရာမှ ၂၀၂၀ အတွင်း ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်းအလွန်တွင် လမ်းပေါ်နှင့် ရပ်ကွက်အတွင်း ရောင်းချနေသော ငါးဒိုင်များ၊ မူလဆိုင်ခန်းရှိသော ဈေးသည်များနှင့် ပျံကျ ဈေးသည်များကို ရွှေပိတောက်ငါးဈေးကြီးအတွင်း ပြန်လည်နေရာချထားပေးခဲ့ပြီး ပျံကျဆိုင်ခန်းများ တိုးချဲ့ဖွင့်လှစ်ခဲ့သောကြောင့် သီရိမင်္ဂလာကုန်စိမ်းဈေးကြီးနှင့် ကပ်နေသည့် ရွှေပိတောက်ငါးဈေးကြီး၌ နေ့စဉ် အရောင်းအဝယ်ကောင်းလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ရွှေပိတောက်ငါးဈေးကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့ပြနှင့် ကျေးလက်ဒေသများသို့ ရေထွက်ပစ္စည်း စားကုန်များ အဓိကဖြန့်ဖြူးသည့် ငါးဈေးကြီးတစ်ခုအဖြစ် သက်ဝင်စည်ကားလျက်ရှိသည်။

### အရောင်းအဝယ်အဆင်ပြေ

ရွှေပိတောက်ငါးဈေးမှ ဈေးသာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးကျင်စောက "ဒီငါးဈေးကြီး ပြန်စည်လာတာ ၂၀၂၀ ဧပြီလနောက်ပိုင်းက စတယ်လို့ ဆိုရမှာပါ။ ဖွင့်လှစ်ခဲ့တာက ၂၀၁၄-၂၀၁၅ ခုနှစ်က ဆိုပေမယ့် အရောင်းအဝယ် မရှိခဲ့ဘူး။ ဆိုင်ခန်းပိုင်ရှင်တွေရှိပေမယ့် ဟိုဘက် စံပြငါးဈေးမှာ ရောင်းကြတာများတယ်။ စပြီးတည်ဆောက်ကတည်းက ဒီဈေးဟာ နေရာကျယ်ဝန်းပြီး ဝင်လမ်း ထွက်လမ်းကောင်းတယ်။ ကားပါကင်ကျယ်ဝန်းပြီး ငါးဈေးဟာ မြစ်နဲ့လည်း ကပ်တယ်။ ပြီးတော့ ဟင်းသီးဟင်းရွက်နဲ့ သီးနှံဈေးကြီးနဲ့ ပူးတွဲရှိနေလို့ ကုန်ကြိုတဲ့သူတွေအတွက်လည်း အဆင်ပြေတယ်။ ပတ်ဝန်းကျင်အနေအထား ကောင်းမွန်လို့ ငါးဈေးကြီးက ပိုပြီးစည်ကားလာတယ်ဆိုရင် မမှားပါဘူး။ ရေထွက်ကုန်ဝင်ရောက်မှု ဝယ်လိုအားကောင်းသလို တစ်ဆင့်ပြန်ရောင်းတဲ့ ရောင်းလိုအားလည်း ကောင်းမွန်တဲ့ဈေးကြီး ဖြစ်လာပါတယ်။ သင်္ကြန်ကာလမှာ တိုင်းဒေသကြီးအတွင်းက မြို့နယ်တွေ စားသောက်ကုန်အဆင်ပြေအောင် ဆိုင်အများစု ဖွင့်ခဲ့ပါတယ်။ ပြီးတော့ ဈေးရုံကြီးအတွင်းမှာပြုပြင်သင့်တာတွေကို ရန်ကုန်မြို့တော်စည်ပင်သာယာ ဌာနမှူးနဲ့ ပူးပေါင်းညှိနှိုင်းပြီး သင်္ကြန်ပိတ်ရက်မှာ လုပ်ဆောင်ခဲ့ပါတယ်။ သင်္ကြန်ကာလမှာ ရေငန်ငါး၊ ပုစွန် ဝင်ရောက်မှုမရှိဘဲ မွေးမြူရေးရေထွက်ကုန်တွေပဲ ဝင်ရောက်ခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် စံပြငါးဈေးရဲ့ လမ်းပေါ်က ဈေးသည်တွေကို ခွဲထုတ်လိုက်ချိန်မှာ အရင်က တိတ်ဆိတ်နေတဲ့ ရွှေပိတောက်ငါးဈေးကြီး ပြန်စည်ကားလာတယ်လို့ ဆိုရမှာပါ။ လုပ်ငန်းရှင်တွေ အဆင်ပြေပြီး အလုပ်သမားတွေလည်း အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုရလာကြတယ်။ အခုကာလမှာ ရွှေပိတောက်ငါးဈေးက ဆိုင်တွေအနေနဲ့ အရောင်းအဝယ် အဆင်ပြေပါတယ်"ဟု ပြောကြားသည်။

### ရေချို ရေငန် ထွက်ကုန်များ နေ့စဉ်တင်ပို့ပေး

ရွှေပိတောက်ငါးဈေးကြီးသို့ ရန်ကုန်၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ရေချိုကုန်ပစ္စည်းများ ဝင်ရောက်နေပြီး ရန်ကုန်တိုင်းအတွင်းရှိ ကမ်းနီးပင်လယ်ငါးဖမ်းလုပ်ငန်းမှ ရေငန်ငါး၊ ပုစွန်များလည်း ဝင်ရောက်လျက်ရှိသည်။ ယခုလပိုင်းတွင် ရေချိုကုန်ပစ္စည်းသာ ဝင်ရောက်မှုများသောကြောင့် တစ်ပိုင်တစ်နိုင် ရေလုပ်ငန်း လုပ်ကိုင်သူများနှင့် ငါး/ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသူများ အဆင်ပြေလျက်ရှိသည်။

ပြည်ပပို့ကုန်နည်းခြင်းနှင့် ပြည်တွင်းဈေးကွက်ကိုသာ ဖြန့်ဖြူးရောင်းချရခြင်းတို့ကြောင့် ကိုဗစ်မတိုင်မီကာလထက် ရေထွက်ကုန်မှ ဝင်ငွေလျော့ကျသွားသော်လည်း ပြည်တွင်းစားသုံးမှုတွင် ယခင်ကထက် ပိုမိုဖူလုံစေလျက်ရှိသည်။ ရွှေပိတောက်ငါးဈေးကြီးမှ ရေထွက်ကုန်များကို မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်း ဒေသများ၊ အိန္ဒိယနှင့် 



ရွှေပိတောက်ငါးဈေးအတွင်း အရောင်းအဝယ်ပြုလုပ်နေမှုကို တွေ့ရစဉ်။

တရုတ်နိုင်ငံ နယ်စပ်ဒေသများအထိပါ ပို့ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံအနှံ့သို့ ပို့ဆောင်ရာတွင် ကုန်းလမ်းမှ အများဆုံး ပို့ဆောင်ကြခြင်းဖြစ်ကာ ရွှေပိတောက်ငါးဈေးမှ မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ ရေချိုကုန်ပစ္စည်း ၁၅ မျိုးနှင့် ရေငန်ကုန်ပစ္စည်း ၈ မျိုးကို နေ့စဉ် တင်ပို့လျက်ရှိသည်။

### အချိန်တိုအတွင်းအောင်မြင်မှုရရှိ

ပြည်ပနိုင်ငံအချို့သို့ ရေထွက်ကုန်ပစ္စည်းများကိုမူ ရန်ကုန်မြို့ရှိ အေးခဲစက်ရုံများမှ ရေလမ်းနှင့် လေကြောင်းလိုင်းမှတစ်ဆင့် တင်ပို့လျက်ရှိသည်။ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးတန်၊ ငါးသလောက်၊ ပုစွန်၊ ရေဘဝဲ၊ ရေချူ၊ ကင်းမွန်နှင့် အခြား ဈေးကွက်ဝင် ရေထွက်ကုန်များ တင်ပို့လျက်ရှိသည်။ ပို့ကုန်ကဏ္ဍ ကျဆင်းနေမှုကြောင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေမှာ အခြားနိုင်ငံများနည်းတူ ယခင်ထက် လျော့ကျနေသော်လည်း စီးပွားရေး အခြေခံကောင်းများရှိသော နိုင်ငံဖြစ်၍ မွေးမြူရေးကဏ္ဍနှင့် ပို့ကုန်ကဏ္ဍ ဦးမော့လာစေရန် ဝိုင်းဝန်းကြိုးပမ်းကြခြင်းဖြင့် အချိန်တိုအတွင်း အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

### ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာနိုင်

ရွှေပိတောက်ငါးဈေးအတွင်း၌ ကုန်ကြို၊ ကုန်ပို့ ယာဉ်များ၊ တွန်းလှည်းများ၊ လက်လီ/လက်ကား ဈေးကြိုသူများဖြင့် စည်ကားလျက်ရှိသည်။ ဈေးရုံကြီးအတွင်း ရောင်းသူ/ဝယ်သူများ စည်ကားနေသည့်အပြင် ပျံကျဆိုင်တန်းဘက်၌လည်း ကုန်ကြို/ကုန်ပို့သူများ လှုပ်ရှားသွားလာလျက်ရှိသည်။

ဈေးရုံအတွင်း ရေချိုကုန်ပစ္စည်းရောင်းချသော ဒိုင်မှ ဒေါ်ထားထားနွယ်က "သင်္ကြန်မတိုင်မီ ရက်ပိုင်းအတွင်းမှာ အရောင်းအဝယ် ပိုကောင်းလာတယ်။ အရင်ရက်ပိုင်းကတော့ ပုံမှန်လို့ ဆိုရမှာပါ။ အရောင်းအဝယ်မှာ ငွေစီးဆင်းမှုအခက်အခဲတော့ ရှိတယ်။ နယ်ကဝင်တဲ့ကုန်တွေဆိုရင် ငွေပေးချေမှု ကြန့်ကြာတယ်။ ကုန်ဒီနေ့ပို့ရင် နောက်ရက် ငွေမချေနိုင်ကြဘူး။ ရက်ချိန်းပေးပြီး အပေးအယူလုပ်ရတယ်။ ကုန်သည်အချင်းချင်း အကြွေးချပေးပြီး ကိုယ်ကလည်း အကြွေးနဲ့ယူပြီး ပြန်ရောင်းရတာ ရှိတယ်။ ငွေလွှဲမှုကြန့်ကြာတဲ့ အခက်အခဲက တစ်ခါတစ်ရံ ကုန်စည်စီးဆင်းမှုကို ကြန့်ကြာစေတယ်။ နယ်စပ်ပို့ကုန်တွေဆိုရင် ငွေကြေးကဏ္ဍမှာ အရင်ထက်ပိုပြီး နှစ်ဦးနှစ်ဖက် စိတ်ရှည်ရှည်နဲ့ ဆက်ဆံလာရတယ်။ ငွေကြေးချိတ်ဆက်မှု မြန်ဆန်လာရင် ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်မှာပါ။ အရောင်းအဝယ်တွေ အဆင်ပြေပေမယ့် ငွေပေးချေမှု ပိုပြီး မြန်ဆန်သွက်လက်လာရင်တော့ ကုန်စည်စီးဆင်းမှု ပိုမြန်ဆန်လာမယ်လို့ထင်တယ်"ဟု ပြောသည်။

### နိုင်ငံအတွက်ဂုဏ်ယူဖွယ်

ရွှေပိတောက်ငါးဈေးကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဘုရင့်နောင်ကားလမ်းမကြီးပေါ်တွင် တည်ရှိပြီး သီရိမင်္ဂလာကုန်စိမ်းဈေးကြီးနှင့် ကပ်လျက်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူတို့အတွက် နေ့စဉ်စားသုံးနိုင်ရန် စားသောက်ကုန်များကို အခြားသော စားသောက်ကုန်ဖြန့်ချိသည့်ဈေးများထက် ထိုဈေးရုံကြီးနှစ်ခုက ထောက်ပံ့ပေးလျက်ရှိသည်။

ရွှေပိတောက်ငါးဈေးကြီးတွင် ဈေးရုံပေါင်း ရှစ်ရုံရှိပြီး ရှော့ဟောက်တန်း အပါအဝင် ဆိုင်ခန်းပေါင်း ၄၄၄ ခန်း၊ ခြောက်ပေပတ်လည် ပျံကျဆိုင်ခန်းပေါင်း ၈၀ ကျော်တို့ဖြင့် ရေထွက်ကုန်မျိုးစုံကို ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ တိုင်းဒေသကြီးသုံးခုရှိ ရေချိုမွေးမြူရေးကန်များမှ ရေထွက်ကုန် ဝင်ရောက်မှုများပါက ဈေးနှုန်းတည်ငြိမ်ပြီး ဝင်ရောက်မှုနည်းပါက ဈေးနှုန်းအနည်းငယ်မြင့်လေ့ရှိသည်။



ဈေးသာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျင်စော။

ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့ပါ တင်ပို့နိုင်ရန် မွေးမြူထုတ်လုပ်သော ငါး/ပုစွန် မွေးမြူရေးကန်များကို ဖော်ဆောင်ခဲ့သည့် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ဟန်ချက်ညီညီ လက်တွဲပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံအတွက် အကျိုးဖြစ်ထွန်းခဲ့သည့်အပြင် နိုင်ငံ၏သားငါးကဏ္ဍ ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေလျက်ရှိသည်။

ပြည်သူတို့၏ စားသောက်မှုကဏ္ဍ ဖူလုံလျက် ရေထွက်ကုန်များ ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ခြင်းသည် နိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ အချိတ်အဆက်မိမှုကို ပြသခြင်းဖြစ်ပြီး ပြည်တွင်းစားသုံးမှုအတွက် တည်ငြိမ်မှုကိုလည်း ရရှိစေသည်။

သို့ဖြစ်၍ နိုင်ငံ၏ အသည်းနှလုံးမြို့တော်ဖြစ်သော ရန်ကုန်မြို့၏ ရွှေပိတောက်ငါးဈေးကြီးမှ နိုင်ငံတစ်ဝန်းသို့ နေ့စဉ်တင်ပို့ ဖြန့်ချိလျက်ရှိသော ရေထွက်ကုန်များသည် ပြည်သူတို့၏ စားသောက်ရေးကဏ္ဍအတွက် ရေထွက်ကုန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိနေပေသည်။

**ရွှေပိတောက်ငါးဈေးကြီးတွင် ဈေးရုံပေါင်း ရှစ်ရုံရှိပြီး ရှော့ဟောက်တန်း အပါအဝင် ဆိုင်ခန်းပေါင်း ၄၄၄ ခန်း၊ ခြောက်ပေပတ်လည် ပျံကျဆိုင်ခန်းပေါင်း ၈၀ ကျော်တို့ဖြင့် ရေထွက်ကုန်မျိုးစုံကို ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ တိုင်းဒေသကြီးသုံးခုရှိ ရေချိုမွေးမြူရေးကန်များမှ ရေထွက်ကုန်ဝင်ရောက်မှုများပါက ဈေးနှုန်းတည်ငြိမ်ပြီး ဝင်ရောက်မှုနည်းပါက ဈေးနှုန်းအနည်းငယ် မြင့်လေ့ရှိသည်။**

# အစဉ်အလာမပျက် ကျင်းပလျက်ရှိသည့် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲ

**အောင်ကြည်မိုး(စစ်တွေ)**

**မြန်မာ့နှစ်ဆန်း ၁ ရက်နေ့သည် ဗုဒ္ဓဘာသာဝင်များအတွက် အထွတ်အမြတ်ထားရာ နေ့တစ်နေ့ဖြစ်သည်။ သင်္ကြန်တစ်ခု၏ အစဦးနေ့ရက်တွင် ကုသိုလ်ကောင်းမှုများ ပြုလုပ်သည်မှာလည်း မြတ်နိုးဖွယ်ရာဖြစ်ပြီး "ပူဇာ စ၊ ပူဇ နေယျာနံ" ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာတရားနှင့်အညီ ဖြစ်နေ၍ မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင် ရခိုင်ပြည်နယ်ရှိ မြို့ရွာတိုင်း၌လည်း သက်ကြီးပူဇော်ပွဲကို ရိုးရာအစဉ်အလာမပျက် ကျင်းပပြုလုပ်လျက် ရှိနေကြသည်။**

စာရေးသူတို့ စစ်တွေမြို့၌ အသက် ၈၀ နှင့်အထက် သက်ကြီးရွယ်အို ဘိုးဘွားများအား နှစ်စဉ် နှစ်ဆန်း ၁ ရက်နေ့တွင် ပူဇော်ကန်တော့ကြရာ ယခု ၂၀၂၁ ခုနှစ် ဧပြီလ ၁၇ ရက်၊ မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင်လည်း (၅၇)ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲကို ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

**မင်္ဂလာအရှိဆုံး**

ရခိုင်လူမျိုးများ၌ အသက်အရွယ်အားဖြင့်သော်လည်းကောင်း၊ သီလဂုဏ်အားဖြင့်သော်လည်းကောင်း၊ အမျိုး သီလ နှစ်ဌာနကို စောင့်ရှောက်လာခဲ့သော ကုလ ရက္ခိတဂုဏ် အားဖြင့်သော်လည်းကောင်း ကြီးမြတ်ကုန်သော သက်တော်ရှည်ဘိုးဘွားများအား နှစ်စဉ်နှစ်သစ်ကူး၌ ပူဇော်ရှိခိုး ကန်တော့ခြင်းသည် ကောင်းမွန်သော မင်္ဂလာတစ်ပါးပင် ဖြစ်သည်။ သက်ကြီးဘိုးဘွားများအား လှူဒါန်းပူဇော်ခြင်းကို ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ကလည်း ချီးမွမ်းထားသည်။ သို့ဖြစ်၍ ဘဝ၏နေဝင်ချိန် ရောက်နေကြရသော သက်ကြီးရွယ်အို ဘိုးဘွားများအား ဝတ္ထုငွေ၊ စားစရာပစ္စည်းများနှင့် ဆေးဝါးများ လှူဒါန်းပေးခြင်းကား နှစ်သစ်ကူးအချိန်အခါ သမယတွင် မင်္ဂလာအရှိဆုံး ဖြစ်နေပေသည်။

နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိသော စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲကို ၂၀၂၁ ခုနှစ် ဧပြီ ၁၇ ရက် နှစ်ဆန်း ၁ ရက်နေ့က စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့သော စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းနှင့် ပြည်နယ် ကောင်စီဝင်များ တက်ရောက်ပူဇော် ကန်တော့ခဲ့ကြသည်။

**ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ**

ယခင်နှစ်များက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲတွင် အသက် ၈၀ နှင့်အထက် သက်ကြီးရွယ်အို ဘိုးဘွား ၁၀၈ ဦးကို ပူဇော်ကန်တော့ခဲ့ကြသော်လည်း ယခုနှစ် (၅၇) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ သက်ကြီးရွယ်အို ဘိုးဘွား ၃၁ ဦးအား ခြောက်ပေစီခြား၍ ပူဇော်ကန်တော့ခဲ့ကြခြင်းဖြစ်သည်။ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက စစ်တွေမြို့ပေါ်ရှိ အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်း လှူဒါန်းပြီး စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီက ကောက်ခံရရှိထားသော အလှူငွေများထဲမှ ကျပ်သုံးသောင်းနှုန်း ပူဇော်ကန်တော့ခဲ့သည်။

ရပ်ကွက်သူ၊ ရပ်ကွက်သားများကလည်း အလှူငွေများ၊ စားစရာပစ္စည်းများဖြင့် ဘိုးဘွားများအား ပူဇော်ကန်တော့ကြ၍ ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲသည် မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင် ကုသိုလ်ယူပြီး မင်္ဂလာအရှိဆုံးအချိန် ဖြစ်နေသည်။ (၅၇)ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲတွင် သက်ကြီးရွယ်အို ဘိုးဘွားများကို ကျောင်းသားလူငယ်များက ယိမ်းအကဖြင့် ကပြပူဇော်ခဲ့ကြသည်။

**မြို့ပေါ်ရပ်ကွက် ၃၃ ခု၌ အခမ်းအနားများပြုလုပ်**

ယခုနှစ်ကျင်းပသည့် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲကား (၅၇)ကြိမ်မြောက်ဖြစ်ပြီး အသက် ၈၀ နှစ်အထက် သက်ကြီးရွယ်အို ဘိုးဘွား ၁၁၂၈ ဦးအား စစ်တွေမြို့ ဘိုးဘွားရိပ်သာ အပါအဝင် မြို့ပေါ်ရပ်ကွက် ၃၃ ခု၌ အခမ်းအနားပြုလုပ်ပြီး စစ်တွေမြို့သူမြို့သားများက ပူဇော်ကန်တော့ခဲ့ကြခြင်းဖြစ်သည်။

နှစ်စဉ် ကျင်းပမြဲဖြစ်သော ပြီးခဲ့သည့် ၂၀၂၀ ခုနှစ် (၅၆)ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲကို ကိုဗစ်-၁၉ ရောဂါကြောင့် နှစ်စဉ်ကျင်းပနေကျ အခမ်းအနားနှင့် မကျင်းပခဲ့ဘဲ အသက် ၈၀ နှင့်အထက် သက်ကြီးရွယ်အို ဘိုးဘွားများအား ပူဇော်ပွဲကျင်းပရေး ကော်မတီဝင်များက အိမ်တိုင်ရာရောက် သွားရောက်ပူဇော်ကန်တော့ခဲ့ကြသည်။




**ဆရာကန်တော့ပွဲ**

ရခိုင်ဒေသရှိ ကျေးလက်ဒေသများ၌ မြန်မာ့နှစ်ဆန်း ၁ ရက်နေ့ ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲကျင်းပပြီး နောက်တစ်နေ့ နှစ်ဆန်း ၂ ရက်နေ့တွင် ဆရာကန်တော့ပွဲကို ကျင်းပကြသည်။ ဆရာကန်တော့ပွဲဆိုသည်မှာ မိမိတို့ငယ်စဉ်အခါက ဘုန်းတော်ကြီးသင်ပညာရေးကို သင်ယူခဲ့ကြရသောကြောင့် ဇာတိရွာမှ ကျောင်းထိုင်ဘုန်းတော်ကြီးများအား တစ်ရွာလုံးက ပူဇော်ကန်တော့ခြင်းကို ခေါ်ဆိုသည်။

စစ်တွေမြို့၌ မြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲ ဖြစ်ပေါ်လာပုံကလည်း အထူး စိတ်ဝင်စားဖို့ကောင်းသည်။ "ပူဇာစ ပူဇနေယျာနံ ပူဇော်ထိုက်သူကိုပူဇော်ခြင်း"ဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ ၁၉၅၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်(၁၃၂၁ ခုနှစ် တန်ဆောင်မုန်းလပြည့်)နေ့တွင် မြောက်ဦးမြို့မှ အသက် ၁၁၄ နှစ်ရှိ သက်ကြီးရွယ်အို အဘိုးတစ်ဦးကို အကြောင်းပြု၍ စစ်တွေမြို့မှလည်း အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးရွယ်အို ဘိုးဘွား ၂၀ ဦးကိုပါ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး ရင်ပြင်၌ ပထမဦးဆုံး (အကြိမ်မတပ်သေးပါ) ပူဇော်ကန်တော့ခဲ့သည်။ ထိုပူဇော်ပွဲ ဖြစ်မြောက်စေရန်အတွက် ရခိုင်ရိုးရာစာပေအနုပညာ မြှင့်တင်ရေးအဖွဲ့က ကမကထပြုလုပ်ပြီး သံဃသမဂ္ဂီအဖွဲ့နှင့် ကားကြီးအသင်းတို့က ပူးပေါင်းပါဝင်ပံ့ပိုးကူညီပေးခဲ့ကြသည်။ ၁၉၆၄ ခုနှစ် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီအား(ယာယီ)ဖွဲ့စည်းကာ (၁)ကြိမ်မြောက်အဖြစ် စတင် ပူဇော်လာခဲ့ရာမှ ယခု ၂၀၂၁ ခုနှစ်ဆိုပါလျှင် (၅၇)ကြိမ်မြောက်အထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

**မျိုးဆက်သစ်များစွာ လိုအပ်**

ဤသို့ စစ်တွေမြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ ခရီးရောက်ဖို့ အလို့ငှာ အလုပ်လုပ်မည့် မျိုးဆက်သစ်များစွာ လိုအပ်နေခဲ့ပြီး ခရီးအစမှသည် ယနေ့အချိန်အထိ အတူလိုက်ပါနေကြသည်မှာ စိုင်းဒြား ရခိုင်မင်္ဂလာစည်တော်အဖွဲ့ပင်ဖြစ်သည်။ စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲ၌ သက်ကြီးရွယ်အိုဘိုးဘွားများအား ယိမ်းအကဖြင့် ပူဇော်ကန်တော့မည့် အစီအစဉ်တွင် ကျောင်းသားလူငယ်များ၏ အကယိမ်းအဖွဲ့ကို စိုင်းဒြား ရခိုင်မင်္ဂလာစည်တော်အဖွဲ့က ယိမ်းကတတ်ရန် သင်ကြားပေးရသည်။ ထိုယိမ်းအဖွဲ့မှ ကျောင်းသားလူငယ်များအနေဖြင့် နောင်တစ်ချိန်၌ ရခိုင်မင်္ဂလာစည် တီးခတ်သူများဖြစ်လာခဲ့ကြသည်။

စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲကို ရိုးရာအစဉ်အလာမပျက် ကျင်းပပြုလုပ်နိုင်ရန် ပူဇော်ပွဲကျင်းပရေး ကော်မတီဝင်များအနေဖြင့် စစ်တွေမြို့ပေါ်ရှိ ဈေးဆိုင်တန်းများ၊ ကျေးရွာ၊ ရပ်ကွက်များအတွင်းရှိ အလှူရှင်များထံမှ တစ်အိမ်တက်ဆင်း အလှူငွေကောက်ခံကြရသည်။ အလှူငွေရရှိရေးအတွက် မတ်လဆန်းမှစ၍ အလှူငွေ ကောက်ခံကြရပြီး ရရှိလာသောအလှူငွေများကို ဘိုးဘွားများအတွက် အချိုးကျ လှူဖွယ်ဝတ္ထုငွေများဖြင့် ပူဇော်ကန်တော့နိုင်ရန် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများထံမှ အသက် ၈၀ နှစ်အထက် သက်ကြီးရွယ်အို ဘိုးဘွားစာရင်းများကို ကြိုတင်ကောက်ခံ တောင်းယူထားရသည်။

**အစဉ်အလာမပျက် ပူဇော်ကန်တော့**

စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲ ကျင်းပရေး ကော်မတီထဲမှ ယဉ်ကျေးမှုဆပ်ကော်မတီအနေဖြင့် ကျောင်းသားလူငယ်များ ယိမ်းအကများဖြင့် သက်ကြီးရွယ်အို ဘိုးဘွားများအား ပူဇော်ကန်တော့နိုင်ရန် နွေရာသီကျောင်းပိတ်ကတည်းက ယိမ်းအကများ ကြိုတင် သင်ကြားပေးထားရသည်။ နှစ်ဆန်း ၁ ရက်နေ့တွင် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကျင်းပရေး ကော်မတီဝင်များက ကားကြီး၊ ကားငယ်အသွယ်သွယ်တို့ဖြင့် တစ်ရပ်ကွက်ဝင်၊ တရပ်ကွက်ထွက်ဖြင့် ရပ်ကွက်များရှိ အသက် ၈၀ နှင့်အထက် သက်ကြီးရွယ်အို ဘိုးဘွားများအား ရိုးရာအစဉ်အလာမပျက် ပူဇော်ကန်တော့ကြခြင်းဖြစ်သည်။

စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲ ပြုလုပ်သည့် ရပ်ရွာတိုင်း၌ ပူဇော်ပွဲကျင်းပရေးကော်မတီ ယဉ်ကျေးမှုကော်မတီမှ လူငယ်များ၏ ယိမ်းအကများဖြင့် ဖျော်ဖြေပြီး ရပ်ကွက်သူ၊ ရပ်ကွက်သားများက ယိမ်းအဖွဲ့အား ဆုတော်ငွေများ ချီးမြှင့်ပေးကြသည်။

မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင် ရခိုင်ရိုးရာ အစဉ်အလာမပျက် ပြုလုပ်ကျင်းပလျက်ရှိသော စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲကား နှစ်သစ်ကူး အချိန်အခါသမယတွင် တစ်မူထူးခြား မင်္ဂလာရှိလှသည့် ပူဇော်ကန်တော့ပွဲတစ်ခုဖြစ်နေကြောင်း တင်ပြလိုက်ရပေသည်။ ။

**"ရခိုင်ဒေသရှိ ကျေးလက်ဒေသများ၌ မြန်မာ့နှစ်ဆန်း ၁ ရက်နေ့ ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲကျင်းပပြီး နောက်တစ်နေ့ နှစ်ဆန်း ၂ ရက်နေ့တွင် ဆရာကန်တော့ပွဲကို ကျင်းပကြသည်။ ဆရာကန်တော့ပွဲဆိုသည်မှာ မိမိတို့ငယ်စဉ်အခါက ဘုန်းတော်ကြီးသင်ပညာရေးကို သင်ယူခဲ့ကြရသောကြောင့် ဇာတိရွာမှ ကျောင်းထိုင်ဘုန်းတော်ကြီးများအား တစ်ရွာလုံးက ပူဇော်ကန်တော့ခြင်းကို ခေါ်ဆိုသည်"**

## မိုင်းယောင်းမြို့နယ်တွင် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**မိုင်းယောင်း မေ ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ယမန်နေ့က ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းဆရာတော်အား အဆိုပါကျောင်းတိုက်၌ လည်းကောင်း၊ မေ ၁၄ ရက် ညနေပိုင်းတွင် အမှတ်(၂) ရပ်ကွက်၊ ကြောင်ကျိုက်ကျောင်းဆရာတော်အား အဆိုပါ ကျောင်းတိုက်၌ လည်းကောင်း မိုင်းယောင်း မြို့နယ်အုပ်ချုပ်ရေးမှူး၏ဇနီး ဒေါက်တာနန်းရှဲန်အွန်က ကျန်းမာရေးစစ်ဆေးပေးပြီး လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများကို ဆောင်ရွက်ပေးကြောင်း သိရသည်။



**စိုင်းအောင်ဇော်လင်း**

## မြို့သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကြို့ပင်ကောက် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တွင် မြို့သန့်ရှင်းသာယာ လှပစေရေးအတွက် စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်-ပြည်ကားလမ်းဘေး မြို့နယ်ပြည်သူ့ဆေးရုံရှေ့၊ အနောက်ဘက် မဟာစန္ဒာသီဟဘုရားကြီးရှေ့နှင့် မြို့နယ်ပြည်သူ့အားကစားကွင်းရှေ့တို့တွင် ဆောင်ရွက်ခဲ့သည်။

"မြို့အဝင် ရန်ကုန် - ပြည်ကား လမ်းဘေးတွေမှာ စည်းကမ်းမဲ့ အမှိုက်တွေစွန့်ပစ်ထားတာကို တွေ့နေရတယ်။ ကျွန်တော်တို့ ဌာနဆိုင်ရာတာဝန်ရှိသူတွေရယ်၊ ဝန်ထမ်းတွေရယ် ပူးပေါင်းပြီး တစ်ပတ်ကို နှစ်ရက် စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ ပြည်သူတွေကလည်း မြို့သန့်ရှင်းသာယာလှပစေဖို့အတွက် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းတွေ မပြုလုပ်ကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်" ဟု မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်က ပြောသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ အခြားဌာနဆိုင်ရာဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ဇေယျာထွန်း(ပြန်/ဆက်)**

## ပေါက်တောမြို့နယ် ကျောက်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်

**ပေါက်တော မေ ၁၉**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျောက်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် အဆိုပါလမ်းပေါ်ရှိ ရေထုတ်ပြွန် နှစ်စင်း တည်ဆောက်ခြင်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ် အစိုးရရန်ပုံငွေကျပ် ၄၀ ဒသမ ၃၇၄ သန်းဖြင့် တင်ဒါအောင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**ကွင်းဆင်းစစ်ဆေး**

အဆိုပါလုပ်ငန်းပြီးစီးမှုကို ပေါက်တောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဦးသန်းထွန်းနှင့် ဝန်ထမ်းများ၊ ဆောက်လုပ်ရေး အရည်အသွေး စစ်ဆေးရေးအဖွဲ့ Smart Banner Engineering ကုမ္ပဏီမှ မြို့နယ်တာဝန်ခံ ဦးသန်းလွင် အဖွဲ့နှင့်အတူ ယနေ့နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးကြသည်။ အဆိုပါ ကျေးလက် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ရေထုတ်ပြွန် နှစ်စင်း တည်ဆောက်ခြင်းမှာ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



**ဝင်းမင်းစိုး(ပြန်/ဆက်)**

## မြို့နယ်များ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းမွမ်းမံသင်တန်းဖွင့်လှစ်

### မယ်စဲ့

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းမွမ်းမံသင်တန်း (၁/၂၀၂၁) ဖွင့်လှစ်ခြင်းကို မေ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းတာဝန်များနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ တာဝန်ဝတ္တရားများ၊ အခွင့်အရေးများ သိရှိစေရန် ရည်ရွယ်၍ မွမ်းမံသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိတို့ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံများ တက်ရောက်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

### ကျောက်ဆည်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် မြန်ဆန်မှန်ကန်ပြီး တိကျမှုရှိစေရေးအတွက် လုပ်ငန်းမွမ်းမံသင်တန်းကို မေ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၁) ဗိုလ်မှူးလွင်မောင်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းလွင်၊ မြို့နယ်ဥပဒေအရာရှိ ဦးကျော်သူရထက်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်ထွန်းတို့က ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းတာဝန်များကို သင်ကြားပို့ချဆွေးနွေးမည်ဖြစ်သည်။

သင်တန်းသို့ ကျောက်ဆည်မြို့မ ၁၀ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စု ၈၇ အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

### ပျဉ်းမနား

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ မွမ်းမံသင်တန်းဖွင့်ပွဲကို မေ ၁၉ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စုပေါင်းရုံး)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိုက်ဝေဖြိုးက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဝေဖြိုးနိုင်က ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၃၆ ဦး တက်ရောက်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

### ရွှေဘို

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းမွမ်းမံသင်တန်းကို မေ ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်လ.ဝ.က ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးတို့က ပို့ချသင်ကြားပေးပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ၇၂ ဦး တက်ရောက်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

**အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုများအား လူစုခွဲရှင်းလင်းခဲ့ပြီး ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်အတွင်း မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲထိန်းသိမ်းခဲ့ပြီး ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်သူများ၊ အကြမ်းဖက်မှု လုပ်ရပ်များတွင်အသုံးပြုသည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဖမ်းဆီး၊ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**အကြမ်းဖက်ရန်ပြု ပစ်ခတ်**

ထိုသို့ လုပ်ဆောင်ရာတွင် မေ ၁၈ ရက်တွင် ပျဉ်းမနားမြို့ ဘောဂဝတီရပ်ကွက် နယ်မြေ(၄)၊ (၂)လမ်းရှိ ဦးမိုးကျော်နေအိမ်၌ ၎င်း၏ သားဖြစ်သူ အောင်မိုးသိန်းကို လက်လုပ်သေနတ် ၁ လက်၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ကော့ကရိတ်မြို့ အမှတ်(၅) ရပ်ကွက်၊ ကြာပန်းလမ်းဆုံ၌ မော်တော်ဆိုင်ကယ်တစ်စီးကို ရပ်တန့်စစ်ဆေးရာ နိုင်သန်း(ခ)ကျော်သန်း(ဘ)ဦးမြင့်ဇော်ကို တူမီးသေနတ် ၁ လက်နှင့် လည်းကောင်း၊ ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက် ရေကျော်လမ်း အမှတ်(၄၉) (၄)လွှာရှိ နေအိမ်၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ဖြင့် အရေးယူထားသည့် အလွတ်တန်း သတင်းထောက်ဖြစ်သူ ဂျပန်နိုင်ငံသား Mr.Yuki Kitazumi (ဘ) Mr. Nori Kitazumi ကို လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၆)ရပ်ကွက် လမ်းမတော်လမ်း၌ ဆူပူအကြမ်းဖက်သူ လူစုလူဝေး အင်အား ၂၀၀ ခန့်သည် အများပြည်သူသွားလာနေသော လမ်းမကြီးကို သဲအိတ်များဖြင့် ပိတ်ဆို့ပြီး ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအခြေအနေကို ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ရာ ဆူပူဆန္ဒပြသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို သဲအိတ်ဘန်ကာ အကာအကွယ်ယူ၍ လက်လုပ်သေနတ်၊ ဂျင်ကလိ၊ လေးခွ၊ လက်လုပ်မိုင်းများဖြင့် အကြမ်းဖက်ရန်ပြု ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ပြန်လည်ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ ည ၉ နာရီ မိနစ် ၂၀ တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူများ အသုံးပြုခဲ့သည့် လက်လုပ်သေနတ် ၁ လက်၊ ဂျင်ကလိ ၄၅ ချောင်း၊ လေးခွ ၁ လက်၊ လောက်စာလုံး ၂၀ ၊ မီးစာတပ်ဆင်ထားသော မီးပုလင်း ၈ လုံး၊ ခါတ်ဆီများ ထည့်ထားသည့် ကော်ပုံး ၁ ပုံးနှင့် လက်လုပ်မိုင်း ၇ လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁၉ ရက်တွင် လယ်ဝေးမြို့နယ် ကန်သာကျေးရွာ ဥရုဝေလကျောင်းတိုက်အတွင်းရှိ ရေမြောင်းအောက်၌ လက်လုပ်လေသေနတ် ၅ လက်၊ ဆက်စပ်ပစ္စည်းများနှင့် ဓမ္မပါလကျောင်း အနီးပတ်ဝန်းကျင်၌ လက်လုပ်လေသေနတ် ၁၄ လက်၊ လက်လုပ်မိုင်း ၁ လုံး၊ အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ နံနက် ၇ နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ နာနတ်တောရပ်ကွက် ဇေညီနောင်ဆီဆိုင်အနီး လမ်းမပေါ်တွင် ဆူပူအကြမ်းဖက်သူ အင်အား ၇၀ ခန့်မှ လမ်းမကြီးကို အတားအဆီးများ ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအခြေအနေအား ထိန်းသိမ်းနိုင်ရေးသွားရောက်ခဲ့ရာ ဆူပူအကြမ်းဖက်သူများက လုံခြုံရေး တပ်ဖွဲ့ဝင်များကို လေးခွ၊ ဂျင်ကလိ၊ ခဲများဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ပြန်လည်ခြောက်လှန့်လူစုခွဲခဲ့ရာ နံနက် ၉ နာရီခွဲတွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။



လွိုင်ကော်မြို့ နာနတ်တောရပ်ကွက်၌ ဆူပူအကြမ်းဖက်ဆန္ဒပြသူများအား တွေ့ရစဉ်။

အလားတူ နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၈၃ လမ်း၊ မြို့ဟောင်းဈေးအနီးတွင် အနက်ရောင်များ ဝတ်ဆင်ထားသော ဆူပူအကြမ်းဖက်သူ အင်အား ၂၀ ခန့် စုဝေးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ရာ အဆိုပါ လူစုလူဝေးမှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနဝင်းအတွင်းသို့ ထွက်ပြေးသွားသည်ကို တွေ့ရှိရသဖြင့် လိုက်လံရှင်းလင်းခဲ့ရာ ၎င်းခြံဝင်းအတွင်းမှ ဆူပူအကြမ်းဖက်သူများ ပြင်ဆင်ထားသည့် လက်လုပ်မိုင်း ၆ လုံး၊ မီးရှူးမီးပန်း ၇ လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဖမ်းဆီးထိန်းသိမ်း**

အလားတူ နံနက် ၈ နာရီခွဲတွင် ကချင်ပြည်နယ် မိုးညှင်းမြို့ နားခါရပ်ကွက် ဈေးလမ်းထောင့်တွင် ဆူပူဆန္ဒပြသူ လူစုလူဝေး အင်အား ၂၀ ခန့်သည် ဆူပူဆန္ဒပြနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ပြီး လူစုခွဲရန် ညှိနှိုင်းဖြေလျှော့မှုပြုလုပ်ခဲ့သော်လည်း အဆိုပါ လူစုလူဝေးမှ လိုက်နာမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အင်အားသုံး လူစုခွဲခဲ့ပြီး အဆိုပါ လူအုပ်စုအတွင်းမှ အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၈ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် (၆၅)လမ်း ၃၇ x ၃၈ လမ်းတွင် လူစုလူဝေးအင်အား ၅၀ ခန့်သည် ဆိုင်ကယ် ၂၅ စီးခန့်ဖြင့် ဆူပူဆန္ဒပြရန် စုဝေးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များကသွားရောက်၍အင်အားသုံး လူစုခွဲခဲ့ပြီး အဆိုပါ လူအုပ်စုအတွင်းမှ အမျိုးသား ၄ ဦး၊ အမျိုးသမီး ၇ ဦးတို့ကို လက်လုပ်မိုင်း ၅ လုံး၊ ဆိုင်ကယ် ၁၀ စီးတို့နှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။

အလားတူ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် (၃)ရပ်ကွက်နှင့် (၄)ရပ်ကွက်ကြား မြို့ရှောင်လမ်းပေါ်တွင် ဦးဆောင်သူ (စိစစ်ဆဲ) လူစုလူဝေးအင်အား ၇၀ ခန့်သည် လမ်းမကြီးပေါ်တွင် အတားအဆီးများပြုလုပ်၍ ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ရာ ဆူပူဆန္ဒပြသူများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေးခွ၊ လေသေနတ်၊ လက်လုပ်မိုင်းများဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့၍ လုံခြုံရေး တပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ပြန်လည် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ မွန်းလွဲ ၂ နာရီတွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူလူအုပ်စုအတွင်းမှ ဒိုင်း ၃ ချပ်၊ မီးစတပ်ဆင်ထားသည့် မီးပုလင်း ၁၅ လုံး၊ လက်လုပ်မိုင်း ၂ လုံး၊ ကျဉ်စက် ၁ ခု၊ ကျည်ကာအင်္ကျီ ၁ ထည်နှင့် ဟန်းစပီကာ ၁ ခုတို့ကို သိမ်းဆည်းရမိခဲ့ပါသည်။

**အရေးယူနိုင်ရေး ဆောင်ရွက်**

အထက်ပါ ဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြင်းခြံမြို့ မြို့ရှောင်လမ်းပေါ်၌ လူစုလူဝေးအား ဖြိုခွဲထိန်းသိမ်းစဉ် သိမ်းဆည်းရမိသော လက်နက်ကိရိယာများနှင့် ပစ္စည်းများ။

# မကွေးတိုင်းဒေသကြီး မကွေးမြို့၌ နိုင်ငံတော်အကြည်အညိုပျက်စေမည့် စာရွက်များဖြန့်ဝေနေသူ အမျိုးသား ၁ ဦး ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၁၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ယနေ့တွင် နိုင်ငံတော်အကြည်အညိုပျက်စေမည့် စာရွက်များဖြန့်ဝေနေသူအမျိုးသား ၁ ဦးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၉ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မကွေးမြို့ပေါ်ရှိ အများပြည်သူသွားလာလှုပ်ရှားနေသည့် လမ်းမကြီးများပေါ်တွင် နိုင်ငံတော် အကြည်အညို ပျက်စေမည့် စာရွက်စာတမ်းများ ဖြန့်ဝေနေကြောင်း သတင်းအရ စောင့်ဆိုင်းခဲ့ရာ နံနက် ၆ နာရီတွင် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းလမ်းနှင့် သစ္စာလမ်းထောင့်၌ နိုင်ငံတော် အကြည်အညိုပျက်စေမည့် စာသားများပါ စာရွက်များကို လမ်းဘေးခါတ်တိုင်များ၊ အဆောက်အဦနံရံများတွင် လိုက်လံကပ်နေသူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်နေ ဖြိုးသန့်စင်(ခ)အာဝု (၂၈)နှစ် (ဘ)ဦးတင်ရီကို တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ၎င်းငှားရမ်းနေထိုင်သည့် ကန်သာရပ်ကွက် ဗံဒါပင်လမ်းရှိ ဘော်ဒါဆောင်သို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ဖြိုးသန့်စင်(ခ)အာဝု၏ အခန်းအတွင်းမှ လက်ပ်တော့ ၁ လုံးနှင့် နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ စာရွက် ၃၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးပေါ်ရှိ ခါတ်တိုင်များ၊ အဆောက်အဦနံရံများတွင် နိုင်ငံတော်အကြည်အညိုပျက်စေမည့် စာရွက်စာတမ်းများကပ်ခြင်း၊ ဖြန့်ဝေခြင်းများ ဆောင်ရွက်နေသူ ဖြိုးသန့်စင်(ခ)အာဝုကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မကွေးမြို့၌ နိုင်ငံတော်အကြည်အညိုပျက်စေမည့် စာရွက်စာတမ်းများကပ်ခြင်း၊ ဖြန့်ဝေခြင်းများပြုလုပ်သူ အမျိုးသား ၁ ဦးအား ဖမ်းဆီးရမိစဉ်။

# မိုးကောင်း၊ ဘားအံနှင့် မော်လမြိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက် မွန်းလွဲ ၃ နာရီတွင် မိုးကောင်းမြို့နယ် ကျွန်းပင်သာကျေးရွာအုပ်စု ရှမ်းစုကျေးရွာနေ ဇော်ထွန်းအောင်(ခ)ထွန်းထွန်း ၏ တောင်ယာတဲသို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ဘိန်းစိမ်း ၀ ဒသမ ၁၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင် ညောင်ကုန်းကျေးရွာအုပ်စု ယာမလွတ်ကျေးရွာနေ တင်အောင်၏ တောင်ယာတဲအား ဆက်လက်ရှာဖွေရာ ဘိန်းစိမ်း ၁ ဒသမ ၅၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ညနေ ၅ နာရီတွင် ရေရှင်ကျေးရွာအုပ်စု လေးမိုင်ကျေးရွာနေ အောင်မျိုးထွန်း(ခ) အောင်ပု၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းစိမ်း ၁၂ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ဂျိုင်း-အိန္ဒုသွားကားလမ်း ကျုံစောင့်ကျေးရွာအုပ်စု ကျားကလေးကျေးရွာ အနီးတွင် စောတပူး မောင်းနှင်ပြီး စောထွန်းလင်း(ခ)အထွန်း လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း။

ထို့အတူ မေ ၁၇ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မော်လမြိုင်မြို့ လှိုင်ရှမ်းစုရပ်ကွက် မြေနီကုန်း ကားဝင်းအတွင်းရှိ ကားဂိတ်တွင် လူမဲ့တန်ဆာဖြင့် မသင်္ကာဖွယ်တွေ့ရှိသည့် ငရုတ်သီးခြောက်များ ထည့်ထားသည့်



တင်အောင်၊ ဇော်ထွန်းအောင်(ခ)ထွန်းထွန်း၊ အောင်မျိုးထွန်း(ခ)အောင်ပုတို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

ဆာလာအိတ်ကို ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ကော့ကရိတ်မြို့၌ အမျိုးသားတစ်ဦးအား တူမီးသေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ မေ ၁၈ ရက်က အမျိုးသားတစ်ဦးအား တူမီးသေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၈ ရက် ည ၉ နာရီခွဲက လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ကော့ကရိတ်မြို့ (၅) ရပ်ကွက်အရှေ့က်၌ မြဝတီမြို့ဘက်မှ ကော့ကရိတ်မြို့ဘက်သို့ လှိုင်းဘွဲမြို့နယ် ကွမ်တာကျေးရွာနေ နိုင်သန်း(ခ) ကျော်သန်း(ခ) ကေးကေး(ခ) ကျော်ဝင်းထွန်း(၂၀နှစ်) မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ၎င်း၏ခန္ဓာကိုယ်၌ လွယ်ထားသည့် တူမီးသေနတ်တစ်လက်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ကော့ကရိတ်မြို့မရဲစခန်း (ပ)၅၁/၂၀၂၁၊ လက်နက်ဥပဒေပုဒ်မ ၁၉(စ)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



## ဆူပူအကြမ်းဖက်သူများက အပြစ်မဲ့ဒေသခံပြည်သူများကို ရိုက်နှက်သတ်ဖြတ်မှုများ လုပ်ဆောင်

**နေပြည်တော် မေ ၁၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် မြင်းချိုင့်ကွက်သစ်ရပ် မြို့ပြသီရိလမ်းနေ စစ်မှုထမ်းဟောင်းအငြိမ်းစား တစ်ဦးဖြစ်သူ ဦးဟန်အေး(ဘ) ဦးတင်အေး၏ နေအိမ်ကို မေ ၁၈ ရက် ည ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ဆူပူအကြမ်းဖက်သူ ၂၀ ခန့်က အိမ်တံခါးများ ချိုးဖျက်ဝင်ရောက်၍ နေအိမ်အတွင်းရှိ အသုံးအဆောင်ပစ္စည်းများကို ရိုက်ချိုးဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

**သွားရောက်စစ်ဆေး**

ဖြစ်စဉ်ဖြစ်ပွားရာ နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဦးဟန်အေးကို ၎င်းနေအိမ်၌ တွေ့ရှိရခြင်းမရှိဘဲ ဦးလေးဖြစ်သူ ဦးသိန်းဟန်(ဘ) ဦးအောင်မြတ်သည် ဆူပူ အကြမ်းဖက်သူများ၏ ရိုက်နှက်မှုကြောင့် ရရှိဒဏ်ရာများဖြင့် နေရာ၌ပင်သေဆုံးလျက်ရှိပြီး နေလင်းမောင် (ဘ)ဦးဝဲဆိုသူသည် ရရှိဒဏ်ရာများဖြင့် သတိလစ် မေ့မြောနေသည်ကို တွေ့ရှိရသဖြင့် ပခုက္ကူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေခဲ့ကြောင်း။

ဆက်လက်ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များက ယင်းနေအိမ်တစ်ဝိုက်ကို လိုက်လံရှာဖွေစစ်ဆေးခဲ့ရာ ဦးဟန်အေးကို ဆူပူ အကြမ်းဖက်သူများ၏ ရိုက်နှက်ဒဏ်ရာများဖြင့် နေအိမ်အနောက်ဘက်၌ ပြန်လည်တွေ့ရှိခဲ့ပြီး ၎င်းနှင့် ဇနီးဖြစ်သူတို့ကို လုံခြုံသောနေရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**စုံစမ်းစစ်ဆေး**

ထိုကဲ့သို့ အပြစ်မဲ့ဒေသခံပြည်သူများအား အကြောင်းမဲ့ ရိုက်နှက် သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည် ဟုယူဆရသူ အမျိုးသား ၁၆ ဦးကို ပခုက္ကူမြို့မရဲစခန်းတွင် ထိန်းသိမ်းထားရှိပြီး လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေတာရှည်မြို့နယ်၌ မော်တော်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်

**နေပြည်တော် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကမ်းပါးနီကျေးရွာအနီး မိုင်တိုင်အမှတ်(၁၆၆/၀-၁) ကြား၌ မေ ၁၈ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၈ ရက် နံနက် ၁၁ နာရီခွဲက ရန်ကုန်-မန္တလေး အမြန်လမ်းအတိုင်း နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ မလှိုင်မြို့နယ် ထနောင်းကိုင်းကျေးရွာနေ နှင်းအောင်(၃၅နှစ်)မောင်းနှင်ပြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့နေ ညီမင်းခန့်ပါ ၂၃ ဦး လိုက်ပါလာသော 4N/xxxx Nissan Artilas ယာဉ်အား မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် လယ်ကွင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် နှင်းအောင်နှင့်ညီမင်းခန့်ပါ ၂၃ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် နှင်းအောင်အား သာဂရအမြန် လမ်းမကြီးရဲစခန်း ယာဉ်(ပ)၉/၂၀၂၂၊ ရာဇသတ်ကြီးပုဒ်မ ၃၃၈/၃၃၇/၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် မေ ၁၉**

ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရန် ရည်ရွယ်၍ နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်ကာ သွေးထိုးလှုံ့ဆော်မှုများဖြင့် အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လျက်ရှိသည်။

**လက်လုပ်ဗုံးဖြင့်ပစ်ပေါက်**

ထိုသို့ ပြုလုပ်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက် သုဒဿနလမ်းရှိ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအနီးသို့ မေ ၁၈ ရက် ည ၇ နာရီ ၅ မိနစ်ခန့်တွင် ဆိုင်ကယ် စီးနင်းလာသည့် အမျိုးသား ၂ ဦးက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ပြီး လက်လုပ်ဗုံးသည် ရုံးရှေ့ရှိ ရေမြောင်းဘေးသို့ ကျရောက်ပေါက်ကွဲခဲ့သည်။

ထို့ပြင် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၆) ရပ်ကွက်ရှိ ဦးမြအောင် ပိုင်ဆိုင်သည့် ငွေဇင်ယော်ဆီနှင့် ကုန်မျိုးစုံရောင်းဝယ်ရေးဆိုင် အတွင်းသို့ ဆိုင်ကယ် ၁၀ စီးဖြင့် ဆူပူအကြမ်းဖက်သူ ၂၀ ခန့် ရောက်ရှိလာပြီး ဆိုင်အတွင်းရှိ ပစ္စည်းများကို ဆိုင်ရှေ့တွင် စုပုံပြီး မီးရှို့ဖျက်ဆီးခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်၍ မီးငြိမ်းသတ်ခဲ့ရသည်။


အဆိုပါ မီးရှို့ဖျက်ဆီးခဲ့မှုကို ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို လိုလားမှုမရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်ဖျက်ဆီးခဲ့သည့် အသွင်သဏ္ဌာန် ရေးသား၍ လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသဖြင့် ယင်းသို့ မဟုတ်မမှန် ရေးသားဖြန့်ဝေနေသူများနှင့် ဖြစ်စဉ်များတွင် ပါဝင်ကျူးလွန်သူများကို တရားဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**




မြင်းခြံမြို့ရှိ ငွေဇင်ယော်ဆီနှင့် ကုန်မျိုးစုံဆိုင်အား ဆူပူအကြမ်းဖက်သူများက ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅
(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။


## အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။ ဖုန်း-၀၉-၄၃၀၁၉၁၆၂၊ ၀၉-၄၃၀၂၇၃၃၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်) ဖုန်း- ၀၉-၄၂၀၁၁၄၀၀၅၊ ၀၉-၄၃၀၃၆၀၃၀၊ ၀၉-၄၂၀၁၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်) ဖုန်း- ၀၉-၅၁၆၆၅၄၃၊ ၀၉-၄၅၀၀၂၅၁၄၅၊ ၀၉-၄၂၀၁၃၆၉၆၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) ဖုန်း-၀၉-၂၀၅၁၆၈၃၊ ၀၉-၆၉၆၁၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ) ဖုန်း-၀၉-၂၅၄၄၃၆၆၁၀၊ ၀၉-၈၉၃၉၇၅၅၁၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်) ဖုန်း-၀၉-၂၅၀၂၀၄၆၅၁၊ ၀၉-၄၂၂၂၁၉၈၅၁
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ဖုန်း-၀၉-၆၈၇၉၀၂၇၃၇၊ ၀၉-၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား) ဖုန်း-၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး) ဖုန်း-၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး) ဖုန်း-၀၉-၉၇၅၃၂၈၆၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ) ဖုန်း-၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး) ဖုန်း-၀၉-၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး) ဖုန်း-၀၉-၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်) ဖုန်း-၀၉-၇၈၁၉၀၇၈၀၇

Email (သို့) Viber ဖြင့် ပေးပို့၍လည်း ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်-

မြန်မာ့အလင်း
mmalygn544@gmail.com
(+95)9420 114 005

ကြေးမုံ
newstest.ygn@gmail.com
(+95)951 66 543

တစ်လအတွင်း မြန်မာ့အလင်း ကျပ်(၅၀)သိန်း၊ ကြေးမုံ ကျပ် (၇၅)သိန်းဖိုးနှင့်အထက် ကြော်ငြာပြီး

5% Discount

အမြန်ဆုံး ရယူလိုက်ပါ

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်–

(က) **၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၀–၄–၂၀၂၁** ရက်နေ့မှ စတင်၍ **၄–၆–၂၀၂၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်–

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၂၁ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇–၆–၂၀၂၁** မှ **၂၈–၆–၂၀၂၁** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/–** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/–** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/–** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်–

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဘုရား၊ ရဟန်း၊ သံလျင်တောရ ကျောင်း ဒါယကာကြီး

## ဦးအောင်မောင်း

### ပျော်ဘွယ်မြို့

### အသက်(၉၃)နှစ်

ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်အောင်ရပ်ကွက်၊ သံလျင်တောရကျောင်း ဒါယိကာမကြီး (ဒေါ်ခင်လာ)၏ခင်ပွန်း၊ သံလျင်ကျောင်းဆရာတော် ဦးတိလောက၏ ခမည်းတော်၊ ဒေါ်မမလေး (အထပြ၊ ငြိမ်း)၊ ဒေါ်မမအေး၊ ရွှေ့နေ ဦးငွေအောင်–ဒေါ်ဝင်းဝင်းအေး၊ ဒေါ်ယုယုငွေ(ယုဘက်ထရီ)၊ ဦးသက်ဦး၊ ဒေါ်သူဇာဝင်း (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)တို့၏ ဖခင်သည် ၁၁–၄–၂၀၂၁ ရက် နံနက် ၅:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူသားသမီးများ**

**ယုဘက်ထရီ မိသားစု (ပျော်ဘွယ်မြို့)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်မှ ၂၀၂၀–၂၀၂၁ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်ရွယ်စုံ၊ သဲ၊ ကျောက်ရောမြေ၊ ဒီဇယ်ဆီ၊ ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်းလုံးရွယ်စုံနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| | **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** | - | ၃/၂၀၂၀–၂၀၂၁ |
| (၁) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၂၆–၄–၂၀၂၁ရက်(တနင်္လာနေ့)မှ ၁၄–၅–၂၀၂၁(သောကြာနေ့)အထိ |
| (၂) | **တင်ဒါလျှောက်လွှာရောင်းချ/ တင်သွင်းရမည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ ဖုန်း–၀၈၂–၅၀၅၁၅၊ ၀၉–၄၀၃၇၆၅၅၅၁ |
| (၃) | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - | ၁၄–၅–၂၀၂၁(သောကြာနေ့)၊ ညနေ ၁၆:၃၀နာရီ |
| (၄) | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၁၇–၅–၂၀၂၁ရက် (တနင်္လာနေ့)နံနက် (၁၀:၀၀)နာရီ |
| (၅) | **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ |

အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ အမှတ်(၉)ရပ်ကွက်၊ နယ်မြေ(၁၀)၊ အကွက်အမှတ် (၃–ဂ/ဘူတာရုံကွက်)၊ ဦးပိုင် (၇၂)၊ ဧရိယာ(၀ဒသမ၁၃၆)ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၁၅၄–၅/၂၀၁၂–၂၀၁၃(A)ဖြင့် ဦးကျော်ဆန်းဦး အမည်ပေါက်မြေဖြစ်ပြီး (၂၄–၈–၂၀၂၀)ရက်တွင် ဒေါ်သီဂီလွင် ၁၃/နမတ (နိုင်)၀၀၅၄၇၄ သို့ အထူးကိုယ်စားလှယ်လွှဲအပ်ချက်အရ ၁၈–၉–၂၀၂၀ရက် အရောင်းအဝယ်စာချုပ်အမှတ် (၃၃၈၁/၂၀၂၀)ဖြင့် ဒေါ်စောနန်းလွင် ၁၃/နမတ(နိုင်)၀၀၅၄၇၃ သို့ တရားဝင်လွှဲပြောင်းရောင်းချပြီးဖြစ်၍ အမည်ပြောင်း လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက (၂၀)ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ကျွန်မ ဒေါ်နန်းယင်းမာ ၁၃/နမတ(နိုင်)၀၃၇၂၁၀ အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၄၈/U–10)၊ မြေကွက်အမှတ်(၁၉၅)၊ အကျယ်အဝန်း(ပေ၈၀xပေ၆၀)ရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်မှာ ယခုအချိန်အထိ ပိုင်ဆိုင်မှု အရှုပ်အရှင်းမရှိ၊ တရားရုံးတစ်ခုခုတွင် အမှုအခင်းတစ်စုံတစ်ရာ အငြင်းပွားမှုမရှိဘဲ ကျွန်ုပ်၏ မိတ်ဆွေဒေါ်နန်းယင်းမာ ၁၃/နမတ(နိုင်)၀၃၇၂၁၀ တစ်ဦးတည်းသာလျှင် လက်ရောက်ရယူပိုင်ဆိုင်ထားပြီး၊ ပိုင်ရှင်အဖြစ် စီမံခန့်ခွဲလျက်ရှိသော မြေကွက်ဖြစ်ပါသည် ဖော်ပြပါမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်နှင့် ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်း သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံထားခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့သည် တရားမဝင် ပျက်ပြယ်ပါကြောင်းနှင့် ထိုသို့ ပြုလုပ်သည်ကို သိရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူပေးရန် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဝင့်စန္ဒီအောင်**
**အထက်တန်းရှေ့နေ (စဉ်–၃၁၁၄၆)**
**အမှတ်(၃၇၉)၊ သစ္စာ(၉)လမ်း၊ ၃၉/Aရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း–၀၉–၇၉၅၆၈၂၉၅၄**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်း လာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများ ကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅–၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်း မျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါး လုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

## ဦးလှကျော်

### အထွေထွေ မန်နေဂျာ (သစ်တောဖက်စပ်)

### (အငြိမ်းစား)

### အသက်(၈၅)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၇(အေ)လမ်း၊ ၅၇x၅၈ လမ်းကြား၊ အမှတ် ၆၀/၁၀နေ (ဒေါ်သောင်းသောင်းရီ)၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးဝင်းကို–ဒေါ်မာလာလှိုင်၊ ဩစတြေးလျနိုင်ငံနေ ဦးရဲထွန်း–ဒေါက်တာအေးအေးမွန်၊ မန္တလေးမြို့နေ ပါမောက္ခ ဒေါက်တာဦးကျော်နိုင်–တွဲဖက်ပါမောက္ခ ဒေါက်တာမြမြမွန်တို့၏ ချစ်လှစွာသောဖခင်၊ မအေးမြတ်မွန်၊ မလွင်ရည်မွန်တို့၏အဘိုးသည် ၁၉–၄–၂၀၂၁ ရက် (တနင်္လာနေ့) နံနက် ၅:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၄–၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် မန္တလေးမြို့၊ ရဲမွန်တောင်အရပ်နေအိမ်မှ တောင်အင်းမြောက်အင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဦးအီဗရာဟင်(ခ)ဦးစောအောင်

### အသက်(၇၁)နှစ်

စစ်ကိုင်းမြို့၊ မင်းလမ်းရပ်နေ [ဦးတင်ဖေ (တင်ဝင်း ကဖေး)–ဒေါ်မမကြီး]တို့၏သား (ဦးအိုင်ဘက်–ဒေါ်ဇိုင်ကွန်)တို့၏ သားသမက်၊ (ဦးဘိုးတန်)–ဒေါ်ခင်စန်းမြင့်၊ ဦးစောဝင်း– ဒေါ်ချိုလေး၊ ဦးထွန်းထွန်း– ဒေါ်ညိုလေးတို့၏ အစ်ကိုကြီး၊ ဦးအောင်ဝင်းထွန်း –ဒေါ်ကေသင်းခိုင်တို့၏ဖခင်၊ မသွန်းဆက်ဝင်းလှဲ့၊ အေးသဒ္ဒါလှဲ့တို့၏အဘိုး၊ ဒေါ်သင်းသင်းခိုင်၏ ခင်ပွန်းသည် ၁၃–၄–၂၀၂၁ရက် (အင်္ဂါနေ့)ည ၇:၃၀နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၄–၄–၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ဇိုဟိုရ်နမာဇ်အပြီး မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းမြို့ အေးငြိမ်းမြေကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ မိသားစု

## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် အထောက်အပံ့ပေးရန်အတွက် လိုအပ်သောပစ္စည်းများကို ဝယ်ယူရန် အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံ စတင် ထုတ်ယူရမည့်အချိန်** | - | ၂၀–၄–၂၀၂၁ ရက်၊ နံနက်(၁၀)နာရီ |
| | **တင်ဒါပုံစံများ နောက်ဆုံးလာယူရမည့်ရက်** | - | ၂၃–၄–၂၀၂၁ ရက်၊ ညနေ (၃)နာရီ |
| | **တင်ဒါပိတ်မည့် ရက်နှင့်အချိန်** | - | ၃၀–၄–၂၀၂၁ ရက်၊ ညနေ (၃)နာရီ |
| | **တင်ဒါပုံစံများကို ထုတ်ယူရမည့်နေရာ** | - | ထောက်ပံ့၊ ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဌာန မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ အမှတ်–၄၂ ကမ်းနားလမ်း၊ စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိရန် ဖုန်း–၀၁–၃၉၂၀၂၈၊ ၃၉၂၀၂၉၊ ၃၉၂၀၃၀ (လိုင်းခွဲ–၁၁၉)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

**အကောင်းကြိုက်သူများအတွက်**

**သန့်**

စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ ပဲဆီမွှေး၊ ရှမ်းဆန်၊ ဘာစမာတီ၊ ဆန်မျိုးစုံ ရွေးချယ်သန့်စင်ပြီး (စပ်ချက်)ဆန်များကိုအိမ်အရောက်ပို့ပေးပါသည်၊ ယနေ့မှာလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်၊ (ပိတ်ရက်မရှိပါ။) ဆန်သားနှင့် ထမင်းအား နှစ်သက်မှုမရှိပါက တပါတ်အတွင်း ပြန်လည်လဲလှယ်ပေးပါမည်၊

**ရွှေဘိုပေါ်ဆန်းမွှေး "အသစ်" ရပြီ**

ဘုရင့်နောင်ပွဲရုံမျက်နှာစာတန်း၊ ဘုရင့်နောင်လမ်းမကြီး။

Ph: 09 443249922, 09 443249933, 013 681209, 013 681504, 013 682934

## ဥတုရာသီ တောကိုမီ

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်–

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြု လိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်း ကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြု ခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည် တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြု ခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင် လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထား ခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင် ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထား ရှိခြင်းများမပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှ ထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိ လူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာလေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်း ရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေ ရန် မီးသတ်ရေပုံး ထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်−

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် မဲရုံ ၁၀၁ ရုံ | ၁၁၃၆၆၉ | ၁၀၀၄၄၈ | ၂၉၄၁၆ | ၇၃၆ | ၉၁၃၂ |
| ၂ | မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မဲရုံ ၁၄၂ ရုံ | ၁၁၁၇၀၇ | ၈၁၁၆၃ | ၈၃၀၆ | ၆၈၉ | ၁၁၅၇၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၄၃၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၄၆၈၄၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၆၃၈၀၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၀၄၆၅၊ မြေပြင်လက်ကျန် ၆၅၆၈၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၆၀၄၆ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၂၇၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်−

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | သပိတ်ကျင်းမြို့နယ် | ၁၀၁ | ၁၁၈၉၉၅ | ၈၁၁၁၅ | ၃၇၈၈၀ | ၃၀၅၇၂ | ၇၆၇၈ | ၃၇၀ |
| ၂ | ငါန်းဇွန်မြို့နယ် | ၁၄၂ | ၁၂၇၈၅၀ | ၈၅၂၆၅ | ၄၂၅၈၅ | ၃၅၁၁၇ | ၈၃၆၈ | ၉၀၀ |
| | စုစုပေါင်း | ၂၄၃ | ၂၄၆၈၄၅ | ၁၆၆၃၈၀ | ၈၀၄၆၅ | ၆၅၆၈၉ | ၁၆၀၄၆ | ၁၂၇၀ |

စာမျက်နှာ ၁၀ ကော်လံ ၁ ❐

# ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များတွင် မှန်ကန်မှုမရှိသည့် သေဆုံးမှုစာရင်းများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နိုင်ငံ့တာဝန်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူပြီးနောက်ပိုင်း ဒီမိုကရေစီယဉ်ကျေးမှုအရ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှု (Peaceful Protests) များသည် တရားမဝင် ဖွဲ့စည်းထားသော CRPH ၊ NLD ပါတီဝင်များနှင့် ၎င်းတို့အား ဝန်းရံထောက်ခံသူ အစွန်းရောက်များ၏ ဦးဆောင်ပါဝင်မှု၊ နောက်ကွယ်မှကြိုးကိုင်လှုံ့ဆော်မှုများကြောင့် လက်နက်ကိုင် အကြမ်းဖက်ဆူပူအုံကြွမှု (Insurrection) အဆင့်မှ အကြမ်းဖက် အဖျက်လုပ်ရပ်များ (Terrorist Acts)အထိ လုပ်ဆောင်လာသည်ကို တွေ့မြင်ရပါသည်။

ထိုသို့အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရာတွင် အချို့မြို့ကြီးများ၌လမ်းများကိုအခိုင်အမာပိတ်ဆို့၍အတားအဆီးများချထားခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ရယူပြီး ရဲစခန်းများ၊ တပ်ဌာနချုပ်များ၊ အုပ်ချုပ်ရေးမှူးရုံးများ၊ စာသင်ကျောင်းများ၊ အရပ်ဘက် စီးပွားရေးဆိုင်ရာအဆောက်အအုံများ၊ အများပြည်သူ သွားလာနေသည့် နေရာများနှင့် အပြစ်မဲ့ပြည်သူများ၏နေအိမ်များကို လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်လုပ်ဗုံးများ၊ မီးကွင်း၊ မီးပုလင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကြောင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေလျက်ရှိပါသည်။

NLD ပါတီဝင်များနှင့် ဝန်းရံထောက်ခံသူအစွန်းရောက်များသည် ဖေဖော်ဝါရီလ ၁ ရက်မှ ဧပြီလ ၁၅ ရက်အတွင်း ရဲစခန်း ၆၃ ခု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ၆၂ ရုံး၊ ရုံးဌာန ၅၂ ရုံး၊ လမ်းတံတား ၁၆ ခု၊ ဘဏ် ၁၃ ခု၊ စာသင်ကျောင်းနှင့် အခြားအဆောက်အဦနေရာ ၁၀၅ ခု တို့ကို မီးပုလင်းများ၊ မီးကွင်းများ၊ လက်လုပ်ဗုံးများ၊ လက်လုပ်မိုင်းများနှင့် ပစ်ပေါက်၍ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည့်အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ စက်မှုဇုန်များ၊ ရွှေပြည်သာစက်မှုဇုန်များနှင့် အင်းစိန်မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံ ၁၃ ရုံတို့ကို မီးရှို့ဖျက်ဆီးခဲ့ကြပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❍


## အိန္ဒိယနိုင်ငံတွင် ကိုဗစ် −၁၉ ကူးစက်ခံရသူပေါင်း ၁၅ သန်းကျော်ရှိပြီဖြစ်

စာ − ၁၃

## ကိုဗစ်−၁၉ ကာလနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်မှု

နိုင်ငံတကာရေးရာ စာ − ၁၄

# ရလဒ်များဆိုးရွားနေသည့်အတွက် မော်ရင်ဟိုကို နည်းပြအဖြစ်မှ စပါးအသင်း ထုတ်ပယ်



ပရီမီယာလိဂ်ကလပ် စပါးအသင်းသည် အသင်းတွင် ၁၇ လကြာ တာဝန်ယူပြီးနောက် မော်ရင်ဟိုကို အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ စပါးအသင်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ပိုချက်တီနို၏နေရာကို ပေါ်တူဂီလူမျိုး နည်းပြ မော်ရင်ဟိုဖြင့် အစားထိုး ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုသည် ပြီးခဲ့သည့်ဘောလုံးရာသီ ပြီးဆုံးချိန်တွင် စပါးအသင်းကို အဆင့် (၆) နေရာတွင် ရပ်တည်နိုင်အောင် ကူညီပေးထားနိုင်သူဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီပြီးဆုံးခါနီးတွင် စပါးအသင်းကို အဆင့် (၇) နေရာတွင်သာ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးထားနိုင်သူ ဖြစ်သည်။ ထို့အပြင် မော်ရင်ဟိုသည် ပြီးခဲ့သည့် လိဂ် သုံးပွဲတွင် နှစ်မှတ်သာရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ မော်ရင်ဟို၏ စပါးအသင်းသည် ပြီးခဲ့သည့် မတ်လတွင် ယူရိုပါလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသော်လည်း ဧပြီ ၂၅ ရက်တွင် ကာရာဘောင်ဖလား ဗိုလ်လုပွဲအဖြစ် မန်စီးတီးအသင်းနှင့် ရင်ဆိုင်သွားရမည်ဖြစ်သည်။

စပါးအသင်းသည် မော်ရင်ဟိုကို မထုတ်ပယ်မီ ဧပြီ ၁၇ ရက်က နောက်ဆုံးကိုင်တွယ်ခဲ့သည့် အဲဗာတန်အသင်းနှင့် ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ စပါးအသင်းသည် လက်ရှိ ပရီမီယာလိဂ် ၃၂ ပွဲကစားပြီး ရမှတ် ၅၀ ရရှိထားပြီး

စာမျက်နှာ ၁၁ ကော်လံ ၃ ❖